# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၇၉ ခုနှစ်၊ ဝါဆိုလကွယ်နေ့ | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၆)၊ အမှတ်(၂၉၃)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ ပြန်လည်ထွက်ခွာ

**ဆိုးလ် ဇူလိုင် ၂၂**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၁ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဂျွန် အက်ဖ် ကနေဒီ (John F Kennedy) အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကိုရီးယား လေကြောင်းလိုင်းဖြင့် ထွက်ခွာရာ ဇူလိုင် ၂၂ ရက် ဒေသစံတော်ချိန် ည ၇ နာရီ မိနစ် ၅၀ တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဒုတိယသမ္မတဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်နှင့် တာဝန်ရှိသူများက အင်ချွန်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် စင်ကာပူ လေကြောင်းလိုင်းဖြင့် စင်ကာပူမြို့သို့ထွက်ခွာပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်** (သတင်းစဉ်)

# ကရင်ပြည်နယ်ရှိ အိန္ဒု-ဇာသပြင် ကားလမ်း နှစ်လမ်းမောင်းချဲ့



**ခရမ်း-စိုးမြင့်**

**ဘားအံ ဇူလိုင် ၂၂**

ကရင်ပြည်နယ်၌ ယခင်က ကားလမ်း ၄၀လမ်းရှိပြီး မိုင်ပေါင်း ၁၁၂၅ မိုင် ၅ ဖာလုံရှိရာမှ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ ပူးပေါင်းကြိုးပမ်းမှုဖြင့် ယခုအခါ ကားလမ်းမိုင်ပေါင်း ၁၂၂၀ ကျော်အထိ ရှိလာပြီဖြစ်သည်။

ထိုသို့ တိုးတက်လာသော ကားလမ်းများထဲတွင် ဘားအံခရိုင် အိန္ဒု-ဇာသပြင် ကားလမ်းလည်း တစ်လမ်းအပါအဝင်ဖြစ်ပြီး အိန္ဒုမှ ဇာသပြင်အထိ ၁၅ မိုင်ကို မူလလမ်း ၁၂ ပေအကျယ်မှ ၂၄ ပေချဲ့၍ ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ပြည်နယ်အစိုးရအဖွဲ့နှင့်


*စာမျက်နှာ ၃ ကော်လံ ၁ ➔*


**ဆေးဝါးစက်ရုံ(အင်းစိန်)မှ ဆေးပြား၊ ဆေးတောင့်ထုတ်လုပ်မှု အဆောက်အအုံသစ်ဖွင့်လှစ်**


စာ » ၅



**မန္တလေးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်ခြင်းကြောင့် စိုက်ဧက တစ်သောင်းကျော် ပျက်စီး**


စာ » ၉


**အိမ်ဖြူတော်ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ် ရှောင်စပိုက်ဆာ ရာထူးမှနုတ်ထွက်**


စာ » ၁၀





မြန်မာ့အလင်း

# စပါးအစိုဓာတ် စံချိန်စံညွှန်း သတ်မှတ်ပြဋ္ဌာန်းရေး

ဖဆပလအဖွဲ့ချုပ် ဒုတိယမြောက် ဗဟိုအဖွဲ့ချုပ်အစည်းအဝေး (၁၉၄၆ ခုနှစ်၊ မေလ ၁၆ ရက်) မိန့်ခွန်း၌ ဗိုလ်ချုပ်အောင်ဆန်း ရည်ညွှန်းပြောကြားခဲ့ပြီး ယနေ့ထက်တိုင် မဖြေရှင်းနိုင်သေးသော ကိစ္စတစ်ရပ်အကြောင်းကို တင်ပြလိုပါသည်။ စံကိုက် တင်းတောင်းဥပဒေကို စနစ်တကျကျင့်သုံးဆောင်ရွက်ရန်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းက လယ်ယာမြေပြဿနာဆိုင်ရာ ဖဆပလအဖွဲ့ချုပ်ဆုံးဖြတ်ချက်အရ စံကိုက် တင်းတောင်းဥပဒေကို စနစ်တကျ ကျင့်သုံးဆောင်ရွက်ရန် ပြောကြားခဲ့ခြင်း ဖြစ်သည်။

စံချိန်စံညွှန်းသတ်မှတ်ချက်အရ စပါးတစ်တင်းကို ၄၆ ပေါင် သတ်မှတ်ထားသော်လည်း ဈေးကွက်၌ စပါးတစ်တင်းကို အနိမ့်ဆုံးပေါင် ၅၀ နှုန်းဖြင့် ဝယ်ယူနေခဲ့သည်မှာ ကာလရှည်ကြာနေခဲ့ပြီဖြစ်ပါသည်။ အဆိုပါ အလေ့အကျင့်သည် စစ်ကိုင်းတိုင်းဒေသကြီးကဲ့သို့သော တချို့ဒေသများမှလွဲ၍ တစ်နိုင်ငံလုံး၌ ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးလျက်ရှိသော အလေ့အကျင့် ဖြစ်ပါသည်။ တောင်သူလယ်သမားတို့က စပါးတစ်တင်းလျှင် အနိမ့်ဆုံး လေးပေါင်နစ်နာသော သဘောဖြစ်ပါသည်။ အကြမ်းဖျင်းအားဖြင့် တောင်သူလယ်သမားတို့သည် ရောင်းချလိုက်သည့် စပါးတို့အပေါ် တစ်ဆယ်ရာခိုင်နှုန်းခန့် နစ်နာဆုံးရှုံးနေပါသည်။ ဤကဲ့သို့ စံချိန်စံညွှန်းသတ်မှတ်ချက်ထက် လျော့ပေါ့ဝယ်ယူခြင်း၌ ကုန်သည်ပွဲစားတို့က စပါးအစိုဓာတ်ကို အကြောင်းပြချက်တစ်ရပ်အဖြစ် ပေးလေ့ရှိပါသည်။

သို့ဖြစ်၍ တောင်သူလယ်သမားတို့၏ နစ်နာဆုံးရှုံးမှုကာကွယ်ရေး၌ စပါးအစိုဓာတ်ကို တိတိကျကျ တိုင်းတာနိုင်ရေးသည် အရေးကြီးသော လိုအပ်ချက်ဖြစ်လာပါသည်။ ဤသို့သော အခြေအနေ၌ စပါးအစိုဓာတ်စမ်းသပ်သည့် ပင်မဓာတ်ခွဲခန်းကြီးအား ၂၀၁၈ ခုနှစ် မေလနှင့် ဇွန်လအတွင်း ဖွင့်လှစ်ရန်စီစဉ်လုပ်ကိုင်နေခြင်းသည် မင်္ဂလာသတင်းကောင်းဖြစ်ပါသည်။ ဤစပါးအစိုဓာတ်စမ်းသပ်သည့် ပင်မဓာတ်ခွဲခန်းကြီးကို ပညာရေးဝန်ကြီးဌာနအောက်ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနက တာဝန်ယူဆောင်ရွက်သွားမည်ဟု သိရှိရပါသည်။ ဂျပန်နိုင်ငံ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ အကူအညီဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ အဆိုပါ ပင်မဓာတ်ခွဲခန်းကြီးက မြန်မာနိုင်ငံအနှံ့အပြားတွင် အသုံးပြုလျက်ရှိသော အစိုဓာတ်တိုင်းကိရိယာတို့၏ စံချိန်စံညွှန်းကို သတ်မှတ်ပြဋ္ဌာန်းပေးမည်ဖြစ်ပါသည်။ ဤကဲ့သို့ စံချိန်စံညွှန်းသတ်မှတ်ချက်မရှိပါက အစိုဓာတ်တိုင်းကိရိယာအပေါ်မူတည်၍ အစိုဓာတ်အနည်းအများဖော်ပြချက်တို့ ကွဲလွဲနေမည်ဖြစ်ပါသည်။ အဆိုပါ ကွဲလွဲချက်တို့အပေါ်အားပြု၍ လိမ်ညာဝယ်ယူမှုများဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ဖွင့်လှစ်တော့မည့် စပါးအစိုဓာတ်တိုင်းတာရေး ပင်မဓာတ်ခွဲခန်းကြီးသည် အမျိုးသားစံချိန်စံညွှန်းတစ်ရပ် သတ်မှတ်ပြဋ္ဌာန်းပေးမည်ဖြစ်ပါသည်။

တောင်သူလယ်သမားတို့၏ ဝင်ငွေမြင့်မားမှုသည် ကျေးလက်ဒေသ ဆင်းရဲမွဲတေမှု လျှော့ချရေးကို တွန်းအားပေး ဖြစ်ပေါ်စေပါသည်။ မျိုးဆက်သစ်လူငယ်တို့၏ ပညာရေးမြင့်မားမှုနှင့် ကျန်းမာရေးကောင်းမွန်မှုတို့ကို ဖန်တီးပေးပါသည်။ တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန်ကို မြင့်မားစေပါသည်။ ဤသို့သော ကောင်းကျိုးတို့ကို ဖြစ်ပေါ်စေသည့် စပါးအစိုဓာတ်စံချိန်စံညွှန်း သတ်မှတ်ပြဋ္ဌာန်းရေး ကြိုးပမ်းမှုတို့ကို ကြိုဆိုဂုဏ်ပြုကြောင်း ဖော်ပြအပ်ပါသည်။ ။

## လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်ငွေများပေးအပ်

ပြည် ဇူလိုင် ၂၂

လုပ်ငန်းခွင်တွင် ထိခိုက်သေဆုံးခဲ့သော ပြည်မြို့ သစ်လုပ်ငန်းဒေသရုံးမှ အာမခံအလုပ်သမား ဦးနေမင်းစိုး၏ ကျန်ရစ်သူမိသားစုအတွက် ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်ငွေများပေးအပ်ခြင်း အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် ပြည်မြို့နယ် လူမှုဖူလုံရေးအဖွဲ့ရုံး၌ ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးခွန်စံရင်က အလုပ်သမားအာမခံနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်က ကွယ်လွန်သူ အာမခံအလုပ်သမား ဦးနေမင်းစိုး၏ဇနီး ဒေါ်ဝါဝါ အား ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၄၅ သိန်းတိတိ ပေးအပ်ခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

# ရခိုင်ပြည်နယ်၌မွေးစမှ အသက်ငါးနှစ်ထိ ကလေးများကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေး

**စစ်တွေ ဇူလိုင် ၂၂**

ရခိုင်ပြည်နယ်အတွင်း၌ မြို့နယ်ရပ်ကွက်ကျေးရွာအသီးသီးရှိ မွေးကင်းစမှအသက် ၅ နှစ်အထိ ကလေးပေါင်းသုံးသိန်းခုနှစ်သောင်းကျော်ကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပေးနေကြောင်း သိရသည်။ ထိုသို့တိုက်ကျွေးပေးရာတွင် ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိအား ပထမအကြိမ်အဖြစ် လည်းကောင်း၊ ဩဂုတ် ၂၁ ရက်မှ ၂၅ ရက်အထိအား ဒုတိယအကြိမ်အဖြစ်လည်းကောင်း ဆေးတိုက်ကျွေးပေးမည့်ရက်များ သတ်မှတ်ပြီး ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးပေးခြင်းဖြစ်သည်။



ဒုတိယအကြိမ် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးရာတွင် ပိုလီယိုကာကွယ်ဆေး ထိုးဆေး (IPV) ကိုလည်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း စစ်တွေမြို့ မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သားဖွား ဆရာမ ဒေါ်သန်းကြည်ကပြောသည်။

ရခိုင်ပြည်နယ်တွင် ပိုလီယိုအရိုင်းပိုးကို ၁၉၉၉ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၇ ခုနှစ်များတွင် တွေ့ရှိခဲ့သည်။ ထို့နောက် ၂၀၁၅ ခုနှစ် ဧပြီလတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ကာကွယ်ဆေးမှ အသွင်ပြောင်းလာသော ပိုလီယိုရောဂါပိုးကို တွေ့ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါပိုးကို ပထမဆုံးတွေ့ရှိရာဒေသနှင့် နောက်ဆုံးတွေ့ရှိရာ ဒေသသည် ရခိုင်ပြည်နယ်ဖြစ်သည်။ ယင်းကြောင့် ပိုလီယိုရောဂါပိုး လုံးဝကင်းစင်စေရန်အတွက် အဓိကအလေးထားဆောင်ရွက်ပေးရမည့်ဒေသလည်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံမှ ပိုလီယိုရောဂါဆိုးကြီးလုံးဝကင်းစင်စေရေးအတွက် လစဉ်ဆောင်ရွက်ပေးနေသော ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းအပြင် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ၊ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များနှင့် အိမ်တိုင်ရာရောက် ကောက်သင်းကောက်ကာကွယ်ဆေးတိုက်ရေး အစီအစဉ်များဆောင်ရွက်ကာ ပိုလီယိုကာကွယ်ဆေးများကို တိုက်ကျွေးပေးခဲ့သည်။ သို့သော်လည်း မောင်တောမြို့နယ်၌ ၂၀၁၅ ခုနှစ်တွင် အသွင်ပြောင်း ပိုလီယိုရောဂါပိုးကို နောက်ဆုံးတွေ့ရှိခဲ့ရာ မြန်မာနိုင်ငံတွင်ပိုလီယိုရောဂါပိုး လုံးဝကင်းစင်စေရေးအတွက် ရခိုင်ပြည်နယ်၌ ပိုလီယိုကာကွယ်ဆေးကို အပိုဆောင်းနှစ်ကြိမ်တိုက်ကျွေးပေးရခြင်းဖြစ်ကြောင်း ရခိုင်ပြည်နယ် ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီဟအောင်ကပြောသည်။

**လေးဝတီထွန်းစောခိုင်**

ထင်သာမြင်သာပြုပြင်စရာ

# ပြင်ဦးလွင်မြို့ရှိ သမိုင်းဝင်ရှေးဟောင်းဥရောပပုံစံ အဆောက်အအုံများအား ထိန်းသိမ်းရန်လိုအပ်

ပြင်ဦးလွင်မြို့ကို ၁၈၉၆ ခုနှစ်တွင် တောင်စခန်းမြို့အဖြစ် စတင်တည်ဆောက်ပြီးသည့်နောက် မြို့ပြစီမံကိန်းတွင် ဥရောပပုံစံအဆောက်အအုံများကို စနစ်တကျတည်ဆောက်လာကြသည်။ အဆိုပါ အဆောက်အအုံများသည် ယခုအခါ နှစ်ပေါင်းတစ်ရာ ကျော်ခဲ့ပြီဖြစ်ရာ မြို့၏ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများအဖြစ် မှတ်တမ်းဝင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင်ရှိ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများထဲတွင် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ဟူ၍ နှစ်မျိုးနှစ်စားရှိရာ ယခုအခါ ပုဂ္ဂလိကပိုင်အဆောက်အအုံတချို့ကို ပိုင်ရှင်များက ဖြိုဖျက်၍ အသစ်တည်ဆောက်မှုများရှိလာသောကြောင့် ရှေးဟောင်းအဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်းနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။

"ပြင်ဦးလွင်မြို့ကိုလာကြတဲ့ ကမ္ဘာလှည့်ခရီးသည်အများစုက ဒီမြို့ရဲ့ တောတောင်၊ ရေမြေ ရာသီဥတုကို ကြိုက်နှစ်သက်ကြလို့တစ်ကြောင်း၊ အရင်ကတည်းက ပြင်ဦးလွင်မြို့ကို ဒုတိယအင်္ဂလန်လို့ သတ်မှတ်ထားတာကြောင့် မြို့ပေါ်မှာရှိနေတဲ့ ဥရောပပုံစံရှေးဟောင်း အဆောက်အအုံကြီးတွေကို ပြန်လည်လေ့လာကြည့်ရှုချင်ကြတဲ့ ရည်ရွယ်ချက်တွေနဲ့ ဒီမြို့ကို လာရောက်လည်ပတ်ကြတာများတယ်။ ကမ္ဘာလှည့် ခရီးသည်တွေကို ဆွဲဆောင်မှုပေးနေတဲ့ ရှေးဟောင်းအိမ်ကြီးတွေကို ပြင်ဆင်ကြတာတို့၊ ဖြိုဖျက်ပြီးအသစ်တည်ဆောက်တာတို့ လုပ်လာကြရင် မြို့အတွက် နစ်နာမှုတွေရှိနိုင်သလို နိုင်ငံအတွက်လည်း ဆုံးရှုံးမှုတွေဖြစ်လာနိုင်တယ်။ ဒါကြောင့် ဒါမျိုးတွေကို တားဆီးသင့်တယ်" ဟု ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ပြင်ဦးလွင်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမှ အချိန်မီတားမြစ်မှုမရှိပါက အဖိုးတန်ရှေးဟောင်းအဆောက်အအုံများ တဖြည်းဖြည်း နည်းပါးလာနိုင်ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

## ဒေသအလိုက် မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဒေသအလိုက် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ လည်းကောင်း မိုးကြီးနိုင်သည်။ (မိုး/ဇလ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၂-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၆၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၇၄ | ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၈ | ·၃၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၆၄၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၂၅ |
| တရုတ် | တစ်ယွမ် | ၂၀၂ | ·၃၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ | ·၆၇ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး အငြိမ့်ပြိုင်ပွဲများ တွဲဖက်ကျင်းပသွားမည်



**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာ့ဒီမိုကရေစီ ရုပ်ရှင်ပွဲတော်ကို စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖျော်ဖြေရေးအနေဖြင့် အငြိမ့်ပြိုင်ပွဲများတွဲဖက်၍ ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲ ကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါ အစည်းအဝေးကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ ယနေ့ညနေပိုင်းက ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်သည်။ **(ယာပုံ)**

အစည်းအဝေးတွင် ဒါရိုက်တာသူရ(ခ)ဦးဇာဂနာက အငြိမ့်ပြိုင်ပွဲများကို မန္တလေးမြို့သာမက ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မြင်းခြံ၊ မုံရွာ၊ ရွှေဘိုစသဖြင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ကို ရန်ကုန်သာမက မော်လမြိုင်၊ ပုသိမ်၊ ပြည် စသဖြင့် ဖိတ်ကြားရန် စီစဉ်ထားကြောင်းနှင့် ရန်ကုန်နှင့်မန္တလေးမြို့တို့၌ ဩဂုတ် ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် တစ်ပြိုင်တည်း ပဏာမလူရွေးချယ်သွားမည်ဖြစ်ပြီး အထက်မြန်မာပြည်အတွက် သုံးဖွဲ့နှင့် အောက်မြန်မာပြည်အတွက် သုံးဖွဲ့ စုစုပေါင်း ခြောက်ဖွဲ့ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ နောက်ဆုံးအဆင့်တက်လာသည့် အဖွဲ့များမှ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု သုံးဆုအပြင် အကောင်းဆုံး လူရွှင်တော်၊ အကောင်းဆုံးမင်းသမီး၊ အကောင်းဆုံးဆိုင်းအဖွဲ့နှင့် ပရိသတ်ရွေးချယ်သည့် အကောင်းဆုံးအဖွဲ့ဆုစသဖြင့် ဆု ၁၀ ဆုချီးမြှင့်ရန် လျာထားကြောင်းပြောကြားသည်။

ထို့နောက် မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော်တွင် အငြိမ့်ပြိုင်ပွဲနှင့် ရုပ်ရှင်၊ သဘင်၊ ဂီတပဒေသာကပွဲဖြစ်မြောက်ရေး တာဝန်ခံဒါရိုက်တာ မောင်သီက အငြိမ့်ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်သော သီချင်းနှင့် ပြက်လုံးများ ဖြစ်ရမည်။ ဘာသာရေး၊ တိုင်းရင်းသားရေး၊ လူမျိုးရေး၊ ပုဂ္ဂိုလ်ရေးကို ထိခိုက်စေသော ပြက်လုံး၊ အပြောအဆို၊ အပြုအမူများ မပါစေရ။ တစ်ဖွဲ့တွင် မင်းသမီးတစ်ဦးနှင့် လူရွှင်တော်သုံးဦးမှ ငါးဦးအထိ ပါဝင်ရန်စသဖြင့် ပြိုင်ပွဲအတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်များ၊ အမှတ်ပေးစည်းမျဉ်းများကို ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲ ကျင်းပနိုင်ရေးနှင့် မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**(သတင်းစဉ်)**

# ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး အထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်



**ရန်ကုန် ဇူလိုင် ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံသို့ ဂျပန်နိုင်ငံ International University of Health and Welfare (IUHW) က လှူဒါန်းသော ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး အထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်ရှိ အဆိုပါဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုလှူဒါန်းသော ပစ္စည်းများသည် ဆေးရုံအတွက် အမှန်တကယ် လိုအပ်သည့် ပစ္စည်းများဖြစ်သည့်အတွက် ဆေးရုံ၌ ဆောင်ရွက်လျက်ရှိသော ပြန်လည်သန်စွမ်းရေးနှင့် ကုသရေးလုပ်ငန်းများကို ကောင်းစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

လှူဒါန်းသည့် ပစ္စည်းများသည် ဆေးရုံတွင် ကုသမှုခံယူနေသော လူနာများအတွက်သာမက ဆရာဝန်များနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအတွက် သင်ကြားမှု အထောက်အကူပြုပစ္စည်းအဖြစ်လည်း အသုံးပြုနိုင်မည်ဖြစ်ပြီး ပြန်လည်သန်စွမ်းရေးဆိုင်ရာ သုတေသနလုပ်ငန်းများအတွက်လည်း အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ဂျပန်နိုင်ငံမှ International University of Health and Welfare (IUHW) နှင့် သင်ကြားရေးကဏ္ဍအပါအဝင် အခြားကဏ္ဍများတွင်လည်း နားလည်မှုစာချွန်လွှာရေးထိုး၍ ရေရှည်ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ယခုကဲ့သို့ လှူဒါန်းမှုအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံသံရုံးမှ Minister - Councellor / Deputy Chief of Mission ဖြစ်သူ Mr. Ichiro Maruyama နှင့် IUHW Chairman Mr. Takagi Kuninori တို့က အမှာစကားများပြောကြားကြပြီး IUHW နှင့်ပတ်သက်သည့် ဗီဒီယိုကို ပြသသည်။

ထို့နောက် IUHW က လှူဒါန်းသော ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး အထောက်အကူပြု ပစ္စည်းများကို IUHW Chairman Mr. Takagi Kuninori ကပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာခင်သီတာအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ယင်းနောက် Professor Yoko Sugawara က ပစ္စည်းများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် IUHW က လှူဒါန်းသော ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး အထောက်အကူပြုပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ IUHW က လှူဒါန်းသော ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး အထောက်အကူပြုပစ္စည်းများမှာ အမျိုးအစား ၁၆ မျိုး၊ အရေအတွက် ၂၂၀၀ ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ နှစ်သိန်းဖိုးခန့် ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)သို့ ရောက်ရှိပြီး ပြည်ထောင်စုခန်းမ၌ပြသထားသော Outdoor fitness centre များအတွက် အများပြည်သူအသုံးများသည့် ခြေထောက်လွှဲ၊ လက်လှည့်၊ ခြေသလုံးကျိုတ် ခါးလှည့်၊ အိပ်ထမတင်စသည့် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သို့ ရောက်ရှိပြီး တက္ကသိုလ်များအခြေခံမြားပစ်သင်တန်း (၁/၂၀၁၇)မှ သင်တန်းသား၊ သင်တန်းသူများ၏ သင်တန်းဆင်း လက်ရည်စစ်ပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းခြောက်ကျောင်းအတွက် ရွှေပါရမီပဲနို့အာဟာရ ဖောင်ဒေးရှင်းမှ ပဲနို့စက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရွှေပါရမီပဲနို့အာဟာရဖောင်ဒေးရှင်းမှ တာဝန်ရှိသူက ပဲနို့ကြိတ်စက်ငါးလုံး ၊ ပဲအိတ် ၁၀ အိတ်၊ သကြားအိတ်ငါးအိတ်၊ ပဲနို့ထည့်ချိုင့် ၁၀ လုံးတို့ကို လှူဒါန်းရာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က လက်ခံယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

**(သတင်းစဉ်)**

## မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၂**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော အငြိမ့်အဖွဲ့များအနေဖြင့် ပြိုင်ပွဲဝင် လျှောက်လွှာများကို ရန်ကုန်မြို့၌ ဟံသာဝတီအဝိုင်းထိပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းဘေးရှိ 4TV Main Showroom ၊ မန္တလေးမြို့၌ အခန်းနံပါတ် (D-206)၊ ရွှေဖြူပလာဇာ၊ ဒုတိယထပ်၊ ၃၃ လမ်းနှင့် ဇေယျာတိကလမ်းထောင့် ၊ (၇၇) လမ်းနှင့် (၇၈) လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်တို့၌ ထုတ်ယူနိုင်ပြီး ဩဂုတ် ၁ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မြစ်ရေမြင့်တက်မှုဒဏ်ခံရသော ရဲတပ်ဖွဲ့ဝင်မိသားစုများအား ထောက်ပံ့

**လက်ပံတန်း ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ခမုံနယ်မြေရဲစခန်း၌ မြစ်မခမြစ်ရေမြင့်တက်လာမှုကြောင့် ရဲတပ်ဖွဲ့ဝင်များ၏ နေအိမ်လိုင်းခန်းများသို့ ဇူလိုင် ၂၁ ရက်မှစ၍ ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြစ်မခ မြစ်ရေမြင့်တက်ပြီး ရေဝင်ရောက်လျက်ရှိသော ရဲတပ်ဖွဲ့ဝင်မိသားစုများကို သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်စိုးနှင့်လက်ပံတန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဆွေဦးတို့က ကူညီပြောင်းရွှေ့မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆန်အိတ်၊ ခေါက်ဆွဲခြောက်၊ သောက်ရေသန့်ဘူးများ စုစုပေါင်းတန်ဖိုးငွေကျပ် တစ်သိန်းခွဲခန့်ကို ဇူလိုင် ၂၁ ရက်က ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သန်းဦးစီးသော မှုခင်းအသိပညာပေးယာဉ်သည် ဇူလိုင် ၂၂ ရက်က ကျိုက်မရောမြို့နယ် ဘာဘူးကုန်းကျေးရွာ၌ ကျေးရွာသူကျေးရွာသားများအား မှုခင်းအသိပညာပေးဟောပြောစဉ် နန္ဒကျော်စွာ

❍ ရှေ့ဖုံးမှ

ပြည်နယ်လမ်းဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် ဘားအံခရိုင်လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဘားအံခရိုင် လမ်းဦးစီးဌာနအနေဖြင့် အဆိုပါ အိန္ဒြာ-ဇာသပြင် ကားလမ်းကို နှစ်လမ်းမောင်းချဲ့၍ ကတ္တရာ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက် ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ဆောက်လုပ်ရေးဝန်ကြီးဌာနက ခွင့်ပြုငွေကျပ်သန်း ၅၀၀ နှင့် ပြည်နယ်အစိုးရအဖွဲ့က ခွင့်ပြုငွေကျပ် ၂၆၅၉ သန်းခွင့်ပြုခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့က ခွင့်ပြုငွေကျပ်၄၂၁၀ ဒသမ ၅၄၉ သန်းခွင့်ပြုခဲ့သဖြင့် မူလကားလမ်း ၁၂ ပေအကျယ်ကို ၂၄ ပေချဲ့ပြီး ကတ္တရာ ကွန်ကရစ်နှစ်လမ်းမောင်းကားလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဘားအံခရိုင် အင်ဂျင်နီယာမှူး ဦးကျော်သူရက ပြောသည်။

အဆိုပါကားလမ်းတွင် ပါဝင်သော မူလသစ်သားတံတားများကို ကွန်ကရစ်ပိုက်တံတား၊အုတ်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်တံတား၊ ကွန်ကရစ်ကြမ်းခင်းတံတား စုစုပေါင်း တံတား ၃၂ စင်းကိုလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ခွင့်ပြုငွေကျပ် ၃၁၄ သန်းဖြင့် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသိရသည်။

❋ *ကျော့ဖုံးမှ*

ဓမ္မာရုံသမလ မူလတန်းကျောင်းများ၌ လူဦးရေသုံးထောင်ကျော်ခန့်အား ကူညီ၍ အရေးပေါ်ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးထားကြောင်း သိရှိရသည့်အပြင် ခရီးသွားမော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူတို့မှာ နံနက် ၇ နာရီမှ ညနေ ၈ နာရီအထိ နှောင့်နှေးကြန့်ကြာသွားခဲ့ကြောင်း သိရသည်။ ဖြစ်ပွားရာနေရာသို့ ကျိုက်ထိုမြို့မှ ဌာနဆိုင်ရာများအပြင် လူမှုရေးအဖွဲ့အစည်းများ၊ ခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

ရေဘေးသင့်အိမ်ထောင်စုများအား မွန်ပြည်နယ်အစိုးရအဖွဲ့မှ စားနပ်ရိက္ခာနှင့် အလှူငွေများ ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**




ညပိုင်းအထိ ခရီးသွားပြည်သူများအား သွားလာနိုင်အောင် တာဝန်ရှိသူများက ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

# အင်းတာပေါင်ဖော်ခြင်းနှင့် ချင်းတွင်းတာပေါင်မြှင့်တင်ခြင်း ဆောင်ရွက်

**မုံရွာ ဇူလိုင် ၂၂**

မုံရွာမြို့ ညောင်ကိုင်းအင်းအတွင်း ရေအပြည့်ပြန်သွင်းယူကာ သန့်ရှင်းသာယာလှပစေရန်အတွက် ဇွန်လမှစတင်၍ စက်ယန္တရားများ၏ အားကိုသုံးပြီး မြေကျင်းကြီး လေးသောင်းခန့်ကို တူးဖော်လျက်ရှိရာ ဇူလိုင် ၂၂ ရက်တွင် မြေကျင်းကြီး ၂၅၀၀၀ ခန့် တူးဖော်ပြီးဖြစ်ကြောင်း မုံရွာမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းထိန်ထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ညောင်ကိုင်းအင်း ပြန်လည်သန့်ရှင်းသာယာရေးကော်မတီကို ဖွဲ့စည်းကာ တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကြီးကြပ်၍ ညောင်ကိုင်းအင်း ရေပြည့်သိုလှောင်နိုင်ရန် အင်းပတ်လည်တာပေါင်ဖော်ခြင်းနှင့်အတူ မုံရွာနှင့် ချောင်းဦးမြို့နယ် ချင်းတွင်းမြစ် ရေဘေးကာကွယ်ရေးတာပေါင်မြှင့်ခြင်းလုပ်ငန်းကိုပါ တစ်ပါတည်းပြီးစီးစေရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"အပိုင်းသုံးပိုင်းခွဲထားတဲ့ ညောင်ကိုင်းအင်းရဲ့မြောက်ဘက်ဆုံးအပိုင်းကို ဝင်လာမယ့် ရေကိုတားပြီး အင်းကြမ်းပြင်က မြေကျင်းကြီးပေါင်း ၄၀၀၀၀ လောက်ကို တူးပြီး မြေကြီးတွေကိုအင်းပတ်လည်တာပေါင်ဖို့တာနဲ့အတူ ချင်းတွင်းမြစ်တာရိုးမြှင့်ရာမှာလည်း မြေတွေကို အသုံးပြုနေတော့ တစ်ခါတည်းအလုပ်နှစ်ခုလုပ်ပြီးသား ဖြစ်စေတာပေါ့။ ချင်းတွင်းတာပေါင်ပေတိုင် ၀ ကနေ ၁၃၅၀၀ ထိ သုံးပေမြင့်တဲ့ တာပေါင်ကို ထပ်မြှင့်နေတာဖြစ်ပါတယ်"ဟု မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု ဦးစီးမှူး ဦးဝင်းထိန်က ပြောသည်။

အမြင့်ရှစ်ပေရှိမည့် ညောင်ကိုင်းအင်းတာပေါင်အလျားသည် ၁၃၆၇၅ ပေရှည်လျားပြီး ၃၃၂ ကေပေ ကျယ်သည့် ရေပြင်ကျယ်ဧရိယာရှိကာ အင်း၏ ရေသိုလှောင်မှုပမာဏသည် ၁၉၉၃ ကေပေရှိပြီး တူးဖော်နေသော အင်းအတွင်း ပျမ်းမျှရေအနက်သည် ခြောက်ပေနှင့် အင်းရေပြည့်ရန်အတွက် လေးပေပတ်လည် ရေသွင်းရေထုတ်တံခါး နှစ်ပေါက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အခြေခံပညာကျောင်းများအတွက် ပထမအကြိမ် ထောက်ပံ့ကြေး ကျပ် ၁၆၄၆ သိန်းကျော်ပေးအပ်

**ကန့်ဘလူ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ပညာရေးဝန်ကြီးဌာနမှ ကျောင်းထောက်ပံ့ကြေးများ ပေးအပ်လျက်ရှိရာ ကန့်ဘလူမြို့နယ် အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူအရေးအတွက် ပေါ်မူတည်ပြီး ဇူလိုင် ၂၀ ရက်မှစတင်၍ ပထမအကြိမ် (ပထမအရစ်) ထောက်ပံ့ကြေးအဖြစ် ကျပ် ၁၆၄၆၃၂၅၀၀ ကို ထုတ်ပေးလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။



"ကျောင်းထောက်ပံ့ကြေးအသုံးပြုမှုဆိုင်ရာလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်တွေကိုလိုက်နာပြီး အကောင်အထည်ဖော်ရေးလုပ်ငန်း လမ်းညွှန်ချက်နဲ့အညီဆောင်ရွက်ကာ စာရင်းစစ်လုပ်ထုံးလုပ်နည်းတွေနဲ့အညီ အသုံးပြုရမှာဖြစ်ပါတယ်။ ကျောင်းအုပ်ကြီးတွေကိုယ်တိုင် လက်မှတ်ထိုးထုတ်ရမှာပါ"ဟု မြို့နယ်ပညာရေးမှူး ဦးစိုးသန်းက ပြောသည်။ ကျောင်းထောက်ပံ့ကြေးများကို မြို့နယ်ပညာရေးမှူးရုံး၌ ထုတ်ပေးလျက်ရှိပြီး ကျောင်းအုပ်ကြီးများကိုယ်တိုင် ထုတ်ယူရမည်ဖြစ်ကြောင်း၊ ကျောင်းသား ၅၀ ရှိကျောင်းကို ကျပ်နှစ်သိန်းနှုန်းဖြင့် ၅၂ ကျောင်း၊ ကျောင်းသား ၁၀၀ ရှိ ကျောင်းကို ကျပ်လေးသိန်းနှုန်းဖြင့် ၇၇ ကျောင်း၊ ကျောင်းသား ၂၀၀ ရှိကျောင်းကို ကျပ်ငါးသိန်းနှုန်းဖြင့် ၆၁ ကျောင်း၊ ကျောင်းသား ၃၀၀ ရှိ ကျောင်းကို ကျပ်ခြောက်သိန်းနှုန်းဖြင့် ၃၂ ကျောင်း၊ ကျောင်းသား ၄၀၀ ရှိကျောင်းကို ခုနစ်သိန်းနှုန်းဖြင့် ၂၄ ကျောင်း၊ ကျောင်းသား ၅၀၀ ရှိ ကျောင်းကို ကျပ်ရှစ်သိန်းနှုန်းဖြင့် နှစ်ကျောင်း၊ ကျောင်းသား ၇၀၀ရှိကျောင်းကို ကျပ်ကိုးသိန်းနှုန်းဖြင့် ခြောက်ကျောင်း၊ အထကနှင့်အထက(ခွဲ)ကျောင်းများကို ကျောင်းသားတစ်ဦးလျှင် ကျပ် ၂၅၀၀ နှုန်းနှင့်ကျောင်းတစ်ကျောင်းတွင် ငွေကျပ်နှစ်သိန်းခွဲနှုန်းဖြင့် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကိုလည်း အဆိုပါနှုန်းထားအတိုင်း ထုတ်ပေးမည်ဖြစ်ပြီး ဘ/က ကျောင်းခုနစ်ကျောင်းရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

◆ *ကျော့ဖုံးမှ*

ဘရူနိုင်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားပြီး ဩစတြေးလျအသင်းမှာမူ ဘရူနိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ စင်ကာပူအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ ဩစတြေးလျအသင်းနှင့်ပွဲမှာ မြန်မာအသင်းအတွက် ခြေစစ်ပွဲအောင်မြင်ရေး အဆုံးအဖြတ်ပွဲဖြစ်သောကြောင့် မြန်မာပရိသတ်များ၏ တစ်ခဲနက်အားပေးမှု ရရှိရန်လိုအပ်နေပြီး ကွင်းလုံးပြည့်လာရောက်အားပေးပါက မြန်မာကစားသမားများ စိတ်ဓာတ်အမြင့်ဆုံးရောက်သွားဖွယ် ရှိနေသည်။

နောက်ဆုံးနေ့ အဖြစ် ညနေ ၃ နာရီတွင် စင်ကာပူနှင့် ဘရူနိုင်းအသင်း ညနေ ၆ နာရီတွင် အိမ်ရှင်မြန်မာနှင့် ဩစတြေးလျ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အာရှ ယူ-၂၃ ခြေစစ်ပွဲကို အုပ်စု(၁၀)ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စု(က) တွင် သီရိလင်္ကာအသင်းမှာ ပြိုင်ပွဲဝင်ရန် စာရင်းပေးသွင်းပြီးမှ နုတ်ထွက်သွား သောကြောင့် သုံးသင်းသာရှိတော့ပြီး အကောင်းဆုံးအုပ်စု ဒုတိယနေရာအတွက် တွက်ချက်ရာတွင် အောက်ဆုံးအသင်းနှင့် တွေ့ဆုံသည့်ရလဒ်ကို ပယ်ဖျက်မည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် မြန်မာအသင်းအနေဖြင့် ဩစတြေးလျအသင်းထံမှ အမှတ်ရယူနိုင်မှသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး ရှုံးနိမ့်ခဲ့လျှင်လည်း ဂိုးမပြတ်ရန် လိုအပ်ကြောင်း သိရသည်။ မြန်မာအသင်းသည် ပြီးခဲ့သည့် ၂၀၁၆ ခြေစစ်ပွဲတွင်လည်း နောက်ဆုံးပွဲ၌ ဩစတြေးလျကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် အကောင်းဆုံးအုပ်စု ဒုတိယနေရာ တွက်ချက်ရာတွင် ဂိုးကွာခြားချက်နည်းပြီး ခြေစစ်ပွဲမအောင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းနှင့် ဩစတြေးလျအသင်းသည် နှစ်ပွဲစလုံး ဂိုးပြတ်အနိုင်ရထားပြီး ပေးဂိုးလည်း မရှိသေးသောကြောင့် ပေးဂိုးမရှိမှတ်တမ်းကို ယခုပွဲတွင် ဆက်လက်ထိန်းသိမ်းနိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာဘောလုံးပရိသတ်များသည် အာရှ ယူ-၂၃ ခြေစစ်ပွဲယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၂၂ အသင်း၏ ရလဒ်နှင့် ခြေစွမ်းအပေါ် စိတ်ဝင်စားမှုမြင့်တက်လျက်ရှိပြီး ကွင်းလုံးပြည့်လာရောက်အားပေးရန် ဖိတ်ခေါ်လိုက်ရပါသည်။

❋ *ကျော့ဖုံးမှ*

နံရံများတည်ဆောက်ခြင်းများကို ငွေကြေးမြောက်မြားစွာ အကုန်အကျခံတည်ဆောက်ခဲ့သည့်အပြင် ယခုနှစ်တွင်လည်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အထူးစိုးရိမ်ရသော ၂၁ လမ်းမြစ်ကမ်းနှင့် ၂၄ လမ်းမှ ၂၇ လမ်းအထိ မြစ်ကမ်းတစ်လျှောက်၌ ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံများ အချိန်မီပြီးစီးအောင် တည်ဆောက်နိုင်ခဲ့မှုများကြောင့် ညောင်တုန်းရေကာတာမှာစိတ်ချရသည့် အနေအထားရှိနေခြင်းဖြစ်ကြောင်း သိရှိရသည်။

ဧရာဝတီမြစ်ရေမြင့်တက်နေမှုကြောင့် ရေကာတာများပြင်ပရှိ သဘာဝအလျောက်တည်ရှိသော မြေနုကျွန်းကျေးရွာများ၊ ရေကာတာပြင်ပရှိ မြေနိမ့်ပိုင်းကျေးရွာများတွင် လူနေအိမ်များ ရေနစ်မြုပ်လျက်ရှိရာ အချို့အိမ်ထောင်စုများမှာ ရေလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိသည်။

ယခုအခါ ညောင်တုန်းမြို့နယ်အတွင်းရှိ ရေကာတာတစ်လျှောက်၌ ရေကင်းများ နေ့ညစောင့်ကြပ်လျက်ရှိသည့်အပြင် အရေးကြုံလာပါက သဲအိတ်များ၊ ဝါးများနှင့် လိုအပ်သောပစ္စည်းများ စုဆောင်းထားရှိပြီး ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

❋ *ကျော့ဖုံးမှ*

**ဝေါန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ နှစ်ပေခွဲခန့်နှင့် သာပေါင်းမြို့၌ တစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် သုံးလက်မခန့်စီ ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဝေါန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**တိုးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့၌ တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# စည်းကမ်းချက်များနှင့်အညီ ရောင်းချခြင်း ရှိ မရှိ မဟာအောင်မြေမြို့နယ်၌ ဆေးဆိုင်များအား စစ်ဆေး



**မန္တလေး ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာ အေးငြိမ်းမြတ်၊ မဟာအောင်မြေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ သီရိဌေး၊ မဟာအောင်မြေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒေါ်စုစုဝင်း၊ မဟာအောင်မြေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးထင်အောင်ကျော်၊ မဟာအောင်မြေမြို့မရဲစခန်းမှ ဒုရဲအုပ် မြို့အောင်တို့ပါဝင်သောပူးပေါင်းအဖွဲ့ဝင်များသည် ဇူလိုင် ၂၁ ရက်က မဟာအောင်မြေမြို့နယ်အတွင်းရှိ ၃၈ လမ်း၊ ၈၅ × ၈၆ လမ်းကြားရှိ ဇွဲသစ်ဆေးဆိုင်၊ ၃၉ လမ်း၊ ၈၄ × ၈၅ လမ်းကြားရှိ နွေဦးဆေးဆိုင်၊ ၈၄ လမ်း၊ ၃၇ × ၃၈ လမ်းကြား ရှိ 84 ဆေးဆိုင်နှင့် ၈၄ လမ်း၊ ၃၅ × ၃၆ လမ်းကြားရှိ ရာပြည့်ဆေးဆိုင်တို့အား စည်းကမ်းချက်များနှင့်အညီ ရောင်းချခြင်းရှိ၊ မရှိ၊ တားမြစ်ဆေးဝါးများရောင်းချခြင်းရှိ၊ မရှိ၊ ကာမရာဂ စိတ်ကိုနှိုးဆွစေသောဆေးဝါးများ ရောင်းချခြင်းရှိ၊ မရှိ၊ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ ရောင်းချခြင်း ရှိ၊ မရှိ လိုက်လံစစ်ဆေးခဲ့ပြီးနောက် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာ အေးငြိမ်းမြတ်က ဆေးဆိုင်တာဝန်ခံများနှင့် ဝန်ထမ်းများအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မိုးဆက်လက်ပိုမည်

**နေပြည်တော် ဇူလိုင် ၂၂**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**(မိုး/ဇလ)**

# ဆေးဝါးစက်ရုံ(အင်းစိန်)မှ ဆေးပြား၊ ဆေးတောင့်ထုတ်လုပ်မှု အဆောက်အအုံသစ်ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၂၂**

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ (အင်းစိန်)မှ ဆေးပြား၊ ဆေးတောင့် ထုတ်လုပ်သည့် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ New BPI စီမံကိန်းနေရာ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ မြန်မာနိုင်ငံဆိုင်ရာဘရာဇီးနိုင်ငံ သံအမတ်ကြီး H.E. Antonio J.M.de souzae silva နှင့် မြန်မာ့ဆေးဝါးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဒေါက်တာမြင့်ထွေးတို့က ဆေးပြား၊ ဆေးတောင့် ထုတ်လုပ်မည့်အဆောက်အအုံ၏ ကမ္ပည်းမော်ကွန်းမှတ်တမ်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ထို့နောက် ဆေးပြား၊ ဆေးတောင့် ထုတ်လုပ်မှု အဆောက်အအုံရှင်းလင်းဆောင်တွင် ဆေးဝါးစက်ရုံ(အင်းစိန်) ခေတ္တစက်ရုံမှူးက ဆေးပြား၊ ဆေးတောင့်ထုတ်လုပ်မှု၊ အဆောက်အအုံများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေနှင့် ဆေးအမယ်သစ်များထုတ်လုပ်မည့်အစီအမံ တို့ကိုလည်းကောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဆေးဝါးများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စီမံကိန်းများ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေ၊ လက်ရှိဆေးဝါးများ ထုတ်လုပ်နေမှုအခြေအနေနှင့် အနာဂတ်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများသည် ဆေးဝါးစက်ရုံ (အင်းစိန်)မှ ထုတ်လုပ်ထားရှိသည့် ဆေးဝါးများ ခင်းကျင်းပြသထားမှုနှင့် ဆေးပြား၊ ဆေးတောင့်များ ထုတ်လုပ်လျက်ရှိသည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** စီမံကိန်းအကောင် အထည်ဖော်ဆောင်ရွက်ခဲ့သည့် ပြည်တွင်း ပြည်ပ ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယနေ့ဖွင့်လှစ်သည့် ဆေးပြား၊ဆေးတောင့် ထုတ်လုပ်မှု အဆောက်အအုံအသစ်မှ ဆေးဝါးအမယ်သစ်များ တီထွင်ထုတ်လုပ်လျက်ရှိပြီး Morphine Sulfate Tablet အား ကင်ဆာဝေဒနာရှင်များတွင် လက်တွေ့စမ်းသပ်ကုသမှုအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်ခဲ့ကြောင်းနှင့် FDA မှလည်း ဆေးဝါးမှတ်ပုံတင် လိုင်စင်ရရှိပြီးဖြစ်ကြောင်း သိရသည်။

ဆေးဝါးစက်ရုံ(အင်းစိန်)သည် ၁၉၅၈ ခုနှစ်မှစ၍ ဆေးပြား၊ ဆေးတောင့် အမျိုးမျိုး၊ဆေးဆီ၊ ဆေးရည်အမျိုးမျိုး ထိုးဆေး၊ သွေးကြောသွင်းဆေးရည်အမျိုးမျိုးနှင့် နိုင်ငံတော်အတွက် အရေးတကြီး လိုအပ်လျက်ရှိသည့် မြွေဆိပ်ဖြေဆေးကဲ့သို့ အဆိပ်ဖြေကုသဆေးအပြင် အခြားကာကွယ်ဆေးများကို ထုတ်လုပ်လျက်ရှိသည်။

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုမြှင့်တင်ပေးရန် ရည်ရွယ်၍ ခေတ်မီဆေးဝါးတိုးမြှင့်ထုတ်လုပ်မှု စီမံကိန်း (New BPI Project)ကို ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၆ ခုနှစ် မေ ၂၀ ရက်တွင် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု အဆောက်အအုံနှင့် ခေတ်မီဆေးဝါးသိုလှောင်ရုံ အဆောက်အအုံတို့အား လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် Cephalosporin ပဋိဇီဝထိုးဆေးအဆောက်အအုံနှင့် Small Volume Parenteral Production Plant တို့ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ယခု ဆေးပြား၊ ဆေးတောင့် ထုတ်လုပ်မှု အဆောက်အအုံအား ဆက်လက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော ဆေးဝါးများ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်တော့မည် ဖြစ်သည်။

လက်ရှိအချိန်တွင် ဆေးဝါးစက်ရုံ(အင်းစိန်)မှ ဆေးပြား၊ ဆေးမှုန့်၊ ဆေးရည်၊ လိမ်းဆေး၊ ထိုးဆေး၊ သွေးကြောသွင်းဆေးရည်နှင့် ကာကွယ်ကုသဆေးနှင့် အဆိပ်ဖြေဆေးများ၊ စုစုပေါင်း ဆေးအမျိုးအစား ၁၈၀ ကျော်ကို ထုတ်လုပ်ပေးလျက်ရှိပြီး ဆေးဝါးထုတ်လုပ်မှုစီမံကိန်းများကိုလည်း နှစ်စဉ်တိုးမြှင့်လျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ် (MNA)**

**ဓာတ်ပုံ-နေလင်း**

# ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခက်အခဲများကို အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဇူလိုင် ၂၂

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာ စကားပြောကြားသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စီးပွားရေးမူဝါဒနှင့် ကုန်သွယ်ရေးကဏ္ဍလုပ်ငန်းစဉ်များ ချိတ်ဆက်ပြီး လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ပြည်တွင်းကုန်သွယ်မှု (Domestic Trade) သာမက အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု (International Trade) ကိုပါ မျှမျှတတ တိုးတက်ရန် ကြိုးစားသွားရမည်ဖြစ်ကြောင်း ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်ရသည့် ဝန်ကြီးဌာနဖြစ်သဖြင့် ကုန်သွယ်မှုလုပ်ငန်းကိစ္စရပ်များအပေါ် အနှောင့်အယှက် အဟန့်အတားဖြစ်စေနိုင်သော ကိစ္စရပ်များ၊ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုအခြေအနေ၊ ကုန်သွယ်မှုကိစ္စရပ်များနှင့် ဆက်စပ်လျက်ရှိသော နယ်မြေအသီးသီး၌ ဖြစ်ပေါ်လျက်ရှိသော သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီရယူပြီး သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြအသိပေးမှုများ စဉ်ဆက်မပြတ် လုပ်ဆောင်ကြရန် အသိပေးပြောကြား လိုကြောင်း။

ကုန်သွယ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် မိမိဝန်ကြီးဌာနတစ်ခုတည်း ဆောင်ရွက်ရမည့် ကိစ္စရပ်များရှိသလို အခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ အခြားဝန်ကြီးဌာနများမှ ဆောင်ရွက်ပေးရန်အတွက် တွန်းအားပေးဆောင်ရွက်ရန် ကိစ္စရပ်များရှိပါကြောင်း၊ နိုင်ငံတော်အကျိုးစီးပွား တိုးတက်စေရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခက်အခဲများကို အတတ်နိုင်ဆုံးဖြေရှင်း ဆောင်ရွက်ပေးရမှာဖြစ်ပြီး ဖြေလျော့မှုများကိုလည်း ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားပြီး ဒုတိယဝန်ကြီးဦးအောင်ထူးက ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဌာနသုံးခုမှ တာဝန်ခံများက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ် ရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆွေးနွေးတင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနအကြီးအကဲများက လုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးရေးအတွက် ၆၆ ကေဗွီ သုတ်-ဂွ ဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဂွဓာတ်အားခွဲရုံဖွင့်

**နေပြည်တော် ဇူလိုင် ၂၂**

ရခိုင်ပြည်နယ် တောင်ဘက်အကျဆုံးဖြစ်သော ဂွမြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများ ဓာတ်အားရရှိရေးအတွက် ၆၆ ကေဗွီ အသုတ်-ဂွ ဓာတ်အားလိုင်း (၅၅ ဒသမ ၅၆)မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဂွဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ရခိုင်ပြည်နယ် ဂွမြို့ ၆၆ ကေဗွီ ဂွခွဲရုံ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဂွမြို့နယ်သည် ရေဝတီတိုင်းဒေသကြီးနှင့် နီးကပ်လျက်ရှိသော်လည်း ရခိုင်ရိုးမကြီး ခြားထားခြင်းကြောင့် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားမရရှိဘဲ မီးစက်များဖြင့် တစ်နေ့လျှင် ခုနစ်နာရီခန့်သာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ဂွဒေသအား နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ အသုတ်ဓာတ်အားခွဲရုံမှ အသုတ်-ဂွ ၆၆ ကေဗွီ အသုတ်-ဂွ ဓာတ်အားလိုင်း (၅၅ ဒသမ ၅၆)မိုင်တည်ဆောက်ခြင်း၊ ၂၃၀ ကေဗွီ အသုတ် ဓာတ်အားခွဲရုံတိုးချဲ့ခြင်း၊ ၆၆/ ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဂွဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ရခိုင်ပြည်နယ်ကို နိုင်ငံတော်စနစ်မှ ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ၂၀၁၁ ခုနှစ်မှစ၍ စူးစမ်းလေ့လာတိုင်းတာခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် ရခိုင်ပြည်နယ် တောင်ကုတ်၊ ကျောက်ဖြူ၊ အမ်း၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ သံတွဲ၊ ရမ်းဗြဲ၊ ကျောက်တော်နှင့် ပတ်ဝန်းကျင် ကျေးရွာများကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် မအီ၊ မင်းပြားနှင့် ပတ်ဝန်းကျင်ကျေးရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၆၆ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံနှင့် ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံတို့ကို တည်ဆောက်ပြီး ထပ်မံဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ကျန်ရှိနေသည့်ဒေသများကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီတို့က ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးရေးအတွက် ၆၆ ကေဗွီ၊ အသုတ်-ဂွ ဓာတ်အားလိုင်း နှင့်၆၆/၁၁ ကေဗွီ ၊ ၅ အမ်ဗွီအေ ဂွဓာတ်အားခွဲရုံ တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရေဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့က ၆၆ ကေဗွီ အသုတ်-ဂွ ဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဂွဓာတ်အားခွဲရုံတို့အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ဂွဓာတ် အားခွဲရုံတို့ကို ဖွင့်လှစ်ပေးသည်။

အဆိုပါ ၆၆ ကေဗွီ အသုတ်-ဂွ ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ ဂွ ဓာတ်အားခွဲရုံ စီမံကိန်းအား ၂၀၁၅ ခုနှစ် ဇန်နဝါရီတွင် တည်ဆောက်ရေး လုပ်ငန်းများ စတင်ခဲ့ပြီး ငဝန်မြစ်ကျော် ဓာတ်အားလိုင်း တည်ဆောက်ခြင်း အပါအဝင် ရေဝပ်ဒေသမိုင် ၂၀၊ ရခိုင်ရိုးမတောင်တန်းများ ၃၅ မိုင်ခန့်အား ခက်ခဲစွာ ဖြတ်ကျော်တည်ဆောက်ပြီး ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်မှစ၍ ဂွမြို့အနီးရှိ ကျေးရွာ ၁၉ ရွာမှ စုစုပေါင်း အိမ်ခြေ ၄၁၅၉ အိမ် အား နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး အဆိုပါ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှ ကျပ်သန်းပေါင်း ၁၀ ဒသ ၈၃၃ သန်းသုံးစွဲဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ ဂွဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်

# တရားခံလွှဲပြောင်းရေးဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ဃ) မိမိအဖွဲ့ရှေ့မှောက်သို့ တောင်းဆိုခြင်းခံရသူအဖြစ် ရောက်ရှိစစ်ဆေးခံသူအား တောင်းဆိုခြင်း ခံရသူ ဟုတ် မဟုတ် စစ်ဆေးမေးမြန်းခြင်း၊ စိစစ်ခြင်းနှင့် အတည်ပြုခြင်းများ ဆောင်ရွက်ရမည်။

(င) တရားခံလွှဲပြောင်းခြင်း၏ စည်းကမ်းချက်များနှင့် အခြေအနေများကို တောင်းဆိုခြင်း ခံရသူသို့ ရှင်းလင်းပြောကြားပြီး တရားခံလွှဲပြောင်းခြင်းကို သဘောတူမတူ မေးမြန်းရမည်။ သဘောတူပါက မည်သည့်အကြောင်းရင်းများအရ သဘောတူသည်ကို မေးမြန်းရမည်။

(စ) တောင်းဆိုခြင်းခံရသူက တရားခံလွှဲပြောင်းရေးဆိုင်ရာ ကြားနာမှုလုပ်ထုံးလုပ်နည်းနှင့်အညီ နည်းလမ်းတကျ ဆောင်ရွက်ခြင်းကို မခံယူလိုကြောင်း ၎င်း၏ဆန္ဒကို တင်ပြလာပါက ခုံအဖွဲ့သည် ယင်းကို မှတ်တမ်းတင်၍ တရားခံလွှဲပြောင်းပေးရန် သင့်လျော်ကြောင်း ဆုံးဖြတ်နိုင်သည်။

(ဆ) တောင်းဆိုခြင်းခံရသူအား သင့်လျော်သော အကျိုးဆောင်တစ်ဦးဦးကို ငှားရမ်းနိုင်ခွင့် သို့မဟုတ် ခုံအဖွဲ့က စီစဉ်ပေးသော အကျိုးဆောင်တစ်ဦးဦးကို ရယူပိုင်ခွင့်ရှိကြောင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရမည်။

(ဇ) တရားခံလွှဲပြောင်းရေး ကြားနာရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဈ) တရားခံလွှဲပြောင်းရေး ကြားနာရာတွင် လိုအပ်ပါက မည်သူ့ကိုမဆို ဆင့်ဆိုစစ်ဆေးနိုင်သည်။

(ည) တရားခံလွှဲပြောင်းရေးကြားနာရာတွင် လိုအပ်ပါက ဘာသာစကားကျွမ်းကျင်သူကို ငှားရမ်းနိုင်သည်။

(ဋ) တရားခံလွှဲပြောင်းရေး ကြားနာရာတွင် ပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့ပါ ပြဋ္ဌာန်းချက်များအပြင် လွှဲပြောင်းပေးရသည့် အကြောင်းရင်း၊ နိုင်ငံတော်က လက်ခံကျင့်သုံးနေသော နိုင်ငံခြားရေး မူဝါဒ၊ နိုင်ငံသားဖြစ်မှု၊ တောင်းဆိုခြင်းခံရသူ၏ ခုခံချေပခွင့်နှင့် အခြားစပ်ဆိုင်သော အကြောင်းခြင်းရာများကို ထည့်သွင်းသုံးသပ်ရမည်။

(ဌ) တရားခံလွှဲပြောင်းရေး ကြားနာရာတွင် တောင်းဆိုခြင်းခံရသူအား လွှဲပြောင်းရန် သင့် မသင့်ကိုသာစဉ်းစားပြီး တောင်းဆိုခြင်းခံရသူ ပါဝင်ကျူးလွန်သည်ဟူသော စွဲချက်နှင့် ပတ်သက်၍ တင်ပြခွင့်မပြုရ။

(ဍ) လွှဲပြောင်းပေးရန် ဆုံးဖြတ်ပါက တောင်းဆိုခြင်းခံရသူအား ပြည်ထောင်စုအစိုးရအဖွဲ့ထံ အယူခံတင်သွင်းနိုင်ကြောင်း အသိပေးရမည်။

(ဎ) တရားခံလွှဲပြောင်းရေး ကြားနာမှုပြီးဆုံးပါက ဆုံးဖြတ်ချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြရမည်။

(ဏ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခုံအဖွဲ့ဖျက်သိမ်းကြောင်း အမိန့်ရရှိသည်အထိ တာဝန်ရှိသည်။

၁၆။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ ခုံအဖွဲ့၏ အကြောင်းကြားချက်ကို ရရှိပါက-

(က) တောင်းဆိုခြင်းခံရသူသည် ရဲစခန်းအချုပ်တွင်ရှိနေလျှင် ခုံအဖွဲ့ရှေ့မှောက်သို့ ကြားနာစစ်ဆေးရန် တင်ပို့ရမည်။

(ခ) တောင်းဆိုခြင်းခံရသူအား ဖမ်းဆီးထားခြင်းမရှိပါက ရှာဖွေဖမ်းဆီးပြီး ခုံအဖွဲ့သို့ ကြားနာစစ်ဆေးရန် တင်ပို့ရမည်။

(ဂ) တောင်းဆိုခြင်းခံရသူသည် အခြားပြစ်မှုတစ်ရပ်ရပ်ဖြင့် အကျဉ်းထောင်တွင် ချုပ်နှောင်ထားခြင်းခံရပါက ယင်းအကြောင်းအရာကို ခုံအဖွဲ့သို့ တင်ပြလျက် ခုံအဖွဲ့၏ညွှန်ကြားချက်အရ အကျဉ်းထောင်မှ ထုတ်၍ ခုံအဖွဲ့သို့ ကြားနာရန် တင်ပို့ရမည်။

(ဃ) ဖမ်းဆီးရမိထားသော တောင်းဆိုခြင်းခံရသူအပေါ် ၂၄ နာရီထက်ကျော်လွန်၍ ချုပ်နှောင်ထားရန် လိုအပ်ပါက ချုပ်မိန့်ပေးပိုင်ခွင့်အာဏာရှိသော အနီးဆုံး တရားသူကြီးထံသို့ ချုပ်မိန့်လျှောက်ထားရမည်။

(င) ရက်ပေါင်း ၆၀ အတွင်း တောင်းဆိုခြင်းခံရသူအား ရှာဖွေဖမ်းဆီးရမိခြင်းမရှိပါက ခုံအဖွဲ့သို့ ယင်းတောင်းဆိုခြင်းခံရသူအား ဖမ်းဆီးရမိခြင်းမရှိကြောင်း ပြန်လည်တင်ပြရမည်။

(စ) ပုဒ်မခွဲ (င) အရ ခုံအဖွဲ့သို့ တင်ပြပြီးဖြစ်စေကာမူ တောင်းဆိုခြင်းခံရသူကို ဖမ်းဆီးရမိပါက ခုံအဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၇။ သက်ဆိုင်ရာတရားသူကြီးသည် ဖမ်းဆီးထားသော တောင်းဆိုခြင်းခံရသူကို တရားခံလွှဲပြောင်းရေးကိစ္စ ဆောင်ရွက်ရန်အလို့ငှာ ချုပ်မိန့်ပေးရန် လျှောက်ထားလာပါက အမှုတွဲကို စိစစ်၍ တစ်ကြိမ်လျှင် ၁၄ ရက်ထက်မပိုသော ကာလဖြင့် တရားခံလွှဲပြောင်းရေးလုပ်ငန်းစဉ် ပြီးဆုံးသည်အထိ ချုပ်မိန့်ပေးနိုင်သည်။

၁၈။ ခုံအဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိခြင်းမရှိကြောင်း တင်ပြချက်အရ ယင်းအမှု ပိတ်သိမ်းကြောင်း ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၉။ ပြည်ထဲရေးဝန်ကြီးဌာနသည် ခုံအဖွဲ့၏ အကြောင်းကြားချက်ရရှိပါက နိုင်ငံတော်သမ္မတထံတင်ပြပြီး ယင်း၏အတည်ပြုချက်နှင့်အညီ အမှုပိတ်သိမ်းကြောင်း တောင်းဆိုသည့် နိုင်ငံသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဆောလျင်စွာ ပြန်ကြားရမည်။

၂၀။ တရားခံလွှဲပြောင်းပေးရန် ခုံအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် တောင်းဆိုခြင်းခံရသူသည် ယင်းဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ အယူခံမှု တင်သွင်းနိုင်သည်။

၂၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၂၀ ပါအယူခံလျှောက်ထားချက်အပေါ် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း လိုအပ်ပါက ပြန်လည်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၂၂။ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် တရားခံလွှဲပြောင်းခြင်း မပြုသည့်အမှုမှ တောင်းဆိုခြင်းခံရသူအပေါ် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ရမည်။

၂၃။ ပြည်ထဲရေးဝန်ကြီးဌာနသည်-

(က) တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြအတည်ပြုချက်ရယူပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုသည့်နိုင်ငံသို့ အကြောင်းပြန်ကြားရမည်။

(ခ) တရားခံလွှဲပြောင်းပေးရန် နိုင်ငံတော်သမ္မတကအတည်ပြုလျှင် တရားခံလွှဲပြောင်းလက်ခံရေးနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုသည့်နိုင်ငံသို့ အကြောင်းကြားရမည်။

(ဂ) နိုင်ငံတော်သမ္မတ၏ တရားခံလွှဲပြောင်းပေးရန် အတည်ပြုချက်အရ ရဲစခန်း သို့မဟုတ် အကျဉ်းထောင်တွင် ချုပ်နှောင်ထားခြင်းခံရသည့် တောင်းဆိုခြင်းခံရသူအား သက်ဆိုင်ရာ တောင်းဆိုသည့်နိုင်ငံသို့ လွှဲပြောင်းပေးအပ်နိုင်သည်။

(ဃ) တောင်းဆိုသည့်နိုင်ငံမှ ဆက်သွယ်လာပါက ယင်းနိုင်ငံ၏ အခွင့်ရအာဏာပိုင်နှင့် ညှိနှိုင်းပြီး တောင်းဆိုခြင်းခံရသူကို လွှဲပြောင်းရေး ဆောင်ရွက်ရမည်။

(င) တောင်းဆိုသည့်နိုင်ငံက ပုဒ်မခွဲ (ခ) အရ အကြောင်းကြားသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း တရားခံလွှဲပြောင်းခြင်းကို လက်ခံနိုင်ခြင်း မရှိကြောင်း ခိုင်လုံသောအကြောင်းပြချက်ဖြင့် အကြောင်းကြားသည်မှတစ်ပါး တောင်းဆိုခြင်းခံရသူကို ရက်ပေါင်း ၃၀ အတွင်း လွှဲပြောင်းလက်ခံခြင်းမရှိလျှင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၂၄။ နိုင်ငံတော်သမ္မတသည် တရားခံလွှဲပြောင်းရေးအတွက် ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းကို ဆုံးဖြတ်နိုင်သည်။

### အခန်း (၆)

### နိုင်ငံတော်က တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်း

၂၅။ နိုင်ငံတော်၏ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများသည် အခြားနိုင်ငံ တစ်နိုင်ငံထံမှ တရားခံလွှဲပြောင်းရယူရန် တောင်းဆိုလိုပါက ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားစာပေးပို့ရမည်။

၂၆။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပုဒ်မ ၂၅ အရ အကြောင်းကြားစာ ရရှိသည့်အခါ-

(က) သက်ဆိုင်သည့်ဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သင့်လျော်သည့် ပုဂ္ဂိုလ်များနှင့်ညှိနှိုင်းပြီး တောင်းဆိုသင့်သည်ဟု ဆုံးဖြတ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်နှင့်အညီ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်ကို တောင်းဆိုခြင်းခံရသူရှိနေသော သို့မဟုတ် ရှိနေသည်ဟု ယူဆရသော နိုင်ငံသို့ ယင်းနိုင်ငံ၏ တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့ရမည်။

၂၇။ တောင်းဆိုခြင်းခံရသူကို လွှဲပြောင်းပေးမည်ဟု လွှဲပြောင်းပေးသောနိုင်ငံ၏ အကြောင်းပြန်ကြားချက်ရရှိပါက နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းလက်ခံရန် အကြောင်းကြားရမည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းပေးသောနိုင်ငံနှင့် ဆက်သွယ်၍ လုံလောက်သော အစောင့်အရှောက်ဖြင့် လွှဲပြောင်းလက်ခံရမည်။

၂၈။ ပြည်ထဲရေးဝန်ကြီးဌာနသည် တောင်းဆိုခြင်းခံရသူကို လက်ခံရရှိပါက တောင်းဆိုခဲ့သည့် သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပေးရမည်။ ယင်းဝန်ကြီးဌာနနှင့်အစိုးရအဖွဲ့အစည်းများသည် တောင်းဆိုခဲ့သည့် ရည်ရွယ်ချက်အတိုင်း ဆက်လက်အရေးယူဆောင်ရွက်ရမည်။

### အခန်း(၇)

### အထွေထွေ

၂၉။ နိုင်ငံတော်အတွင်းရှိ တရားရုံးတစ်ရုံးက တောင်းဆိုခြင်းခံရသူအား တောင်းဆိုခြင်းခံရသည့် ပြစ်မှုမဟုတ်ဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ အခြားပြစ်မှုဖြင့် စစ်ဆေးစီရင်ဆဲဖြစ်လျှင် ယင်းစစ်ဆေး စီရင်မှုပြီးဆုံးသည်အထိ ခုံအဖွဲ့သည် တရားခံလွှဲပြောင်းရေး ကြားနာမှုကို ဆိုင်းငံ့ထားရမည်။

၃၀။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (စ) အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့က တောင်းဆိုခြင်းခံရသူကို ဖမ်းဆီးရမိကြောင်း တင်ပြလာပါက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ တောင်းဆိုသည့်နိုင်ငံသို့ အကြောင်းကြား၍ တရားခံလွှဲပြောင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၃၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် -

(က) နိုင်ငံတကာမှ တရားခံပြေးများအား ဖမ်းဆီးရမိပါက ထိုသူအား ချုပ်မိန့်ပေးရန် အခွင့်အာဏာရှိသော အနီးဆုံး တရားသူကြီးထံသို့ နိုင်ငံတကာမှ တရားခံပြေးအဖြစ် ကြေညာထားသော စာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည်။

(ခ) ဖမ်းဆီးရမိသူအပေါ် ၁၅ ရက်အတွင်း တရားခံလွှဲပြောင်းရေး တောင်းဆိုရန် တရားခံပြေး ကြေညာထားသည့်နိုင်ငံသို့ ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် ဖြစ်စေ၊ အခြားနည်းလမ်းဖြင့် ဖြစ်စေ အကြောင်းကြားရမည်။

(ဂ) တရားခံပြေးကြေညာထားသည့်နိုင်ငံက ပုဒ်မခွဲ (ခ) ပါအတိုင်း အရေးယူဆောင်ရွက်ခြင်း မပြုလျှင် ဖမ်းဆီးရမိသူအပေါ် တည်ဆဲဥပဒေအရ ဆက်လက်ဆောင်ရွက်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

---

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီရွေးချယ်ဖွဲ့စည်း

**ကျောက်တန်း ဇူလိုင် ၂၂**

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေခြင်းဖြင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ပြီး စားနပ်ရိက္ခာဖူလုံစေရန်ရည်ရွယ်ချက်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို ကျောက်တန်းမြို့နယ် ကျေးရွာများ၌ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းကို ၂၀၁၇ - ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်မည့် ပီလခတ်ကျေးရွာ၊ တမံကြီးကျေးရွာနှင့် ကမာလမ်းကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီများကို သက်ဆိုင်ရာကျေးရွာပြည်သူများကိုယ်တိုင် ဆန္ဒမဲစနစ်ဖြင့်ရွေးချယ်ကြသည် ။

အထက်ပါကျေးရွာများ၏ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းလုပ်ငန်းများကို ယမန်နေ့က ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးတင်အောင်သန်းနှင့် ကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက အောင်မြင်စွာဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**



**ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ရဲထွန်းကိုနှင့် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ မိသားစုဝင် အမျိုးသမီးများ ဇူလိုင် ၂၂ရက် နံနက် ၉ နာရီက ဖဒိုမြို့ (၅) ရပ်ကွက်ရှိ သီရိမင်္ဂလာငြိမ်းချမ်းအောင် ဘုရားကြီးဝင်းအတွင်း၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်**

ခင်ကို(ကျောက်တံခါး)

# နိုင်ငံ့ဝန်ထမ်းများကို သင်တန်းပေးမည့်အစီအစဉ်များ ရှင်းလင်းပြောကြား

**နေပြည်တော်  ဇူလိုင်  ၂၂**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် Graduate School of Public Policy (GraSPP) မှ Project Professor ဖြစ်သူ Mr. Toshiro Nishizawa ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဇူလိုင် ၂၁ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော် ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Graduate School of Public Policy (GraSPP) မှ နိုင်ငံ့ဝန်ထမ်းများအတွက် Master of Public Policy နှင့် International Programme သင်တန်းများသို့ သင်တန်းဝင်ခွင့်နှင့် ပညာသင်အခွင့်အလမ်းများဆိုင်ရာ အချက်အလက်များ ပံ့ပိုးပေးရန်နှင့် အနာဂတ်လုပ်ငန်းအစီအစဉ်များဖြစ်သော မြန်မာနိုင်ငံပညာရေးနှင့် စွမ်းရည်တည်ထောင်မှုလုပ်ငန်းအစီအစဉ်များအပေါ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများကို သင်တန်းပေးမည့်အစီအစဉ်များ၊ ပညာသင်ဆုဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**(သတင်းစဉ်)**

# ရထားလမ်းဆိုင်ရာ မူဝါဒအကြံပေးရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော်  ဇူလိုင်  ၂၂**

အသိပညာ၊ အတတ်ပညာ မျှဝေပေးရေး အစီအစဉ်ဖြင့် ကျင်းပသည့် ရထားလမ်းဆိုင်ရာ မူဝါဒအကြံပေးရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ကိုရီးယားသမ္မတနိုင်ငံ ယခင် Ministry of Land, Transport and Maritime Affairs မှ ဝန်ကြီးဟောင်း Mr.Kwon Do Youp က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့် Korea EXIM Bank မှ Director General Mr. Taeyong Lee တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံအတွင်း မြန်နှုန်းမြင့်ရထားလမ်း ဖောက်လုပ်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စီမံကိန်းဆိုင်ရာနှင့်စပ်လျဉ်း၍ Korea Transport Institute မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီး မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးမောင်မောင်သွင်၊ ဦးအောင်မြင့်လှိုင်နှင့် ကိုရီးယားသွင်းကုန်နှင့် ထုတ်ကုန်ဘဏ် (Korea EXIM Bank) မှ တာဝန်ရှိသူတို့က ဝိုင်းဝန်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တွင်း ခေတ်မီ မီးရထားလမ်းစနစ်ဖောက်လုပ်ခြင်း စီမံကိန်းနှင့်စပ်လျဉ်း၍ မြန်မာ့မီးရထားနှင့် ကိုရီးယားသွင်းကုန်နှင့် ထုတ်ကုန်ဘဏ်မှ တာဝန်ရှိသူတို့က ဆက်လက်ဆွေးနွေးကြသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ အရာထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**




# အာဇာနည်နေ့အခမ်းအနား ရွှေကူမြို့၌ ကျင်းပ

**ရွှေကူ  ဇူလိုင်  ၂၂**

နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီက ရွှေကူမြို့ အမှတ်(၄)ရပ်ကွက် အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်နှင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်ကွက်ပြည်သူများက ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုခြင်း၊ အလံတင်ခြင်းနှင့် လွမ်းသူ့ပန်းခွေချခြင်းများ ပြုလုပ်ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

# မုတ်သုံလေ အားကောင်းနေ

**နေပြည်တော်  ဇူလိုင်  ၂၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

(မိုး/ဇလ)

# ပန်းချီဆရာကြီးဦးသုခ နှစ်တစ်ရာပြည့်အကြို ပန်းချီပြပွဲပြသ

**ရန်ကုန်  ဇူလိုင်  ၂၂**

ပန်းချီဆရာကြီးဦးသုခ နှစ်တစ်ရာပြည့်အကြို ပန်းချီပြပွဲကို ဇူလိုင် ၂၂ ရက် နံနက်က ဗဟန်းမြို့နယ် အမှတ် (၈၄-A) သံလွင်လမ်းသွယ် New Treasure Art Gallery ၌ ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ပန်းချီဆရာကြီး ဦးသုခဖောင်ဒေးရှင်းက နာယကများနဲ့ အလုပ်အမှုဆောင်အဖွဲ့မှ ပန်းချီဆရာ ၂၁ဦးက တစ်ဦးကို ပန်းချီကားသုံးကားစီဖြင့် စိတ်ကြိုက်ဆွဲပြီး ပြသတာဖြစ်ပါတယ်၊ ပန်းချီကားရောင်းရတဲ့ငွေများကို ၂၀၁၈ ခုနှစ် နိုဝင်ဘာမှာ ဆရာကြီးရဲ့ နှစ်တစ်ရာပြည့်အတွက် လှူဒါန်းသွားမှာ ဖြစ်ပါတယ်။ ယခုနှစ် နိုဝင်ဘာ ၁၁ ရက်မှာ နှစ်စဉ် ဆရာကြီးဦးသုခကို ရည်စူးပြီး သက်ကြီး ကန်တော့ပွဲနဲ့ ပန်းချီပြသပွဲတွေ ဆက်လုပ်သွားမှာ ဖြစ်ပါတယ်ဟု" ဖောင်ဒေးရှင်းဥက္ကဋ္ဌ ပန်းချီဆရာမင်းဝေအောင်က ပြောသည်။

ပန်းချီဆရာကြီး ဦးသုခသည် ၁၃၁၈ ခုနှစ်တွင် မွေးဖွားခဲ့ပြီး အသက် ၁၅၊ ၁၆ နှစ်မှ ပန်းချီစတင်ရေးဆွဲပြီး နှစ်ပေါင်း ၈၀ ကျော်ရှိကာ ၂၀၀၇ ခုနှစ် နိုဝင်ဘာတွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

"ဆရာကြီးဦးသုခက ကျွန်တော်နဲ့ နှစ်ပေါင်းများစွာ ရင်းနှီးခဲ့ကြတယ်၊ ပန်းချီ၊ ပန်းပုသင်တန်းကျောင်းမှာ ကျောင်းသားတွေကို အလွန်စိတ်ရှည်တဲ့ ဆရာဖြစ်တယ်။ သဘာဝပန်းချီတွေကိုသင်ပေးတာများတယ်၊ လူငယ်များကို ပန်းချီလောကထဲ စည်းရုံးတတ်တဲ့သူ ဖြစ်ပါတယ်"ဟု ဒါရိုက်တာ ပန်းချီဆရာ ဦးဝင်းဖေက ပြောသည်။

ပန်းချီဆရာကြီး ဦးသုခ နှစ်တစ်ရာပြည့် အကြိုအထိမ်းအမှတ် ပန်းချီပြပွဲကို ဇူလိုင် ၂၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြသမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



# ဥပဒေဘွဲ့ရသူများအသင်း ထူးချွန်သူများ ဆုချီးမြှင့်မည်

**ရန်ကုန်  ဇူလိုင်  ၂၂**

မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်းသည် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အသင်းဝင်များ၏ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ သားသမီးများကို ထူးချွန်ဆုပေးပွဲကျင်းပမည်ဖြစ်ပြီး ဥပဒေပညာအကြောင်းအရာ သိကောင်းစရာများနှင့် ဥပဒေပညာပြန့်ပွားရေးအတွက် ဟောပြောပွဲများကိုလည်း တက္ကသိုလ်များတွင် ကျင်းပရန်စီစဉ်နေကြောင်း အသင်းဥက္ကဋ္ဌ ဦးဘတင့်ဆွေက ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်း အသင်းဝင်များ၏ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများနှင့် ဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူများ အနေဖြင့် အသင်းအထွေထွေအတွင်းရေးမှူး ဦးအောင်ဌေးဦး ဖုန်း ၀၉-၅၁၈၁၉၀ နှင့် အသင်းရုံးအဖွဲ့မှူး ဒေါ်ယဉ်ယဉ်မြတ် ဖုန်း ၀၉-၇၇၇၁၆၆၁၈၈ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၃၄၉)

# မြန်မာ့ပင်လယ်ပြင် လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ကိုးပေ မှ ၁၁ ပေခန့် ရှိနိုင်သည်။ (မိုး/ဇလ)

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇူလိုင်လ(၁၂)ရက်နေ့မှ ဇူလိုင်လ(၁၇)ရက်နေ့အထိ ထွက်ရှိသော စာအုပ်များစာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | အပြုံးတစ်ပွင့်လက်ဆောင် | အရှင်သုမင်္ဂလ(စစ်ကိုင်း) | ၂၅၀၀ | လင်းလွန်ခင် |
| ၂ | အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) မှတ်စုများ | မိုးသိမ်း | ၁၅၀၀ | မဇ္ဈိမ |
| ၃ | သူ့နေရာ၊ သူ့စကား၊ ဘောဂဗေဒ | မောင်မောင်စိုး | ၂၅၀၀ | စိတ်ကူးချိုချို |
| ၄ | တစ်ပတ်အတွင်း ဝိတ်ချနည်း | ဒေါက်တာအေးမင်းထူး | ၃၀၀၀ | Treasure |
| ၅ | တက္ကသိုလ်ဝန်းကျင်ပုံရိပ်များနှင့်အတွေးများ | မောင်ခင်မင်(ဓနုဖြူ) | ၂၅၀၀ | - |
| ၆ | မေဝင်းမြင့်ကိုရသချို | ကလောင်စုံ | ၆၀၀၀ | လင်းလွန်းခင် |
| ၇ | အင်ကြင်းပွင့်မျက်ရည်စက်များကဗျာရှည် | လင်းဝေ(ကောလင်း) | ၁၀၀၀ | ယဉ်မျိုး |
| ၈ | အဘိဓမ္မာဒေသနာနည်းလာဇာတ်ပညာအဖွင့် | ဒေါက်တာမောင်ဖြေ | ၂၅၀၀ | နိုင်ငံ့ဂုဏ်ရည် |
| ၉ | ပြည်ပက ဟာဒယရှင်ဆေး | မောင်ကျေးဇူး | ၁၀၀၀ | ရန်အောင် |
| ၁၀ | ရှေ့နေကြီးပယ်ရီမေဆင်နှင့်တေလေမအမှု | မောင်ဝံသ | ၃၀၀၀ | - |
| ၁၁ | ကျွန်းစဉ်မြေစောခက် | ပြေးလမ်း | ၂၀၀၀ | - |
| ၁၂ | ကော်ဖီည | မင်းခိုက်စိုးစန် | ၂၃၀၀ | စိတ်ကူးချိုချို |
| ၁၃ | ကြိုက်လွန်းလို့မှတ်ဖြစ်ခဲ့တဲ့စာ | ဇော်ခိုင်ဦး | ၂၅၀၀ | စိတ်ကူးချိုချို |
| ၁၄ | ဥပဒေထက်စစ်အာဏာရှင်များနှင့်မုဒ္ဒုံသား | ထက်ရဲနိုင် | ၂၅၀၀ | အာရုဏ်သစ် |
| ၁၅ | စာဖတ်သူဘာသာစကားနှင့်လူမှုရေးအလေ့အကျင့် | မင်းခက်ရဲ | ၃၀၀၀ | နှင်းဆီဖြူ |
| ၁၆ | ခေတ်ဝန်ကိုထမ်း ခေတ်လမ်းကိုလျှောက် | ဟံသာဝတီဦးဝင်းတင် | ၃၀၀၀ | - |
| ၁၇ | လှိုင် | မင်းကျော် | ၆၀၀၀ | စိတ်ကူးချိုချို |
| ၁၈ | ရသဝတ္ထုတိုပေါင်းချုပ် | တက္ကသိုလ်မောင်အောင်ဆွေ | ၅၀၀၀ | စိတ်ကူးချိုချို |
| ၁၉ | တစ်အိုး၊ တစ်လုံးနှင့်အခြားဝတ္ထုတိုများ | မောင်ပြည်အေး(ချောက်) | ၂၅၀၀ | Global Piece Group |
| ၂၀ | မြန်မာစာပဒေသာ | တင်မိုး | ၃၀၀၀ | - |
| ၂၁ | ဝိဇ္ဇာထုံရှိတို့၏ဖိုဝင်ထုံကူးခြင်းနှင့်ဂမ္ဘီရအစုံစုံ ဆန်းကြယ်ပုံများ | မောင်မောင်သိမ်းဟန် | ၃၀၀၀ | - |
| ၂၂ | တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းနှင့်ယဉ်ကျေးမှု မျက်နှာစာ | ချစ်ဦးညို | ၂၀၀၀ | ခူဝံ |

(ဆက်လက်ဖော်ပြပါမည်)

# ကန်ကြီးထောင့်၌ ဒါးကမြစ်ရေတက်လာ၍ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်

**ကန်ကြီးထောင့် ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ ဒါးကမြစ်ရေ မြင့်တက်လာပြီဖြစ်၍ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းမှ စတင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ကန်ကြီးထောင့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့် ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် စည်ပင်ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၆၀ ခန့်တို့ဖြင့် ကန်ကြီးထောင့်မြို့မဈေး ထိပ်တွင် ရေဘေးကြိုတင်ကာကွယ်ရေး အတွက် သဲအိတ်များချ ရေကာခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ဇူလိုင် ၁၇ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဒါးကမြစ်ရေမှာ တဖြည်းဖြည်း မြင့်တက်လာရာ ယနေ့ တိုင်းထွာရရှိသော ရေအမှတ်မှာ ၁၂ ပေ တစ်လက်မသို့ ရောက်ရှိနေပြီး အဆိုပါမြို့၏ စိုးရိမ်ရေမှတ်မှာ ၁၈ ပေဖြစ်ကာ အန္တရာယ်ရေမှတ်မှာ ၆ ပေ ၂၀ ဖြစ်ကြောင်း သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**



# မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးရှောင်ပြည်သူ နှစ်သောင်းကိုးထောင်ကျော်အား အကူအညီပေးနေ

**မကွေး ဇူလိုင် ၂၂**

မြစ်ရေကြီးမှုအခြေအနေကြောင့် မကွေးတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ခြောက်မြို့နယ်မှ အိမ်ထောင်စုပေါင်း ၇၃၇၅ စု လူဦးရေပေါင်း ၂၉၀၀၉ ဦး ရေဘေးလွတ်ရာသို့ တိမ်းရှောင်နေရပြီး တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ခုနစ်ရက်စာဆန်ဖိုး ငွေကျပ် ၅၈၁၆၅၂၀၀ ထောက်ပံ့မှုများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများမှာ ဒေသတွင်းရှိ ဘုန်းကြီးကျောင်းများ၊ လမ်းမဘေးများနှင့် ရေဘေးလွတ်ရာ ကုန်းမြင့်များသို့ ရေဘေးရှောင်နေထိုင်လျက်ရှိပြီး ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဒေသလွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ကွင်းဆင်းကူညီမှုများ လုပ်ဆောင်လျက်ရှိသည်။

“မကွေးမြို့နယ်မှာ အိမ်ထောင်စု ၁၈၇ စု လူဦးရေ ၆၄၀၊ ချောက်မြို့နယ်မှာ အိမ်ထောင်စု ၂၁၉၈ စု လူဦးရေ ၃၈၃၄ ဦး၊ ရေစကြိုမြို့နယ်မှာ အိမ်ထောင်စု ၃၅၁၄ စု လူဦးရေ ၁၃၈၆၇ ဦး၊ ပခုက္ကူမြို့နယ်မှာ အိမ်ထောင်စု ၂၈၇၄ စု လူဦးရေ ၁၁၄၄၆ ဦး၊ မင်းဘူးမြို့နယ်မှာ အိမ်ထောင်စု ၅၈၃ စု လူဦးရေ ၂၁၅၉ ဦး၊ ဆိပ်ဖြူမြို့နယ်မှာ အိမ်ထောင်စု ၁၉ စု လူဦးရေ ၈၃ ဦးတို့ဟာ ဧရာဝတီနဲ့ ချင်းတွင်းမြစ်ရေကြီးမှုကြုံတွေ့နေရပါတယ်။ ဌာနအနေနဲ့လည်း အကူအညီပေးတဲ့လုပ်ငန်းတွေကို သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလုပ်ဆောင်နေပါတယ်”ဟု ညွှန်ကြားရေးမှူး ဦးမြင့်စိုးက အတည်ပြုပြောကြားသည်။

ရေကြီးမှုကြောင့် ပြောင်းရွှေ့ရခြင်းမရှိသော်လည်း မြို့နယ်အချို့တွင် ရပ်ကွက်တွင်း၊ ကျေးရွာတွင်း ရေဝင်ရောက်မှုကြုံနေရသည့် အခြေအနေများလည်း ရှိနေပြီး အရေးပေါ်အကူအညီလိုအပ်နေခြင်းများရှိပါက အကူအညီများပေးနိုင်ရန် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းလျက်ရှိကြောင်း သိရသည်။

ရေဘေးရှောင်ပြည်သူများမှာ ရှောင်တိမ်းသည့်နေရာသို့ ထမင်း၊ ဟင်းချက်စရာ ထမင်းအိုး၊ဟင်းအိုးများ ပါလာကြပြီး စားသောက်ရန် ဆန်လိုအပ်နေသည့်အတွက် တစ်ပတ်စာ ဆန်ဖိုးငွေများကို တစ်ဦးလျှင် ငွေကျပ် ၂၂၀၀ နှုန်းဖြင့် ဇူလိုင် ၁၇ ရက်မှ စတင်ထောက်ပံ့ပေးနေခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုးထံမှ သိရသည်။

**ဇေယျာတု(မကွေး)**



# မဒေါက်မြို့ စစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ်ကျော်လွန် တာဝန်ရှိသူများ ရေဘေးကာကွယ်နိုင်ရေး ကြိုတင်ဆောင်ရွက်

**မဒေါက် ဇူလိုင် ၂၂**

မဒေါက်မြို့၌ စစ်တောင်းမြစ်ရေသည် ယနေ့ မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ၁၁၀၉ စင်တီမီတာသို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက် ၃၉ စင်တီမီတာ ကျော်လွန်ရောက်ရှိနေရာ ရေဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဦးစီးမှူး၊ ဆည်မြောင်းဌာနမှ တာဝန်ရှိသူများ၊ မြို့အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါမြစ်ရေသည် ယနေ့တွင် မြစ်ကမ်းနဖူးရေကျော်ပြီး မဒေါက်မြို့မ(၁)ရပ်ကွက် မွန်စုပိုင်းနှင့် အနိမ့်ပိုင်းနေရာများ၊ မြို့မ(၂)ရပ်ကွက် အနိမ့်ပိုင်းနေရာများ မြစ်ရေဝင်ရောက်လျက်ရှိသည်။ တာဝန်ရှိသူများက စစ်တောင်းမြစ်ရေဝင်ရောက်မှုအခြေအနေ၊ မြစ်ရေတိုးမှုအခြေအနေ၊ စစ်တောင်းတာအခြေအနေနှင့် ပန်းတာအခြေအနေတို့ကို ကြည့်ရှုပြီး ဖြစ်ပေါ်လာနိုင်မည့်ရေဘေးအန္တရာယ်အတွက် လိုအပ်သည်များ ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရေဘေးသင့်သူများအား ထောက်ပံ့ငွေများပေးအပ်

**ကျိုက်ထို ဇူလိုင် ၂၂**

ကျိုက်ထိုမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး နေအိမ်များအတွင်းသို့ ရေများဝင်ရောက်ခဲ့မှုကြောင့် ရေဘေးသင့်ခံရသော ပြည်သူများအား အန္တရာယ်ဘေးမှ ကင်းလွတ်စေရန် တာဝန်ရှိသူများက ကယ်ဆယ်ရေးစခန်း ခြောက်ခု ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါကယ်ဆယ်ရေးစခန်းမှ ပြည်သူများအား မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် အဖွဲ့ဝင်များက ကော့စံနိုင်ကယ်ဆယ်ရေးစခန်းအတွက် အလှူငွေကျပ် ၁၃၉၇၅၀၀၀၊ ဆန် ၇၁ အိတ်နှင့် သောက်သုံးရေများကို လည်းကောင်း၊ ဖက္ကလိပ်ကယ်ဆယ်ရေးစခန်းအတွက် အလှူငွေ ကျပ် ၁၃၅၀၀၀၀၊ ဆန် ကိုးအိတ်နှင့် သောက်ရေသန့်များကို လည်းကောင်း၊ ဇေယျာမွန်ကယ်ဆယ်ရေးစခန်းအတွက် အလှူ ငွေကျပ် ၂၁၇၅၀၀၀၊ ဆန် ၁၄ အိတ်နှင့် သောက်ရေသန့်များကို လည်းကောင်း၊ မြောက်ပိုင်းကယ်ဆယ်ရေးစခန်းအတွက် အလှူငွေကျပ် ၁၀၇၅၀၀၀၊ ဆန် ခုနစ်အိတ်နှင့် သောက်ရေသန့် များကို လည်းကောင်း၊ တောင်သူစုကယ်ဆယ်ရေးစခန်းအတွက် အလှူငွေကျပ် ၁၀၇၅၀၀၀၊ ဆန် ခုနစ်အိတ်နှင့် သောက်ရေသန့်များကို လည်းကောင်း၊ မုပ္ပလင်ကယ်ဆယ်ရေးစခန်းအတွက် အလှူငွေကျပ် ၃၇၅၀၀၀၊ ဆန် သုံးအိတ်နှင့် သောက်သုံးရေများကို လည်းကောင်း လှူဒါန်းပေးပြီး အားပေးစကားပြောကြားခဲ့သည်။

အလားတူ အဆိုပါကယ်ဆယ်ရေးစခန်းများအတွက် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှကေသီမာက အလှူငွေကျပ် ၈၄၂၆၂၀၀ နှင့် ရိုးရိုးလေးမိသားစုက အလှူငွေ စုစုပေါင်း ကျပ်သိန်း ၂၅၀၊ ဆန်အိတ် ၁၅၀ နှင့် သောက်ရေသန့်များကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပန်းတနော်မြို့နယ်၌ မြေပြို၍ ရွှေ့ပြောင်းရသည့် အိမ်ထောင်စုများအား ထောက်ပံ့



**ပန်းတနော် ဇူလိုင် ၂၂**

ယခုရက်ပိုင်း ဧရာဝတီမြစ်ရေ မြင့်တက်ခြင်းကြောင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်အတွင်းရှိ ရေပေါ်ကြီးကျေးရွာအုပ်စုမှ အိမ်ခြေ ၁၁၉ လုံးကို ဖျက်သိမ်းကာ ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

ပန်းတနော်မြို့နယ် ရေပေါ်ကြီးကျေးရွာအုပ်စု ကုလားမချောင်းကျေးရွာ၊ အထက်ကဇင်းတောကျေးရွာနှင့် ကသင်ဝင်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာများရှိ လူနေအိမ် ၁၁၉ လုံးကို ဖျက်သိမ်းပြောင်းရွှေ့ပေးခဲ့ရပြီး သက်ဆိုင်ရာက မြေပြိုဘေးသင့်ပြည်သူများကို ဘေးကင်းစွာနေထိုင်နိုင်ရေး ဆောင်ရွက်ပေးနေကြောင်း ဒေသခံများထံမှ သိရသည်။

ထို့အပြင် ဇူလိုင် ၂၂ ရက်တွင် မြေပြိုဘေးသင့် အိမ်ထောင်စု ၁၁၉ စု အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးစီ၊ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၉၉၀၀၀၀ ၊ လူဦးရေ ၃၉၃ ဦးအတွက် ဆန်ရိက္ခာ ခုနစ်ရက်စာကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနက ဘေးသင့်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့သည်။ **သူဇာနွယ်(ဖျာပုံ)**


# မြစ်ရေကျသော်လည်း စာသင်ကျောင်းများ ဆက်လက်ပိတ်ထားမည်

**ရေစကြို ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်အကြားရှိ ကျေးရွာပေါင်း ၂၀ ကျော်မှ စာသင်ကျောင်းများမှာ မြစ်နှစ်မြစ်၏ ရေတက်များမှုကြောင့် ဇူလိုင် ၁၁ ရက်ကစတင်ပြီး ကျောင်းများပိတ်ထားရကြောင်း သိရသည်။

အဆိုပါကျေးရွာများမှာ လေ့ခုတ်ရွာ၊ ကျွန်းညိုရွာ၊ နွယ်နီရွာ၊ ဆဲတဲရွာ၊ ရေယာကရွာ၊ ငတမျှော်(ငတရော်)ရွာ၊ နေရင်းရွာ၊ ပေါက်တောရွာ၊ မင်းရွာ၊ နန်းဦးရွာ၊ ထန်းတောရွာ၊ ချင်းယားရွာနှင့် မိုးကွဲရွာများအပါအဝင် ကျန်ရှိကျေးရွာများ စုစုပေါင်း ၂၀ ကျော်မှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းပေါင်း ၂၀ ကျော် ယာယီပိတ်ထားရကြောင်း သိရသည်။

ကျွန်းညိုရွာ မူလွန်ကျောင်းအုပ် ဦးအောင်မျိုးမြင့်က “ကျွန်းညိုကျောင်းကို ဇူလိုင် ၅ က မြစ်ရေစတင်ဝင်ရောက်လာပြီး ဇူလိုင် ၉ ရက်မှာ စိုးရိမ်ရတဲ့အခြေအနေထိ မြစ်ရေတွေမြင့်တက်လာလို့ ကျောင်းပိတ်ထားရပါတယ်။ ဒီနယ်တွေက ကျောင်းသားတွေမှာ အသက်ကယ်အင်္ကျီတွေ မရှိကြဘူး။ မတော်တဆ ရေထဲပြုတ်ကျရင် ရေအနက်က ပေ ၂၀ လောက်ရှိတော့ အသက်အန္တရာယ် စိုးရိမ်ရလို့ပါ။ ကျွန်းညိုက မြေအနိမ့်ပိုင်းဖြစ်နေတော့ အထက်ရွာတွေဖြစ်တဲ့ ရေယာကရွာတို့၊



ငတမျှော်ရွာတို့ထက် ရေပိုများပါတယ်။ ကျောင်းပြန်ဖွင့်ဖို့က မြို့ပေါ် ပညာရေးမှူးအစည်းအဝေးပြီးမှ သိရမှာပါ” ဟု ပြောသည်။

ရေယာကရွာ မူလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမ ဒေါ်ဝါဝါဝင်းက “ဒီကျောင်းကို ရေဝင်လာပြီး တစ်ပတ်လောက်အထိဖွင့်ပါသေးတယ်။ နောက်တော့ ရေတွေကများလာတယ်။ ကလေးတွေက သူငယ်တန်းအရွယ်လေးတွေပါတယ်။ ကလေးတွေအတွက် အသက်အန္တရာယ်က စိုးရိမ်ရတယ်။ ရေများလာတော့ မြွေပွေးတို့၊ မြွေဟောက်တို့က ရေတွေထဲ မျောပါလာတာတွေ့တယ်လို့ ရွာခံတွေကပြောကြတယ်။ မတော်တဆ မျောပါလာတဲ့မြွေတွေက ကျောင်းကိုကပ်ပြီး ကျောင်းပေါ်ရောက်လာရင် ကလေးတွေအတွက် အင်မတန်မှ အန္တရာယ်ရှိပါတယ်။ မြစ်ရေစတက်လာတော့ မြို့နယ်ပညာရေးမှူးကို သတင်းအဆက်မပြတ်ပို့ပါတယ်။ ဇူလိုင် ၁၁ ရက်မှာတော့ ရေများလာလို့ ကျောင်းပိတ်ထားရတယ်။ ဇူလိုင် ၂၀ ရက်ကစပြီး မြစ်ရေကကျလာပေမယ့် ကျောင်းက မဖွင့်နိုင်သေးပါဘူး။ ကျောင်းထဲမှာ ရေတွေကျန်နေသေးပါတယ်။ ကလေးတွေကျောင်းရောက်ရင် အပေ့ါအပါးသွားဖို့ အိမ်သာတွေလည်း ရေမြုပ်နေတော့ အခက်အခဲရှိပါတယ်” ဟု ပြောသည်။

ထိုသို့မြစ်ရေကျလာသော်လည်း လုံးဝကျသွားခြင်းမျိုး မရှိသေးပေ။ ကျေးရွာများအတွင်းနှင့် စာသင်ကျောင်းဝင်းများအတွင်း မြစ်ရေများကျန်ရှိနေသေးသည့်အတွက် စာသင်ကျောင်းများကို ဆက်လက်ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-AMM**

# ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ပခုက္ကူမြို့နယ် ကျွန်းသီရိကျေးရွာရှိ ပြည်လုံးချမ်းသာဆုတောင်းပြည့်စေတီ ရေခသွားခဲ့

**ပခုက္ကူ ဇူလိုင် ၂၂**

ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ဇူလိုင် ၂၀ ရက် ညနေ ၄ နာရီခွဲခန့်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ဆိက္ခဝ ကျေးရွာအုပ်စု ကျွန်းသီရိကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ပြည်လုံးချမ်းသာ စေတီတော်တစ်ဆူ မြစ်ရေတိုက်စားမှုကြောင့် ရေခသွားခဲ့ကြောင်း သိရသည်။

ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ဆိက္ခဝကျေးရွာအုပ်စု - ကျွန်းသီရိကျေးရွာမှ ဒေသခံပြည်သူများက မိမိတို့ကျေးရွာ မြစ်ရေတိုက်စားမှုသက်သာစေရန် ကြိုတင်၍ သဲထုပ်များဖြင့် ရေကာတာများ စီမံဆောင်ရွက်ထားရှိခဲ့ကြောင်း သိရပြီး ထိုသို့ ရေတိုက်စားမှုဒဏ်ခံနိုင်စေရန် ကြိုတင်၍ ရေကာတာများ စီစဉ်ဆောင်ရွက်ထားရှိသော်လည်း မြစ်ရေမြင့်တက်မှုများသည့်အတွက် ကျေးရွာဘုန်းကြီးကျောင်းဝင်းအတွင်းရှိ တည်ထားကိုးကွယ်လျက်ရှိသည့် ပြည်လုံးချမ်းသာစေတီတော်မှာ မြစ်ရေများဝင်ရောက်ကာ ဘုရားအောက်ခြေ ရေတိုက်စားမှုဖြစ်ပြီး စေတီတော်မှာ ယိုင်လဲလုနီးပါးဖြစ်သွားခဲ့၍ ကျောင်းထိုင်ဆရာတော် ဦးဝေပုလ္လ ဦးဆောင်၍ ကျောင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများက စေတီတော်အား ဆိုင်းကြိုးများဖြင့် ဆွဲရစ်ပေးထားခြင်း၊ လူအားဖြင့်သဲအိတ်များဆင့်၍(ယာပုံ) ရေတိုက်စားမှုဒဏ်ခံနိုင်ရေး ရေကာတာများ စီစဉ်ဆောင်ရွက်နေသည့်ကြားမှပင် စေတီမှာ ရေခသွားခဲ့သည်။

အဆိုပါ မြစ်ရေတိုက်စားမှုကြောင့် ဆိက္ခဝကျေးရွာအုပ်စု ကျွန်းသီရိကျေးရွာပြည်သူများအနေဖြင့် ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ သာသနိကအဆောက်အအုံများ ထပ်မံမပျက်စီးစေရန် ထိန်းသိမ်းစောင့်ကြည့် လျက်ရှိကြောင်း၊ အကူအညီများ လိုအပ်လျက်ရှိနေကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



# မန္တလေးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်ခြင်းကြောင့် စိုက်ဧကတစ်သောင်းကျော် ပျက်စီး

**မန္တလေး ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး အတွင်း၌ ကွက်ကျားမိုး သည်းထန်စွာရွာသွန်းခြင်းကြောင့် ကျောက်ဆည်ခရိုင်နှင့် မြင်းခြံခရိုင်များရှိ မြို့နယ်များတွင် သီးနှံမျိုးစုံ စိုက်ဧက ၂၄၃၄၅ ဧက ထိခိုက်ပျက်စီးခဲ့ပြီး ၁၀၆၅၅ ဒသမ ၄၄ ဧက ပျက်စီးခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပညာ(စီမံကိန်း) ဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်က ပြောသည်။

"ခရိုင်နှစ်ခုက မြို့နယ် ငါးမြို့နယ်မှာ ဧကပေါင်း နှစ်သောင်းကျော် ထိခိုက်ခဲ့ပေမယ့် အပင်မသေရင် ပျက်စီးမှုမရှိဘူးလို့ သတ်မှတ်တယ်။ အခုစာရင်းက ဧပြီ ၁ ရက်ကနေ ဇွန် ၂၆ ရက်အထိ စာရင်းတွေဖြစ်ပါတယ်။ ဆက်ပြီး ပျက်စီးတာတွေတော့ ရှိတယ်။ အဲ့ဒါတွေကတော့ သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနရဲ့ ကိန်းဂဏန်းအတည်ပြုချက် မရသေးဘူး" ဟု ၎င်းက ပြောသည်။

ပျက်စီးခဲ့သည့် မြို့နယ်များအနေဖြင့် ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦးနှင့် မြင်းခြံခရိုင်ရှိ မြင်းခြံ၊ တောင်သာမြို့နယ်များဖြစ်ကြပြီး နှမ်းစပါး၊ နှမ်းနှမ်း၊ မိုးနှမ်း၊ မိုးမြေပဲနှင့် ပဲတီစိမ်းသီးနှံစိုက်ဧကများ ပျက်စီးခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

အဆိုပါပျက်စီးခဲ့သည့် စိုက်ဧကများတွင် တောင်သူများမှ မိုးစပါး၊ ကြက်သွန်၊ မြေပဲ၊ မိုးနှောင်း ချည်မျှင်ရှည်ဝါနှင့် ကုလားပဲတို့ကို ပြန်လည်စိုက်ပျိုးရန် တင်ပြထားပြီး လက်ရှိတွင် မိုးစပါး စိုက်ပျိုးရန် ဧကပေါင်း ၁၀၀၈၁ ဧက ရှိသည့်အနက် တိုင်းဒေသကြီး အရန်စပါးမျိုးစေ့မှ စပါးတင်းပေါင်း ၄၉၁၉ တင်းကို စဉ့်ကိုင်မြို့နယ်သို့ ပံ့ပိုးပေးခဲ့ပြီး ကျန်သီးနှံများအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကွက်ကျားမိုးကြောင့် ပျက်စီးခဲ့သည့် စိုက်ဧကများအနက် နှမ်းစပါး ၇၈ ဒသမ ၄၅ ဧက၊ နှမ်းနှမ်း ၉၇၇၁ ဒသမ ၆၅ ဧက၊ မိုးနှမ်း ၁၀၄ ဒသမ ၉၆ ဧက၊ မိုးမြေပဲ ၅၈ ဒသမ ၃၈ ဧကနှင့် ပဲတီစိမ်း ၆၄၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ရေကြီးမှုကြောင့် ကျောက်တံခါးမြို့နယ် ရပ်ကွက်၊ ကျေးရွာများအတွင်း ရေလွှမ်း

**ကျောက်တံခါး ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ဇူလိုင် ၂၂ ရက်က ရေကြီးမှုများ ဖြစ်ပေါ်ကာ ရပ်ကွက်၊ ကျေးရွာအချို့နှင့် အနိမ့်ပိုင်းလယ်မြေများ ရေလွှမ်းခြင်းခံခဲ့ရပြီး ဖဒိုဒေသ ကုန်းလည်ရိုး ကိုယ့်အားကိုယ်ကိုးသစ်သားတံတားတစ်စင်း ရေထဲမျောပါသွားခဲ့ကြောင်း သိရသည်။



"မိုးက အဆက်မပြတ် နေ့ညရွာတာကြောင့် ချောင်းတွေရေလျှံပြီး ရပ်ကွက်နဲ့ ကျေးရွာအချို့ကို ရေများဝင်ရောက်ခဲ့ပါတယ်။ အနိမ့်ပိုင်းလယ်မြေတွေလည်း ရေနစ်မြုပ်နေဆဲပါ။ စစ်တောင်းမြစ်ရေက ကမ်းပြည့်ပြီး ထောက်နေတော့ အောက်ကို ရေကမဆင်းဘူးဖြစ်နေတယ်။ အခု ဒီနေ့ စစ်တောင်းမြစ်ရဲ့စိုးရိမ်ရေမှတ်ဟာ မဒေါက်မြို့မှာ ၁၀၇၀ စင်တီမီတာအထိ ရောက်ရှိနေပါတယ်"ဟု မြို့နယ်ဆည်/မြောင်းဦးစီးမှူးက ပြောသည်။

"ကျွန်တော်တို့ ကျောက်တံခါးမြို့ပေါ်မှာတော့ ငါးရပ်ကွက်ရှိပါတယ်။ ရေအများဆုံး ဝင်ရောက်တာက ကွင်းနောက်ရပ်ကွက်၊ စာတိုက်ရပ်ကွက်နဲ့ ကွင်းမြောက်ရပ်ကွက်တွေဖြစ်ပါတယ်။ အခု ကျွန်တော်တို့ စာတိုက်ရပ်ကွက်မှာ လမ်းတွေ ရေကျော်နေပြီး နေအိမ်ခြံဝင်းထဲအထိ ရေဝင်ရောက်နေတာကြောင့် အမှန်တကယ် ထမင်းချက်စားလို့မရတဲ့အိမ်တွေကို ကျွန်တော် ဦးဆောင်ပြီး ရပ်ကွက်နေ စေတနာရှင် ပြည်သူတွေက ထမင်းထုပ်နဲ့ ရေသန့်တွေ လှူဒါန်းတာကြောင့် အခုလိုလိုက်လံဝေငှ လှူဒါန်းရခြင်းဖြစ်ပါတယ်"ဟု စာတိုက်ရပ်ကွက် အုပ်ချုပ်ရေးမှူးက ပြောသည်။ **(ဝဲပုံ)**

**ခင်ကို(ကျောက်တံခါး)**

# အင်္ဂပူမြို့နယ်တွင် ဧရာဝတီနှင့် ငဝန်မြစ်ရေမြင့်တက်မှုကြောင့် ရေနစ်မြုပ်နေသော စာသင်ကျောင်း ၃၄ ကျောင်း ယာယီပိတ်

**အင်္ဂပူ ဇူလိုင် ၂၂**

အင်္ဂပူမြို့နယ်တွင် ဧရာဝတီမြစ်နှင့် ငဝန်မြစ်ရေမြင့်တက်မှုကြောင့် ရေဝင်နစ်မြုပ်နေသောစာသင်ကျောင်းများကို ဇူလိုင် ၁၇ ရက်မှစတင်၍ ခေတ္တပိတ်ထားခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ ရေဝင်နစ်မြုပ်မှုကြောင့် အင်္ဂပူမြို့နယ်အတွင်းရှိ စာသင်ကျောင်းများကို ဇူလိုင် ၁၇ ရက်မှ ၂၁ ရက်အထိ အထက်တန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်း ရှစ်ကျောင်းနှင့် မူလတန်းကျောင်း ၂၄ ကျောင်းကို ခေတ္တပိတ်ထားကြောင်းနှင့် မြစ်ရေများကျဆင်းသွားပါက ကျောင်းများကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ပိတ်ရက်များအတွက် အစားထိုး ပြန်လည်သင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

# မိုးသည်းထန်မှုကြောင့် တောင်ကုတ်၌ ချောင်းရေလျှံမှုဖြစ်

**တောင်ကုတ် ဇူလိုင် ၂၂**

တောင်ကုတ်မြို့နယ်အတွင်း ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများကျဆင်းကာ မြေနိမ့်ပိုင်း မြို့ပေါ်ရပ်ကွက်အချို့ ရေနစ်မြုပ်ခဲ့သည်။

တောင်ကုတ်ကံပိုင်ရက်ကွက်၊ မီးစက်ကွက်သစ်၊ ချောင်းကောက်ရပ်ကွက်၊ တောင်ကုတ်-ပန်းတောင်းလမ်း အထကကျောင်းရှေ့၊ သိမ်တောင်ရပ်ကွက်နှင့် ဘောလုံးကွင်းကွက်သစ်များ ရေနစ်မြုပ်မှုဖြစ်ပွားကာ မွန်းလွဲ ၂ နာရီခန့်တွင် တောင်ကျရေများ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် နှစ်ပေခွဲကျော်လွန်လာ စာသင်ကျောင်းသုံးကျောင်းယာယီပိတ်၊ ကယ်ဆယ်ရေးစခန်းတစ်ခုဖွင့်

**ငါးသိုင်းချောင်း ဇူလိုင် ၂၂**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေသည် ဇူလိုင် ၂၂ ရက် နံနက် ၆ နာရီအချိန် တိုင်းထွာချက်အရ ၂၉ ဒသမ ၈၀ ပေ စိုးရိမ်ရေအမှတ်အထက် နှစ်ပေခွဲကျော်သို့ ရောက်ရှိလျက်ရှိရာ ယနေ့အထိ ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ကမ်းဘေး မြေနိမ့်ပိုင်းရှိ သရက်ချောင်းအလယ်စုကျေးရွာ မူလတန်းလွန်ကျောင်း၊ ရှေ့ဆောင်ရပ်ကွက် ဇီးကုန်းအမကနှင့် ငဝန်ရပ်ကွက် ရှမ်းတန်းအမက အခြေခံပညာကျောင်း သုံးကျောင်း ယာယီပိတ်ပေးထားရကြောင်း သိရသည်။

ငဝန်ရေကာတာ ကြံ့ခိုင်မှုအခြေအနေမှာ လက်ရှိရေအမှတ်တွင် ကြံ့ခိုင်မှုကောင်းမွန်နေဆဲဖြစ်ပြီး ရေကာတာတစ်လျှောက် ရေကင်းများအဆက်မပြတ် ချထားဆောင်ရွက်လျက်ရှိနေကြောင်း၊ ဒေသခံပြည်သူများမှာလည်း ပုံမှန်ဆက်သွယ် သွားလာရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

# ရွှေကျင်မြို့၌ စိုးရိမ်ရေမှတ်ကျော်လွန်မှုကြောင့် နေအိမ်များပြောင်းရွှေ့

**ရွှေကျင် ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နှင့် နီးကပ်စွာစီးဆင်းနေသည့် စစ်တောင်းမြစ်ရေ၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာနှင့် ရွှေကျင်မြစ်ရေ၏ စိုးရိမ်ရေမှတ် ၇၀၀ စင်တီမီတာဖြစ်ပြီး ဇူလိုင် ၂၂ ရက် နံနက် ၆ နာရီအချိန် တိုင်းထွာချက်များအရ စိုးရိမ်ရေမှတ်သို့ ကျော်လွန်ရောက်ရှိနေကြောင်း သိရသည်။

အဆိုပါမြစ်ရေများ စိုးရိမ်ရေမှတ်ကျော်လွန်ခဲ့မှုကြောင့် ရွှေကျင်မြို့နယ် မြို့ပေါ်ရပ်ကွက်များဖြစ်သည့် ပွဲကုန်း၊ ပျဉ်းမပင်နှင့် ညောင်ဝိုင်းရပ်ကွက်တို့မှ စုစုပေါင်း အိမ်ခြေ ၄၀ ခန့်ကို မြို့နယ်သဘာဝဘေးကြိုတင်ကာကွယ်ရေးကော်မတီက ကွင်းဆင်းကြည့်ရှုပြီး ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ပေးထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဘီးလင်းမြစ်ရေမြင့်တက်မှုကြောင့် နေအိမ်များအတွင်းရေဝင်

**ဘီးလင်း ဇူလိုင် ၂၂**

သထုံခရိုင် ဘီးလင်းမြို့နယ်တွင် ဇူလိုင် ၁၈ ရက်မှစ၍ အဆက်မပြတ်မိုးရွာမှုကြောင့် ဘီးလင်းမြစ်ရေမြင့်တက်လာပြီး ရပ်ကွက်နှင့် ကျေးရွာအချို့ရှိ အနိမ့်ပိုင်းနေရာများသို့ ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ဘီးလင်းမြို့နယ် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ဇူလိုင် ၂၂ ရက် တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေမှာ ၁၀၀၆ စင်တီမီတာဖြစ်ပြီး စိုးရိမ်ရေမှတ်အောက် ၁၆ စင်တီမီတာသို့ ရောက်ရှိနေပြီဖြစ်၍ အနိမ့်ပိုင်းဒေသများတွင် နေထိုင်ကြသည့် မိသားစုများအား ရေဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းများသို့ ကြိုတင်ပြောင်းရွှေ့စေရေး သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက အသိပေးနှိုးဆော်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦးနှင့် မြို့နယ်ရှိ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့် လူမှုကယ်ဆယ်ရေးအဖွဲ့များကလည်း လိုအပ်သည့်ကယ်ဆယ်ရေးလုပ်ငန်းများ စီစဉ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မိုးသည်းထန်စွာရွာ၍ တောင်ကျရေများကျဆင်း တိရစ္ဆာန်များ သေဆုံးမှုဖြစ်ပွား

**ငွေဆောင် ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့ မဒေါ့ကုန်းကျေးရွာ၌ ဇူလိုင် ၂၂ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေများကျဆင်းလာသဖြင့် မဒေါ့ကုန်းကျေးရွာရှိ နေအိမ် ၄၉ လုံး၏ မီးဖိုချောင်များ ရေနစ်မြုပ်ခဲ့ပြီး နွားများနှင့် FMI ကုမ္ပဏီပိုင် ဆိတ်ကောင်ရေ ၅၀ ခန့် ရေနစ်မြုပ်၍ သေဆုံးခဲ့ကြောင်း သိရသည်။ **မူမူ(ပြန်/ဆက်)**

# အိမ်ဖြူတော်ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ် ရှောင်စပိုက်ဆာ ရာထူးမှနုတ်ထွက်

**ဝါရှင်တန် ဇူလိုင် ၂၂**


အိမ်ဖြူတော်ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ရှောင်စပိုက်ဆာသည် ယမန်နေ့က ရာထူးမှ နုတ်ထွက်လိုက်ကြောင်း သိရသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က နယူးယောက်မှ ငွေကြေးအမြောက်အမြားထောက်ပံ့သူ အန်တိုနီစကာရမ်မက်ဆီအား အိမ်ဖြူတော်ပြန်ကြားရေးညွှန်ကြားရေးမှူးသစ်အဖြစ်ခန့်အပ်ပြီးနောက် စပိုက်ဆာက အဆိုပါရာထူးခန့်အပ်မှုကို သဘောမတူသည့်အနေဖြင့် ရာထူးမှ နုတ်ထွက်လိုက်ခြင်းဖြစ်ကြောင်းသိရသည်။

ထို့အပြင် စပိုက်ဆာက အန်တိုနီ စကာရမ်မက်ဆီအား အိမ်ဖြူတော်ပြန်ကြားရေး ညွှန်ကြားရေးမှူးသစ်ခန့်အပ်လိုက်သည့်အတွက် သမ္မတထရန့်အား ကန့်ကွက်လိုက်ကြောင်း အမေရိကန်မီဒီယာတွင်ဖော်ပြခဲ့သည်။

စပိုက်ဆာအား ရာထူးမှ မနုတ်ထွက်ရန် သမ္မတထရန့်က ပြောသော်လည်း စကာရမ်မက်ဆီအား ခန့်အပ်လိုက်ခြင်းသည် ကြီးမားသော အမှားတစ်ခုဟုဆိုကာ ရာထူးမှ နုတ်ထွက်လိုက်ခြင်းဖြစ်သည်။ အကယ်၍ ၎င်းသာရာထူးမှ မနုတ်ထွက်ဘဲ ဆက်ရှိနေမည်ဆိုပါက ထပ်မံခန့်အပ်လိုက်သော အိမ်ဖြူတော်ပြန်ကြားရေးညွှန်ကြားရေးမှူးသစ်လက်အောက်တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ အမေရိကန်နိုင်ငံနှင့် သမ္မတဒေါ်နယ်ထရန့်အတွက် တာဝန်ထမ်းဆောင်ခွင့်ရသည့်အတွက် ဂုဏ်ယူကြောင်း ၎င်း၏ လူမှုရေး စာမျက်နှာဖြစ်သော တွစ်တာတွင် ဖော်ပြခဲ့သည်။ ၎င်းအနေဖြင့် ဩဂုတ်လအထိ ဆက်လက်တာဝန် ထမ်းဆောင်ဦးမည်ဖြစ်ကြောင်း သိရသည်။

စပိုက်ဆာသည် သတင်းစာရှင်းလင်းပွဲများတွင် သတင်းစာဆရာများနှင့် ထိပ်တိုက် ရင်ဆိုင်မှုများရှိခဲ့ပြီးနောက် အိမ်ဖြူတော်အတွက် အငြင်းပွားဖွယ်ရာ ပြယုဂ်တစ်ခု ဖြစ်လာခဲ့သလို အသက် ၄၅ နှစ်ရှိပြီဖြစ်သော ၎င်းအနေဖြင့် ရီပတ်ဘလစ်ကန်အမျိုးသားကော်မတီတွင် ဆက်သွယ်ရေးညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

စကာရမ်မက်ဆီသည် အမေရိကန်နိုင်ငံရေးသမားများကို ငွေကြေးအမြောက်အမြားထောက်ပံ့သူတစ်ဦးဖြစ်ကြောင်း သိရပြီး ဘဏ်လုပ်ငန်းများနှင့် အခြားငွေကြေးဆိုင်ရာလုပ်ငန်းများတွင် ကျွမ်းကျင်သူတစ်ဦးဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**



အိမ်ဖြူတော်ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်ရှောင်စပိုက်ဆာကို ဇူလိုင် ၂၁ ရက်က အိမ်ဖြူတော်သို့အလာ တွေ့ရစဉ်




နယူးဇီလန်နိုင်ငံ တောင်ဘက်ကျွန်းရှိ ခရစ်ချက်ချ်ဒေသတွင် ရေလွှမ်းမိုးနေသည်ကို တွေ့ရစဉ်

## နယူးဇီလန်တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေကြီးမှုများဖြစ်ပွား၊ လူများဘေးလွတ်ရာသို့ပြောင်းရွှေ့

**ဝဲလ်လင်တန် ဇူလိုင် ၂၂**

နယူးဇီလန်နိုင်ငံ တောင်ဘက်ကျွန်းရှိ ခရစ်ချက်ချ်နှင့် အနီးဝန်းကျင်ဒေသများတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေဘေးဒုက္ခရင်ဆိုင်ခဲ့ရကာ နေအိမ်ရာပေါင်းများစွာ ရွှေ့ပြောင်းမှုပြုလုပ်ခဲ့ရကြောင်း၊ ထို့အပြင် ဇူလိုင် ၂၂ ရက်က အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခဲ့သည်။

မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ခရစ်ချက်ချ်ဒေသရှိ ဟက်သ်ကုတ်မြစ်ကမ်းပါး ပြိုကျမှုဖြစ်ပွားခဲ့ရာ ရေကြီးမှုများပိုမိုမြင့်တက်လာပြီး ရေဆိုးများလည်း လမ်းများပေါ်သို့ လျှံတက်လာခဲ့သည်။

ထို့အပြင် ခရစ်ချက်ချ်မြို့တော်ဝန် လီယန်နီဒယ်ဇယ်က မုန်တိုင်းတိုက်ခတ်မှုကြောင့် နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် ဒီရေဆက်လက်မြင့်တက်လာနိုင်သည့်အတွက် ကြိုတင်ကာကွယ်မှုများ အပြည့်အဝလုပ်ဆောင်ရန် ပြည်နယ်အဆင့်အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။

ရေလွှမ်းမိုးသည့်ဒေသများတွင် နေထိုင်သူများအနေဖြင့်လည်း ရေကြီးလာပါက မိမိနေအိမ်တွင်း၌ သာနေ၍ အကူအညီများ စောင့်ဆိုင်းရန် သတိပေးချက်များ ထုတ်ပြန်ထားသည်။

အစောပိုင်းက ပြည်သူများအား ရေဘေးကာကွယ်ရေးနေရာသို့ သွားရန် တိုက်တွန်းခဲ့သော်လည်း ဒီရေများ အလျင်အမြန် တိုးမြင့်လာနိုင်သောကြောင့် အခြေအနေကိုအရေးပေါ်ပြောင်းလဲလိုက်ခြင်းဖြစ်ကြောင်းသိရသည်။

ခရစ်ချက်ချ်ဒေသအနီးအန္တရာယ်ရှိလမ်းများအား ပိတ်ထားခဲ့ရကြောင်း သိရသည်။

ထို့အပြင် တောင်ဘက်ကမ်းမြစ်ဝ အစွန်ပိုင်းမြေနိမ့်ဒေသများအတွင်း ရေလွှမ်းမိုးမှုမှာ ပိုမိုဆိုးရွားလာခဲ့ကြောင်း သိရသည်။ အစိုးရအကူအညီပေးရေးအဖွဲ့များကလည်း ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ရှန်ဟိုင်းတွင် အဆောက်အအုံဖြိုချရာမှ မတော်တဆဖြစ်ပွားကာ လူငါးဦးသေဆုံး

**ရှန်ဟိုင်း ဇူလိုင် ၂၂**

ရှန်ဟိုင်းတွင် အဆောက်အအုံတစ်လုံးကို ယမန်နေ့က ဖြိုချခဲ့ရာ မတော်တဆမှုကြောင့် သေဆုံးသူဦးရေမှာ ငါးဦးအထိမြင့်တက်လာပြီဖြစ်ကြောင်း ပြည်နယ်အာဏာပိုင်များက ဇူလိုင် ၂၂ ရက်က ပြောကြားခဲ့သည်။ အုတ်ကျိုးအုတ်ပဲ့များကြားမှ လူခြောက်ဦးကို ဆွဲထုတ်ခဲ့ရကြောင်း၊ သို့သော်လည်း နောက်ပိုင်းတွင် ငါးဦးမှာ ဆေးရုံ၌သေဆုံးခဲ့ကြောင်း သိရသည်။ ခြောက်ယောက်မြောက် ဖြစ်သူမှာလည်း ဒဏ်ရာအခြေအနေပြင်းထန်ကြောင်း သိရသည်။

အဆောက်အအုံဖြိုချမှုကြောင့် ပျက်စီးအုတ်ကျိုးအုတ်ပဲ့များသည် ဘေးဘက်ကပ်လျက်ရှိသော ဟိုတယ်ပေါ်သို့ ပြုတ်ကျခဲ့၍ မတော်တဆမှုများဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ဇူလိုင် ၂၂ ရက် အစောပိုင်းက အပြီးသတ်လုပ်ဆောင်ခဲ့သော်လည်း မတော်တဆမှုဖြစ်ပွားရသည့်အကြောင်းရင်းကို ဆက်လက်စုံစမ်းနေကြောင်း သိရသည်။

(ဆင်ဟွာ)

# တရုတ်နှင့်ရုရှား ဘောလ်တစ်ပင်လယ်ပြင်၌ ပူးတွဲစစ်ရေးပြမည်

**ကလင်းနာဂရက် (ရုရှား) ဇူလိုင် ၂၂**

တရုတ်နှင့် ရုရှားစစ်ရေးပြပွဲကို လာမည့် ဇူလိုင်လကုန်ပိုင်းတွင် ဘောလ်တစ်ပင်လယ်ပြင်၌ ကျင်းပမည်ဖြစ်ရာ တရုတ်ရေတပ်သင်္ဘောစုသည် ရုရှားနိုင်ငံ ကလင်းနာဂရက်မြို့သို့ မကြာသေးမီက ရောက်ရှိလာခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

တရုတ်ရေတပ်သင်္ဘောစုတွင် ဖျက်သင်္ဘောတစ်စင်း၊ ဖရီးဂိတ် စစ်သင်္ဘောတစ်စင်း၊ ထောက်ပံ့သင်္ဘောတစ်စင်း၊ ရဟတ်ယာဉ်တင်သင်္ဘောနှင့် သင်္ဘောသားများ ပါဝင်ကြောင်း သိရသည်။ ထို့အတူ ရုရှားဘက်ကလည်း ဖရီးဂိတ်စစ်သင်္ဘောတစ်စင်း၊ လေယာဉ်များနှင့် ရဟတ်ယာဉ်များအပါအဝင် ရေတပ်သားများပါဝင်စစ်ရေးပြမည်ဖြစ်ကြောင်းသိရသည်။

စစ်ရေးပြပွဲတွင် လေကြောင်းကာကွယ်မှု၊ ပင်လယ်ရေကြောင်းရှာဖွေရေးနှင့် ကယ်ဆယ်ရေး၊ ပြန်လည်ဖြည့်တင်းရေးနှင့် အခြားစစ်ရေးပြလေ့ကျင့်ခြင်းများကို ပူးတွဲလုပ်ကိုင်မည်ဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာ ချစ်ကြည်ရင်းနှီးမှုနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်ရေးအရ စိန့်ပီတာစဘာ့ခ်မြို့၌ ကျင်းပမည့် ရုရှားရေတပ်နေ့အခါသမယ စစ်ရေးပြအခမ်းအနားသို့ တရုတ်နှင့် ရုရှားရေတပ်တို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ပင်လယ်ပြင်ပူးတွဲစစ်ရေးပြပွဲ ၂၀၁၇ ဟု အမည်ပေးထားသော အဆိုပါစစ်ရေးပြပွဲကို ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် ပင်လယ်ပြင်၌ ဘေးအန္တရာယ်ကင်းသော စီးပွားရေးဆိုင်ရာ လုပ်ဆောင်မှုများလုပ်ဆောင်ရာတွင် ကာကွယ်မှုပြုရန် ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**



ပင်လယ်ဝါတွင် အစောပိုင်းက ပြုလုပ်ခဲ့သော တရုတ်-ရုရှားရေတပ်ဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို တွေ့ရစဉ်

# မကွေးဒေသတွင်းသို့ တားမြစ်ဆိုးဆေးပါ ငါးပိများဝင်ရောက်နေကြောင်းသတင်းအရ တားဆီးနိုင်ရေးဆောင်ရွက်နေ



**မကွေး ဇူလိုင် ၂၂**

ရန်ကုန်မြို့ ဘုရင့်နောင်ရှိ ပွဲရုံများကို FDA မှ ရှေ့လျားဓာတ်ခွဲခန်းဖြင့် ဝင်ရောက်စစ်ဆေးခြင်းများ ဆောင်ရွက်မှုအကျိုးဆက်အဖြစ် ဆိုးဆေးပါငါးပိများကို အခြားတိုင်းဒေသကြီးများသို့ ကုန်တင်ယာဉ်များဖြင့် သယ်ယူပို့ဆောင်မှုများရှိနေကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းသို့လည်း ဝင်ရောက်မှုများရှိနေကြောင်း သတင်းအရ ဈေးကွက်ထောက်လှမ်းမှုများလုပ်ဆောင်ပြီး တားဆီးနိုင်ရေး ဆောင်ရွက်နေကြောင်း မကွေးတိုင်းဒေသကြီး FDA မှ သိရသည်။

"လတ်တလော ရန်ကုန်မှာ ဘုရင့်နောင်ဘက်က ပွဲရုံတွေကို FDA က ရှေ့လျားဓာတ်ခွဲခန်းနဲ့ ဝင်စစ်လိုက်တယ်။ အဲဒီမှာ ပဲပြားတွေမှာ ဖော်မလင်တွေ့တာ ၊ ငါးပိတွေမှာ ဆိုးဆေးတွေပါတာ တွေ့ရတယ်။ တွေ့တဲ့ပစ္စည်းတွေကို မျက်မြင်ဖျက်ဆီးတယ်။ အဲဒီမှာနောက်ကွယ်က သိုလှောင်ရုံတွေမှာရှိတဲ့ ငါးပိတွေက ကုန်တင်ယာဉ်တွေနဲ့ အဓိကတိုင်းကြီးလေးတိုင်းဖြစ်တဲ့ မကွေး၊ ပဲခူး၊ စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီးတွေကို ပျံ့နေတယ်ဆိုတဲ့ သတင်းရတယ်။ သတင်းပေးတဲ့သူလည်းရှိတယ်။ အဲဒါကြောင့် ဒေသတွင်းက ငါးပိတွေကိုဝယ်ပြီး ဓာတ်ခွဲစစ်တာ၊ ဈေးကွက်ထောက်လှမ်းတာတွေလုပ်နေပါတယ်"ဟု တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု ဦးစီးဌာန FDA တိုင်းတာဝန်ခံ ဒေါက်တာပြည့်ထူးက ပြောသည်။

ဈေးများတွင် အဖွဲ့စုံဖြင့် စစ်ဆေးသည့်အခါ စစ်သည့်အဖွဲ့ ဈေးအရှေ့ဘက်ခြမ်းမှာရောက်နေပြီဆိုလျှင် အနောက်ဘက်ခြမ်း၌ သိမ်းခြင်း၊ ဝှက်ခြင်းများ လုပ်နိုင်သည့်အတွက် နမူနာဝယ်စစ်ဆေးခြင်းများကို အဓိကထား လုပ်ဆောင်မည်ဖြစ်ကြောင်း ၊ အောင်လံ၊ ပခုက္ကူ ၊ မကွေးမြို့များတွင် စတင်လုပ်ဆောင်နေပြီး ဘုရင့်နောင်ပွဲရုံမှ တိုင်းဒေသကြီးထဲသို့ ဝင်လာနိုင်သည့်လမ်းကြောင်းများ၊ ဝင်ပေါက်မြို့များရှိ ဈေးများ၌ PMS ဈေးကွက်နမူနာကောက်ယူခြင်းများ လုပ်ဆောင်နေပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"စားသုံးရန်မသင့်တဲ့ စားသောက်ကုန်ပစ္စည်းတွေကို သိမ်းဆည်းခြင်း၊ လက်ကျန်ပစ္စည်းဖျက်ဆီးခြင်း၊ လက်လီမှတစ်ဆင့် ပင်ရင်းထုတ်လုပ်ဖြန့်ချိတဲ့နေရာတွေကို ရှာဖွေပြီး ပြင်းထန်စွာသတိပေးခြင်းဆိုတဲ့ လုပ်ဆောင်ရတဲ့အဆင့်တွေ ရှိပါတယ်။

" SME ကဏ္ဍ လျော့ကျသွားတာမျိုး မဖြစ်ရအောင် လုပ်ငန်းပိတ်သိမ်းတာတွေတော့ မလုပ်သေးပါဘူး။ သတိပေးပြီးရင် သူတို့ထုတ်ကုန်ကို ပြင်ခိုင်းမယ်။ ဘယ်လိုကောင်းအောင်လုပ်ရမယ်ဆိုတဲ့ အသိပညာတွေပေးသွားမယ်။ ဒီလိုလုပ်လို့မှ ဒီပစ္စည်းမှာပဲ ကန့်သတ်ဆိုးဆေးတွေပြန်တွေ့ရင်တော့ ရောင်းချခွင့် လိုင်စင်သိမ်းတာတွေ ၊ စီမံခန့်ခွဲမှုနည်းအရ အခြားအရေးယူတာတွေ ၊ တရားဥပဒေအရ အရေးယူနိုင်အောင် တရားလိုအနေနဲ့ တရားရုံးကို တင်ပြသွားတာတွေ လုပ်ရပါမယ် "ဟု ဒေါက်တာပြည့်ထူးက ပြောသည်။

ခွင့်ပြုဆိုးဆေးသုံးသော်လည်း သုံးရမည့်ပမာဏထက်ပိုသုံးထားသည့် ခွင့်ပြုပိုလျှံဆေး ပါဝင်သည့်မုန့်များကို သတိပေးတားမြစ်ထားကြောင်း၊ ခွင့်မပြုဆိုးဆေးပါသည့်မုန့် ကာလတန်ဖိုး နှစ်သိန်းခွဲဖိုးခန့်နှင့် မကွေး၊ မင်းဘူး၊ ပခုက္ကူမြို့များတွင် ဆိုးဆေးပါသည့် ဧရာသီးမုန့် ငွေကျပ်လေးသိန်းကျော်ဖိုး ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ ဧရာသီးမုန့်များတွင် ယခင်က ခွင့်မပြုဆိုးဆေး ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ပါဝင်သည်ကို တွေ့ခဲ့ရပြီး ယခုနောက်ပိုင်းပြန်စစ်သည့်အခါ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းခန့်သာ တွေ့ရှိရကြောင်း FDA ရုံးမှတ်တမ်းများအရ သိရသည်။

ခွင့်မပြုဆိုးဆေးဖြစ်စေ၊ ခွင့်ပြုဆိုးဆေးဖြစ်စေ ကျန်းမာရေးကို အနည်းနှင့်အများ ထိခိုက်နိုင်ပြီး ဓာတုပစ္စည်းစားသည့်ထဲပါသွားလျှင် အသည်းနှင့်ကျောက်ကပ်ကို အဓိကထိကြောင်း ၊ တန်းစားပြီး တန်းအန္တရာယ်ဖြစ်တာမျိုး မဟုတ်ဘဲ ၁၀ နှစ်၊ ၁၅နှစ်ကြာမှ အသည်းအဆီဖုံး၊ အသည်းကင်ဆာ၊ ကျောက်ကပ်နှင့် ပတ်သက်သည့် ရောဂါအမျိုးမျိုး ဖြစ်နိုင်ကြောင်း ၊ ဝက်စာအဖြစ် သတ်မှတ်ရောင်းချသည့် ငါးပိများကို အချို့သောပြည်သူများစားသုံးနေသည်မှာ မဖြစ်သင့်ကြောင်း ဈေးကွက်ထောက်လှမ်းရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဇေယျတု(မကွေး)**

# တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်လမ်းမကြီးဘေး မြေနှင့်သစ်ပင်များပြိုလဲ၍ ပြန်လည်ရှင်းလင်း



**လိပ်သို ဇူလိုင် ၂၂**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့တွင် မိုးရွာမှုကြောင့် တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်လမ်းမကြီး မိုင်တိုင် သကွဲပလိုကျေးရွာနှင့် ယာဒိုကျေးရွာ လမ်းတစ်လျှောက် မြေပြိုခြင်းနှင့် သစ်ပင်ကြီးများ ပြိုလဲခြင်းကြောင့် ကားလမ်းပိတ်ဆို့ခဲ့ရာ အချိန်မီသွားလာနိုင်ရေးအတွက် တာဝန်ရှိသူများက ရှင်းလင်းကြရာ ဇူလိုင် ၂၂ ရက် နံနက်ပိုင်း၌ ပြန်လည်သွားလာနိုင်ခဲ့ကြောင်း သိရသည်။

မိုးရွာမှုကြောင့် တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်လမ်းမကြီး မိုင်တိုင် သကွဲပလိုကျေးရွာနှင့် ယာဒိုကျေးရွာ လမ်းတစ်လျှောက် မိုင်တိုင်အမှတ် ၄၈ နှင့် ၆၇ ကြားတွင် မြေနှင့်သစ်ပင်များပြိုခြင်း၊ မိုင်တိုင် ၅၀ အနီးတွင် သစ်ပင်ကြီးများပြိုလဲခြင်းကြောင့် လမ်းပေါ်သို့ ပိတ်မိနေရာ ကားလမ်းခေတ္တပိတ်ထားခဲ့ရသဖြင့် အမြန်ဆုံးပြန်လည်သွားလာနိုင်ရေးအတွက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ကြီးကြပ်မှုဖြင့် စက်ယန္တရားကြီးများ အသုံးပြု၍ ဆောက်လုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများက ဝိုင်းဝန်းစုပေါင်းရှင်းလင်းကြရာ ပြန်လည်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# မော်ဟန်-လွဲခမ်းတောင်ပတ်လမ်း ရေရှည်တွင် ယာဉ်အတက်အဆင်းအန္တရာယ်ဖြစ်စေနိုင် ပြန်လည်ပြုပြင်ရန် ဒေသခံများလိုလား

**မိုးညှင်း ဇူလိုင် ၂၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်-လွဲခမ်း တောင် တောင်ပတ်လမ်းသည် အတက်၊ အဆင်း အကွေ့အကောက်များကြောင့် မော်တော်ယာဉ်နှစ်စီး တိမ်းရှောင်ရာတွင် မကြာခဏ တိမ်းမှောက်မှုများဖြစ်ပေါ်လျက်ရှိရာ ယာဉ်မောင်းများနှင့် ဒေသခံများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်စေရန်အတွက် အရှည်တစ်မိုင်ခန့်ရှိသော အဆိုပါလမ်းပိုင်းကို ပြုပြင်ပေးစေလိုကြောင်း သိရသည်။

"ဒီလမ်းပိုင်းက ရေရှည်မှာ အန္တရာယ်များပါတယ်။ မော်တော်ယာဉ်တွေ မကြာခဏ တိမ်းမှောက်လေ့ရှိပါတယ်။ မော်တော်ယာဉ်တွေ တိမ်းမှောက်ပြီဆိုရင် အမြဲတမ်းပဲ အချိန်မီသွားရောက်ကူညီနေရတာပါ။ ဒီလမ်းပိုင်းကို အသစ်ပြန်လည်ပြုပြင်နိုင်ဖို့ လိုအပ်လာပါပြီ"ဟု မော်ဟန်ရွာမှ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါလွဲခမ်းတောင်သည် တောင်ပတ်လမ်း အရှည်ပေ ၄၀၀၀ ကျော်ခန့်ရှိပြီး မော်ဟန်ကျေးရွာမှ တစ်မိုင်ခန့်အကွာ ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီးပေါ်တွင်တည်ရှိသောကြောင့် ကချင်ပြည်နယ်၏ အဓိကကုန်စည်စီးဆင်းရာတွင် အရေးပါသောလမ်းမကြီးတစ်ခုဖြစ်ကြောင်း သိရသည်။ (ဝ၆၇)



မော်ဟန်-လွဲခမ်း တောင်ကွေ့အဆင်းတွင် ဇူလိုင် ၁၆ ရက်က ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့စဉ်

# မောင်တောမြို့နယ်အတွင်း မိုးစပါး ဧက ၇၀၀၀၀ ကျော် စိုက်ပျိုးမည်



**မောင်တော ဇူလိုင် ၂၂**

မောင်တောမြို့နယ်အတွင်း ယခုမိုးရာသီ၌ မိုးစပါးဧက ၇၀၀၀၀ ကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ မြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ မိုးရာသီမှာတော့ မိုးစပါးဧက ၇၄၇၄၄ ဧက စိုက်ပျိုးသွားဖို့ လျာထားဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုစိုက်ပျိုးနိုင်အောင်လည်း မျိုးစပါးတွေ၊ ဓာတ်မြေဩဇာတွေ၊ လက်တွန်းထွန်စက်တွေ ထောက်ပံ့ပေးတာတွေ ဆောင်ရွက်လျက် ရှိပါတယ်" ဟု မောင်တောမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းဝေက ပြောသည်။

ပြီးခဲ့သော မိုးရာသီက မောင်တောမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးဧက ၇၃၇၀၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ တစ်ဧကအထွက်နှုန်း တင်း ၈၀ မှ တင်း ၁၀၀ ထွက်ကြောင်း ၎င်းကပြောသည်။

ယခုအခါ မောင်တောဒေသနေ လယ်သမားများအနေဖြင့် စပါးပျိုးထောင်ခြင်း၊ လယ်ယာမြေများ ထွန်ယက်ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်လျက်ရှိသည်။ သို့သော်လည်း ထွန်ယက်ခြင်းမရှိသော လယ်မြေများကိုလည်း တွေ့ရသည်။

မောင်တောဒေသတွင် လူဦးရေ တိုးတက်လာသည့်အလျောက် စားသုံးမှုဖူလုံစေရန် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့် စပါးမျိုးများကို နှစ်စဉ်တင်သွင်း စိုက်ပျိုးလျက်ရှိကြောင်း ဦးသိန်းဝေက ပြောသည်။

**သတင်း မြင့်မောင်စိုး၊ အောင်ကျော်ဦး**

**ဓာတ်ပုံ-သက္က**

# အဒူဆူဝမ်း အသတ်ခံရမှုဖြစ်စဉ်မှ မသင်္ကာသူကိုးဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၂**

ဘူးသီးတောင်မြို့နယ် ဇရန့်ချောင်းကျေးရွာအုပ်စု မောင်နှမကျေးရွာ၌ အဒူဆူဝမ်း အသတ်ခံမှုဖြစ်စဉ်မှ မသင်္ကာသူ ကိုးဦးအား ယမန်နေ့ နံနက် ၅ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထပ်မံဖမ်းဆီးရမိကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ် မောင်နှမကျေးရွာနေ အဒူဆူဝမ်း အသတ်ခံရမှုဖြစ်စဉ်မှ တရားခံများဖမ်းဆီးရမိရေးအတွက် လှည့်ကင်းဆောင်ရွက်ခဲ့ရာ ယမန်နေ့ နံနက် ၅ နာရီက မောင်နှမကျေးရွာနေ မသင်္ကာသူ မာမောက်ဆွေယောနူရ်ပါ ကိုးဦးအား ထပ်မံဖမ်းဆီးရမိပြီး နယ်မြေစခန်း၌ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဒေါပုံမြို့နယ်၌ အလိုအလျောက်မီတာဖတ်စနစ် စမ်းသပ်အသုံးပြုမည်

**ရန်ကုန်  ဇူလိုင် ၂၂**

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအလိုအလျောက် မီတာဖတ်စနစ် (AMR-Automatic Meter Reading)ကို ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ ဩဂုတ် ၁ ရက်တွင် စတင်စမ်းသပ် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလိုအလျောက်မီတာဖတ်စနစ်ပြောင်းလဲမှုနှင့် ပတ်သက်၍ Myanmar Machinery Manufacturing ကုမ္ပဏီမှ ဦးနေသူအောင်က "အခု AMR (Automatic Meter Reading) စနစ်ပြောင်းလိုက်ရင် မီတာဖတ်စာရေး မလိုတော့ဘူး။ ၁ ရက်နေ့ဆိုရင် ကွန်ပျူတာနဲ့ မီတာဖတ်ထားတဲ့အတွက် ခလုတ်နှိပ်လိုက်ရင် လိုအပ်တဲ့ အချက်အလက်အားလုံးရောက်လာမယ်။ သုံးစွဲသူတွေအနေနဲ့ကလည်း တစ်ယူနစ်သုံးရင် တစ်ယူနစ်စာပဲ ဆောင်ရမယ်။ လူကြောင့်ဖြစ်လာတဲ့ အမှားအယွင်းတွေ ပျောက်သွားမယ်။ AMR က ရလာတဲ့အချက်အလက်တွေကို Print out တန်းလုပ်မယ်။ လူမသုံးတော့ဘူး။ ဒီစနစ်နဲ့ ဘေလ် ထုတ်တဲ့အတွက် သုံးစွဲသူလက်ထဲကို ဘေလ်က စောစောရောက်သွားမယ်။ ဘေလ်မဝေခင်စပ်ကြားမှာလည်း သုံးစွဲသူက သူ့ဒီလ ဘေလ်ဘယ်လောက် ရှိတယ်ဆိုတာ ဖုန်းထဲမှာကြည့်လို့ရတယ်။အဲဒီ ပရိုဂရမ်ကိုလည်း ဂူဂဲနဲ့ချိတ်ပြီး တင်ပေးထားတယ်။ သုံးစွဲသူတွေကိုလည်း အသေးစိတ်ဘေလ်ဝေရင်းနဲ့ရှင်းပြပေးမယ်။ ဒီအပေါ်မှာလည်း ဝန်ဆောင်မှုစရိတ်တွေ ဘာတွေ မတောင်းပါဘူး။ ကျွန်တော်တို့ မီတာကို အသုံးပြုတဲ့အတွက် ဝန်ဆောင်မှုအနေနဲ့ အခမဲ့လုပ်ပေးမှာပါ။ မီးသုံးစွဲသူတစ်ယောက် ဘေလ်လာဆောင်တာနဲ့ ဘားကုဒ်စနစ်နဲ့ ငွေဘယ်လောက်ကျတယ်ဆိုပြီး ရိုက်ထည့်လိုက်ရုံပဲ။ ကိုယ်မအားလို့ တခြားတစ်ယောက်ကို ဆောင်ခိုင်းလိုက်ရင်လည်း ဘယ်အချိန်၊ ဘယ်နှစက္ကန့်မှာ ဆောင်သွားတယ်ဆိုတာ ကိုယ့်ဖုန်းကနေ ကြည့်လို့ရတဲ့စနစ်တွေ ကျွန်တော်တို့ လုပ်ထားတယ်" ဟု ရှင်းပြခဲ့သည်။

အဆိုပါနည်းပညာကို ၁၃ နှစ်ခန့် အချိန်ယူ လေ့လာခဲ့ရပြီး အလွယ်တကူ ငွေပေးချေနိုင်မှုစနစ်များ၊ မိမိလက်ကိုင်ဖုန်းမှ သုံးစွဲသည့်ယူနစ်၊ ကျသင့်သည့် မီတာခများသိရှိနိုင်အောင် သုံးနှစ်ခန့် အချိန်ယူပြင်ဆင်ခဲ့ကြောင်း သိရသည်။ မီတာစတင် ဒီဇိုင်းဆွဲစဉ်မှစ၍ Power ပိုင်းနှင့် Data ပိုင်းဟူ၍ နှစ်ပိုင်းခွဲခြားထားပြီး လျှပ်စစ်နှင့် ပတ်သက်၍ အန္တရာယ်တစ်စုံတစ်ရာကြုံတွေ့ပါက မြို့နယ်ကွန်ပျူတာဗဟိုထိန်းချုပ်ခန်းမှ လျှပ်စစ်ဓာတ်အားကို ချက်ချင်းပိတ်ချနိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။

အလိုက်အလျောက် မီတာဖတ်စနစ်ကို စတင်နိုင်ရန် ကြိုတင်ပြင်ဆင်ခဲ့မှုများနှင့် ပတ်သက်၍ "လက်ရှိ ပြည်နဲ့ ရွှေတောင်မှာ ဘေလ်ဆောင်တဲ့စနစ်ကို ကျွန်တော်တို့လုပ်နေတာ သုံးနှစ်ရှိပြီ။ ဒါငြိမ်သွားပြီ အောင်မြင်သွားပြီဆိုမှ AMR စနစ်နဲ့ ပူးပေါင်းပြီး မီတာဖတ်တာကနေစပြီး ဘေလ်ထုတ်တဲ့ ဘေလ်ဆောင်တဲ့အထိ Pilot Project အနေနဲ့ ဒေါပုံမှာ ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ကျွန်တော်တို့က



အခကြေးငွေတစ်ပြားမှမယူဘဲ သုံးလ ဝန်ကြီးဌာနကို ပြပေးတာပါ။ ဘေလ်ထုတ်ပြီး ငွေဆောင်ပြီးတဲ့အထိ ဝန်ဆောင်ခလုံးဝမယူတဲ့အတွက် ဝန်ကြီးဌာနကလည်း စမ်းသပ်ခွင့်ပေးထားတာပါ"ဟု မန်နေဂျင်းဒါရိုက်တာ ဦးမျိုးအောင်က ရှင်းပြခဲ့သည်။

"ကျွန်တော်တို့ YESC ကို တောင်းဆိုတာ ဓာတ်အားပျောက်ဆုံးမှု အများဆုံးမြို့နယ်ကိုပေးပါ၊ အဆိုးဆုံး မြို့နယ်ကိုပေးပါဆိုတော့ ဒေါပုံကို ပေးလာတယ်။ ဒီဒေါပုံမှာ ပြီးခဲ့တဲ့လက ၁၅ ရာခိုင်နှုန်းရှိတယ်။ အခု ၇ ရာခိုင်နှုန်းပဲ ဓာတ်အားပျောက်ဆုံးမှုက ဖြစ်တော့တယ်။ ကွာခြားချက်က ၈ ရာခိုင်နှုန်းလောက် ဖြစ်လာတယ်။ ထက်ဝက်လောက် ပိုက်ဆံဝင်လာတယ်။ ဒီမီတာအလုံး နှစ်သောင်းပေါ်မှာ ငွေက တက်လာရင် သိန်းထောင်ပေါင်းမြောက်မြားစွာ တက်လာတာပဲလေ။ လျှပ်စစ်က ဝင်ငွေများလာတာနဲ့အမျှ လျှပ်စစ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်တာပါပဲ။ လျှပ်စစ်ကရှုံးနေဦးမယ်ဆိုရင် ဒီလိုပဲ မီးပျက်နေဦးမှာပဲ။ ပိုက်ဆံပြန်မရရင် လျှပ်စစ်က ရှုံးနေဦးမှာပါ။ ပိုက်ဆံပြန်ရမယ့်ဟာကလည်း မီတာပဲလေ။ မီတာကလည်း သမာဓိချိန်ခွင်ဖြစ်ဖို့လိုတယ်။ ပြည်သူဘက်ကိုလည်းမလိုက်တဲ့၊ လျှပ်စစ်ဘက်ကိုလည်း မလိုက်တဲ့ဟာမျိုး တိတိကျကျ နိုင်ငံတကာအဆင့်မီတဲ့ဟာမျိုးဖြစ်ဖို့လိုတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လစဉ် လျှပ်စစ်မီတာခမှ ငွေကျပ် ၄၅ ဘီလီယံခန့်ရရှိနေရာမှ အဆိုပါစနစ်ကို အသုံးပြုခြင်းဖြင့် ဓာတ်အားလေလွင့်ဆုံးရှုံးမှုလျော့နည်းလာကာ ၂၀ ရာခိုင်နှုန်းခန့် အခွန်နှုန်းထားတိုးတက်ရရှိလာနိုင်ပြီး တစ်လလျှင် ငွေကျပ် ၉ ဘီလီယံခန့် ပိုမိုရရှိနိုင်လာကြောင်း သိရသည်။ လျှပ်စစ်ဝန်ထမ်းများအနေဖြင့်လည်း ဓာတ်အားလိုင်းသန့်ရှင်းခြင်း၊ ရှုပ်ထွေးကြိုးများ ပိုမိုရှင်းလင်းနိုင်ခြင်း၊ လျှပ်စစ်အန္တရာယ်များ ကြိုတင်ဖြေရှင်းနိုင်ခြင်းတို့ကို ယခင်ထက် လုပ်ဆောင်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## မြန်မာ့ဒီမိုကရေစီ အငြိမ့်ပြိုင်ပွဲ

ပြန်ကြားရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော မြန်မာ့ဒီမိုကရေစီ အငြိမ့်ပြိုင်ပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ထို့ကြောင့်ပါဝင်ယှဉ်ပြိုင်လိုသော အငြိမ့်အဖွဲ့များအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာများကို အောက်ပါလိပ်စာများတွင် ထုတ်ယူ၍ ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။

**ရန်ကုန်မြို့**

ဟံသာဝတီအဝိုင်းထိပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းဘေးရှိ 4TV Main Showroom

**မန္တလေးမြို့**

အခန်းနံပါတ်(D-206)၊ ရွှေဖြူပလာဇာ၊ ဒုတိယထပ်၊ ၃၃လမ်းနှင့်ဓာတိကလမ်းထောင့်၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော်  ဇူလိုင် ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၇၀၊ သွင်းကုန် ၅၂၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၁၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့ကစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Soy Milk (1× 300ml )(100)Pkgs ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၉ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော Soy Milk**

# မန္တလေးမြို့၌ ယခုနှစ်တစ်နှစ်ပတ်လုံး မိုးရွာသွန်းမှုနည်းပါးနိုင်

**မန္တလေး  ဇူလိုင် ၂၂**

မန္တလေးမြို့၌ ၁၉၆၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဇွန်လအတွင်း ရွာသွန်းခဲ့သော မိုးရေချိန် မှတ်တမ်းများအရ ယခုနှစ်တွင် မန္တလေးမြို့၌ တစ်နှစ်ပတ်လုံး မိုးရွာသွန်းမှု နည်းပါးနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာ ပြည်ဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ဌာနရဲ့ မှတ်တမ်းတွေအရ ဇွန်လမှာ မိုးရွာသွန်းမှုနည်းပါးရင် အဲဒီနှစ်တစ်နှစ်လုံး မိုးနည်းတာကို လေ့လာတွေ့ရှိရပါတယ်။ ဒီမှတ်တမ်းတွေအရ ဒီနှစ်ဇွန်လမှာ မိုးရေချိန် ၁ ဒသမ ၁၀ လက်မသာ ရွာသွန်းခဲ့တဲ့အတွက် တစ်နှစ်ပတ်လုံး မိုးနည်းပါးနိုင်တယ်လို့ ခန့်မှန်းထားပါတယ်" ဟု ၎င်းကပြောသည်။

လက်ရှိအခြေအနေတွင် မန္တလေးမြို့၌ မိုးရွာသွန်းမှုအနေဖြင့် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၂၀ ရက်အထိ ရက်ပေါင်း ၂၀၀ အတွင်း မိုးရေချိန်လက်မ ၁၆ ဒသမ ၅၇ လက်မအထိသာ ရွာသွန်းခဲ့ပြီး လာမည့်သီတင်းပတ်အတွင်း၌လည်း မိုးရေချိန် သုံးလက်မမှ ငါးလက်မအတွင်းသာ ရွာသွန်းနိုင်ခြေရှိကြောင်း ခန့်မှန်းထားသည်။

"ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဇွန်လက မိုးရေချိန် ၆ ဒသမ ၆၂ လက်မအထိ ရွာသွန်းခဲ့တဲ့အတွက် အဲဒီနှစ် တစ်နှစ်လုံးမှာ ၅၁ ဒသမ ၉၇ လက်မအထိ မိုးရေချိန်များခဲ့တယ်။ သတိထားရမယ့် ဖြစ်ရပ်တစ်ခုအနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့က နံနက် ၉ နာရီကနေ ညနေ ၃ နာရီအထိ သည်းထန်စွာရွာသွန်းခဲ့တဲ့မိုးကြောင့် မိုးရေချိန် ငါးလက်မအထိ ရောက်ရှိခဲ့တယ်။ ဒီလို ရွာသွန်းမှုကြောင့် နောက်ဆက်တွဲဆိုးကျိုးတွေ ဖြစ်ပေါ်နိုင်တာမို့ မိုးလေဝသခန့်မှန်းချက်တွေကို စောင့်ကြည့်သင့်တယ်"ဟု ၎င်းက အကြံပြုပြောပြသည်။

လက်ရှိအနေထားအရ ရက်ပေါင်း ၆၂ ရက်ရှိသော မိုးလယ်ကာလ ကုန်ဆုံးရန် ၄၂ ရက်ကျန်ရှိသေးသည့်အတွက် မိုးရေရရှိနိုင်ပြီး အထူးသဖြင့် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် အညာဒေသ၏ သဘာဝအရ မိုးနှောင်းကောင်းလေ့ရှိကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၌ မိုးအသင့်တင့်သာ ရွာသွန်းခဲ့သဖြင့် ဧရာဝတီမြစ်ရေသည် မန္တလေးမြို့၌ ကျဆင်းလျက်ရှိပြီး ဇူလိုင် ၂၀ ရက် တိုင်းထွာချက်များအရ ၁၁၂၇ စင်တီမီတာအထိ လျော့နည်းလာခြင်းကြောင့် စိုးရိမ်ရေမှတ်ဖြစ်သော ၁၂၆၀ စင်တီမီတာသို့ မရောက်ရှိနိုင်သေးကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာအမျိုးသမီးဖူဆယ်အသင်း ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစား

**ရန်ကုန်  ဇူလိုင် ၂၂**

ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာအမျိုးသမီးဖူဆယ်အသင်းသည် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိပြီး ဇူလိုင် ၂၁ ရက် ပွဲစဉ်များအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည်။

မြန်မာအမျိုးသမီးဖူဆယ်အသင်းသည် ဇူလိုင် ၁၇ ရက်ကစ၍ ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး ခြေစမ်းပွဲငါးပွဲအထိ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားကာ ဇူလိုင် ၂၁ ရက်အပြီးထိ သုံးပွဲကစားထားပြီးဖြစ်သည်။ မြန်မာအမျိုးသမီးဖူဆယ်အသင်းသည် ခြေစမ်းပွဲသုံးပွဲကို သုံးရက်ဆက်ကစားခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကမ်ဆန်ဘန်ဒစ်တက္ကသိုလ်အသင်း၊ ဇူလိုင် ၂၁ ရက်တွင် ထိုင်းလက်ရွေးစင်အသင်းနှင့် ကစားခဲ့သည်။ မြန်မာအသင်းသည် ကမ်ဆန်ဘန်ဒစ်တက္ကသိုလ်အသင်းနှင့် ပထမပွဲတွင် တစ်ဂိုးစီ သရေကျခဲ့ပြီး ဒုတိယပွဲတွင် ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နောက်ဆုံးကစားခဲ့သည့် ထိုင်းလက်ရွေး စင်အသင်းနှင့်ပွဲတွင်မူ လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ မြန်မာအမျိုးသမီးအသင်းသည် လက်ကျန်ခြေစမ်းပွဲများအဖြစ် ဇူလိုင် ၂၃ ရက်တွင် ထိုင်းလက်ရွေးစင်အသင်း၊ ဇူလိုင် ၂၅ ရက်တွင် အီရန်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးဌေးမြင့်ကကိုင်တွယ်လျက်ရှိပြီး ယခုခရီးစဉ်တွင် ကစားသမား ၂၂ ဦး ခေါ်ဆောင်သွားသည်။

**သတင်း-ရဲရင့်ရှိန်း**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- အာဆင်နယ်အသင်းသို့ စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာသော လာကာဇက်တီသည် ပရီမီယာလိဂ်နှင့် အံဝင်ခွင်ကျဖြစ်ရန်အတွက် အချိန်လိုအပ်ကြောင်း အာဆင်နယ်အသင်း၏ ကြယ်ပွင့်ကစားသမားဟောင်း ရောဘတ်ပီရက်စ်က သတိပေးပြောကြားလိုက်သည်။
- လီဗာပူးအသင်းသည် စကော့တလန်နိုင်ငံသား ဟူးလ်စီးတီးအသင်းမှ နောက်ခံ ကစားသမား ရော်ဘတ်ဆန် (၂၃နှစ်) ကို ပေါင် ၁၀ သန်းဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်ကြောင်း သိရသည်။
- ပေါလ်ပေါ့ဘာသည် မန်ချက်စတာယူနိုက်တက်အသင်း၏ နောက်ထပ်အသင်းခေါင်းဆောင်နေရာအတွက် ဦးဆောင်နိုင်သည့် အရည်အချင်းများရှိကြောင်း လက်ရှိ မန်ယူအသင်းခေါင်းဆောင်အဖြစ် တာဝန်ယူထားသော မိုက်ကယ်ကာရစ်က ဆိုသည်။ နည်းပြမော်ရင်ဟိုသည် နောက်ထပ်အသင်းခေါင်းဆောင်ကစားသမားတစ်ဦးကို ရှာဖွေလိမ့်မည်ဖြစ်ကြောင်း သတင်းများအရ သိရသည်။
- ချယ်လ်ဆီးအသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ တိုက်စစ်မှူး မိုရာတာကို ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးပေါင်သန်း ၆၀ ဖြင့် ငါးနှစ်စာချုပ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို အပြီးသတ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။ အသက် ၂၄ နှစ်အရွယ် စပိန် လက်ရွေးစင်တိုက်စစ်မှူးသည် ပြီးခဲ့သည့်နှစ်တွင် အသင်းအတွက် ဂိုး ၂၀ သွင်းယူပေးထားကြောင်း သိရသည်။

**ဇော်ဇော်**

**ပရီမီယာလိဂ်ထိပ်သီးသုံးဦး၏ ၂၀၁၆-၁၇ ဘောလုံးရာသီ မှတ်တမ်းအချို့**

| | မိုရာတာ | လာကာဇက်တီ | လူကာကူ |
|---|---|---|---|
| ပွဲ | ၂၆ | ၃၀ | ၃၇ |
| မိနစ် | ၁၃၃၁ | ၂၄၀၈ | ၃၂၆၇ |
| ဂိုး | ၁၅ | ၂၈ | ၂၅ |
| ဂိုးရရှိရန်ထောက်ပံ့ပေးနိုင်မှု | ၄ | ၃ | ၆ |
| တစ်ဂိုးရရှိရန် ကြာချိန် | ၈၉' | ၈၆' | ၁၃၁' |
| စုစုပေါင်းကန်သွင်းချက် | ၅၅ | ၈၄ | ၁၁၀ |

# ငွေကျပ် သိန်းပေါင်း ၂၀၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၂**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၁ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိုင်းအောင်ကျေးရွာ ရပ်ကွက်(၃)နေ ရန်တာဆုန်း(ခ)ရန်ဝူး၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၄၆၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၅၀၀၀ တို့ကိုကိုလည်းကောင်း၊ အလားတူ ဇူလိုင် ၂၀ ရက်က ချမ်းအေးသာစံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၄၀ ဖမ်းဆီးရမိ၍ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဇူလိုင် ၂၁ ရက်က မဟာအောင်မြေမြို့နယ် လမ်း ၆၀နှင့် ၆၂ လမ်းကြား ၃၈ လမ်း ရွှေဘုန်းရှင်ရပ်ကွက် နေထိုင်သူ ကိုရဲ(ခ) ရဲမျိုးသူ၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ နှင့် ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်တွင် နေထိုင်သူ ဇော်ဝင်းထွန်း (ခ)ကိုဇော်၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀နှင့် ၎င်းပိုင် မော်တော်ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀ တို့ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ဇူလိုင် ၂၁ ရက်က မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် သာစည်ပူးပေါင်းစစ်ဆေးရေး စခန်းတွင် ခရီးသည်တင်မော်တော်ယာဉ်ကိုရှာဖွေရာ ခရီးသည် မသဇင်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၈) ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံ-မိုင်းခတ်သွားကားလမ်း ဝမ်တာပုံပူးပေါင်းစစ်ဆေးရေးစခန်းတွင် လုကာ မောင်းနှင်ပြီး ယာဉ်ပိုင်ရှင် မော်ဖြိုးနှင့် ကျရှီးတို့လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား တစ်ပြား၊ ယာဉ်နောက်ခန်း




အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင်အသုံးပြုသည့် သံမို ၂၆၀၊ စိတ်ကြွရူးသွပ်ဆေးပြားများထည့်ရာတွင် အသုံးပြုသည့် ပလတ်စတစ်ကပ်ခွာအိတ်ခွံများထည့်ထားသည့် ဆာလာအိတ် ၄၅ လုံး၊ လျှပ်စစ် မော်တာ(အသေး) နှစ်လုံး၊ နှစ်လက်မ တုန်ခါ ရော်ဘာပိုက် တစ်ချောင်း၊ သံဇန်းတစ်ခုနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြက်သတ်ဆေးဖျန်းသည့် သီးပင်များစားမိ၍ အစာအဆိပ်သင့်မှု ဖြစ်ပွား

**တာလေ ဇူလိုင် ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာလေမြို့နယ် နားယောင်းအုပ်စု တောင်သုံးလုံးအလယ်ရွာ၌ ပြောင်းဖူးများစားမိရာမှ တောင်သူမိသားစု ၁၃ ဦး အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်သူမိသားစု ၁၃ ဦးသည် ၎င်းတို့ ငှားရမ်းစိုက်ပျိုးထားသည့် စိုက်ခင်းမှ ပြောင်းနှင့် ဖရုံရွက်များအားခူးပြီး ရွာသားများနှင့် မျှဝေစားသောက်ခဲ့ပြီးနောက် အားအင် ကုန်ခမ်းလာခြင်း၊ ရင်ထဲတွင် ပူလောင်လာပြီး ယားယံ၊ အော့အန်ခြင်း စသည့် ဝေဒနာများ ခံစားခဲ့ရကြောင်း၊ ဇူလိုင် ၁၇ ရက်တွင် စိုက်ခင်းမှ ပြောင်းပင်နှင့် ဖရုံပင်များ ညှိုးနွမ်းလာသည်ကိုတွေ့ရှိမှ မြက်သတ်ဆေးဖျန်းထားသည့် ပြောင်းဖူးများ စားမိ၍ ယခုလို ဝေဒနာများဖြစ်ပွားခဲ့ကြောင်း ဦးနိုင်းလိန်းက ပြောသည်။

ဇူလိုင် ၁၈ ရက် နံနက်ပိုင်း ဝေဒနာရှင် လေးဦးနှင့် ဇူလိုင် ၂၁ ရက် ညနေပိုင်းက ဝေဒနာရှင် ရှစ်ဦးတို့သည် တာချီလိတ်ပြည်သူ့ဆေးရုံသို့ လာရောက်ကုသခဲ့ကြောင်း ဆေးရုံမှတ်တမ်းအရ သိရသည်။

"အစာအဆိပ်သင့်လို့ လာရောက်ပြသတဲ့သူတွေရဲ့ ရောဂါအခြေအနေကတော့ သိပ်အထွေအထူးတော့ မရှိတော့ပါဘူး၊ ဆေးရုံကလိုအပ်တဲ့ သောက်ဆေး၊ စားဆေးတွေပေးပြီး ကုသပေးထားပါတယ်၊ ဆေးရုံတက်စရာတော့ မလိုပါဘူး၊ မသက်သာရင်လည်း ပြန်လာကုသလို့ရတဲ့အနေအထားပါ၊ သမားတော်တွေလည်း လာကြည့်သွားပါတယ်"ဟု တာဝန်ကျ ဆရာဝန်တစ်ဦးက ပြောသည်။

**မြင့်မိုရ် (တာချီလိတ်)**

# ကျောက်ဆည်မြို့၌ မီးလောင်မှုဖြစ်ပွား

**ကျောက်ဆည် ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အေးမြကြည်လင်အုပ်စု တံစိုးဂိတ်ရပ်ကွက်၌ ဇူလိုင် ၂၂ ရက် နံနက် ၁ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ လုကျော်(ခ)အရှည်ကြီး၏ ပေ (၃၀×၄၀)အကျယ်ရှိ သွပ်မိုး၊ ထရံကာ နေအိမ်မှ လျှပ်စစ်ဝိုင်ယာကြိုးအပူလွန်ကဲပြီး ထရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့ရာမှ စတင်ခဲ့ပြီး မီးလောင်မှုကြောင့် ပေ (၃၀×၄၀) သွပ်မိုး၊ ထရံကာ ဆိုင်ကယ်အရောင်းဆိုင်နှင့် ဆိုင်ကယ်အစီးရေ ၁၄၀၊ ပေ (၁၃×၂၀) သွပ်မိုး၊ ထရံကာ လူနေအိမ် နှစ်လုံး၊ ဘိလိယက်ခုံ တစ်လုံး၊ သစ်တစ်တန်၊ (၃၀×၃၃) ပေရှိ ဈေးဆိုင်ခန်း တစ်ခန်းတို့ မီးလောင်ဆုံးရှုံးခဲ့ပြီး အဆိုပါမီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးမှု မရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ ကျောက်ဆည်ခရိုင် မီးသတ်တပ်ဖွဲ့ ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇင်ထွန်း ဦးဆောင်သည့် သန္ဒေတပ်ဖွဲ့ဝင် ၃၅ ဦးနှင့် မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ ရေသယ်ယာဉ် တစ်စီးနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၁ နာရီခွဲတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**

# ကော့ကရိတ်မြို့နယ်၌ တူမီးသေနတ်ယမ်းထောင်းရာမှ ကျည်ပေါက်ထွက်၍ လူငယ်တစ်ဦး ဒဏ်ရာရရှိ

**ကော့ကရိတ် ဇူလိုင် ၂၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ တူမီးယမ်းထောင်စဉ် ကျည်ပေါက်ထွက်မှု ဖြစ်ပွားခဲ့သဖြင့် လူငယ်တစ်ဦး ဒဏ်ရာများရရှိခဲ့ပြီး ဆေးဝါးကုသမှုခံယူရန် ကော့ကရိတ်ဆေးရုံမှတစ်ဆင့် ဘားအံပြည်သူ့ဆေးရုံကြီးသို့ ဇူလိုင် ၂၁ ရက် ညနေပိုင်းက လွှဲပြောင်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၁ ရက် ညနေ ၃ နာရီခွဲခန့်က ကော့ကရိတ်ပြည်သူ့ဆေးရုံကြီးသို့ တူမီးသေနတ် ကျည်ပေါက်ထွက်ထိမှန်သည့် လူနာတစ်ဦး ရောက်ရှိနေကြောင်းသတင်းအရ ကော့ကရိတ်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ခင်မောင်အေး ဦးစီးအဖွဲ့ဖြင့် သွားရောက်စစ်ဆေးခဲ့ရာ ဒဏ်ရာရရှိသူမှာ ဖနား (၁၆ နှစ်) တရတခေါင်းကျေးရွာ ကော့ကရိတ်မြို့နယ်နေသူဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်အား မေးမြန်းရာ ဇူလိုင် ၂၀ ရက် ည ၇ နာရီခွဲခန့်က ဖနားသည် ၎င်း၏လယ်တောတွင် တူမီးသေနတ်အား ယမ်းထောင်းရာမှ ကျည်ပေါက်ထွက်ကာ မေးစေ့အောက်အား ထိမှန်ခဲ့ပြီး နေအိမ်သို့ပြန်လာစဉ် နေအိမ်အရောက်၌ လဲကျသွားသဖြင့် ဖခင်ဖြစ်သူ ဦးစောသာက ကော့ကရိတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ကြောင်း၊ တာဝန်ကျဆရာဝန်က လိုအပ်သည့် စမ်းသပ်မှုများပြုလုပ်ခဲ့ပြီး ဘားအံပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသရန် ညွှန်ကြားခဲ့ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

ဒဏ်ရာရရှိသူ ဖနားအား ဘားအံဆေးရုံကြီး ခွဲစိတ်ဆောင်တွင် ဆေးဝါးကုသမှုခံယူလျက်ရှိပြီး ဒဏ်ရာအခြေအနေမှာ စိုးရိမ်ရခြင်းမရှိကြောင်းနှင့် ဖြစ်စဉ်အား ကော့ကရိတ်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**

# မိုးမောက်မြို့တွင် မိုင်းပေါက်ကွဲမှု ဖြစ်ပွား

**ဗန်းမော် ဇူလိုင် ၂၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့ အလင်းကောင်းရပ်ကွက်ရှိ မြို့မဈေးအနီး ဂရိတ် (GREAT) လက်ဖက်ရည်ဆိုင်ရှေ့၌ ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက လက်ဖက်ရည်ဆိုင်ရှေ့တွင် ရပ်ထားသော ပါဂျဲရိုးယာဉ်အား မောင်းနှင်လာသူ ယာဉ်ပိုင်ရှင် (လဝါယန် ပြည်သူ့စစ်ဌာနေအဖွဲ့)မှ နော်ဆန်း ကြေးနန်းရပ်ကွက် နေထိုင်သူသည် ဈေးအတွင်းမှ ဈေးဝယ်ပြီးအပြန် ၎င်း၏ယာဉ်ပေါ်သို့တက်ရန် ကားတံခါးအား ဆွဲဖွင့်စဉ် ကားအနီးတွင် ရပ်တန့်ထားသော 125 ဆိုင်ကယ်တစ်စီးမှ ရုတ်တရက်ပေါက်ကွဲသဖြင့် လူငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နော်ဆန်း (၄၃ နှစ်)သည် မိုးမောက်ပြည်သူ့ဆေးရုံ၌ နံနက် ၉ နာရီခွဲတွင် သေဆုံး သွားကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ကျန်လေးဦးအနက် မောင်စိုးမင်းလတ်(၂၈ နှစ်)ရရှိသောဒဏ်ရာမှာ စိုးရိမ်ရသဖြင့် ဗန်းမော်ပြည်သူ့ဆေးရုံသို့ ဆက်လက်ပို့ဆောင် ဆေးကုသမှုခံယူနေကြောင်းနှင့် မောင်ဇော်ဌေးအောင် (၂၅ နှစ်)၊ မအားကိုင်(၂၁ နှစ်)၊ မောင်နိုင်မင်း(၁၆ နှစ်)တို့မှာ ပေါက်ပြဲဒဏ်ရာများသာရရှိပြီး မိုးမောက်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အင်းတော်ကြီးဒေသ၌ ဘက်ဟိုးယာဉ် ၃၈ စီးနှင့် တရားမဝင်ရွှေတူးဖော်ရာတွင်အသုံးပြုသော ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**မိုးညှင်း ဇူလိုင် ၂၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မမုန်ကိုင်ကျေးရွာအုပ်စု၌ ဇူလိုင် ၂၀ ရက်က ဘက်ဟိုးယာဉ် ၃၈ စီးနှင့် တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းတော်ကြီးဒေသတွင် တရားမဝင် ရွှေတူးဖော်လျက်ရှိကြောင်းသတင်းအရ နယ်မြေခံတပ်မှ ဗိုလ်မှူး စိုးမင်း ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုင်းနောင်ကျေးရွာအနီးတစ်ဝိုက်အား ဇူလိုင်၂၁ ရက်က ရှာဖွေခဲ့ရာ စုစုပေါင်း ဘက်ဟိုးယာဉ် ၂၁ စီး တွေ့ရှိရ၍ မိုင်းနောင်ကျေးရွာ အ.မ.က ကျောင်း ဘောလုံးကွင်းအတွင်း၌ လည်းကောင်း၊ ဒုတပ်ရင်းမှူး ဗိုလ်မှူးရဲဝေစိုးအဖွဲ့နှင့် မမုန်ကိုင်ကျေးရွာ ရာအိမ်မှူးအဖွဲ့တို့က မမုန်ကိုင်ကျေးရွာအနီးတစ်ဝိုက်အား ဝင်ရောက်ရှင်းလင်းရာ စုစုပေါင်း ဘက်ဟိုးယာဉ် ၁၃ စီးကို သိမ်းဆည်းရမိသဖြင့် မမုန်ကိုင်ကျေးရွာ ပြည်ခိုင်ဖြိုးရုံးရှေ့ ကွင်းပြင်တွင်လည်းကောင်း စုစည်းထားရှိခဲ့သည်။ အလားတူ ဇူလိုင် ၂၀ ရက် မွန်းတည့် ၁၂ နာရီက နယ်မြေခံတပ်မှ တပ်ရင်းမှူး ဗိုလ်မှူးစိုးမင်း ဦးစီးသောအဖွဲ့သည် မိုင်းနောင်ကျေးရွာအနီး တစ်ဝိုက်အား ဝင်ရောက်ရှင်းလင်းရာ စုစုပေါင်း ဘက်ဟိုးယာဉ် လေးစီးအား တွေ့ရှိရသဖြင့် မိုင်းနောင်ကျေးရွာ အ.မ.က ကျောင်း ဘောလုံးကွင်းအတွင်း စုစည်းကာ ထားရှိကြောင်း၊ မိုင်းနောင်ကျေးရွာအနောက်ဘက် တောစပ်အနီးတစ်ဝိုက်တွင် မှုန်စုပ်စက် ၂၅ ကောင် နှစ်လုံး၊ ၃၀ ကောင် တစ်လုံး၊ ပို့စက် ၂၅ ကောင် ခြောက်လုံး၊ ၁၈ ကောင် သုံးလုံး၊ လေးလုံးထိုး နှစ်လုံးတို့ကို တွေ့ရပြီး ယင်းနေရာတွင် ထိန်းသိမ်းထားကြောင်း၊ မှုန်စုပ်စက် လေးလုံးထိုး သုံးလုံး၊ နှစ်လုံးထိုး တစ်လုံး၊ ပို့စက် နှစ်လုံးထိုး သုံးလုံး၊ ၁၂/၁၃ မီးစက် တစ်လုံး၊ ဒီဇယ်ဂါလန် ၄၀ တို့အားတွေ့ရှိရပြီး ယင်းနေရာတွင် ထိန်းသိမ်းထားရှိခဲ့ကြောင်း။

အဆိုပါ သိမ်းဆည်းရမိခဲ့သော ဘက်ဟိုးယာဉ် ၃၈ စီးနှင့် တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းတို့ကို ယာယီထိန်းသိမ်းထားကာ သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၀၆၇)




သိမ်းဆည်းရမိသော ဘက်ဟိုးယာဉ်များကို တွေ့ရစဉ်

# မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄။)**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄၉ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသော ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ပင်လယ်ဇုန်များ** ဆိုသည်မှာ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့အပါအဝင် နိုင်ငံတော်နှင့် သက်ဆိုင်သည့် ပင်လယ်ဇုန်များကို ဆိုသည်။

(င) **အခြေခံမျဉ်းများ** ဆိုသည်မှာ ဤဥပဒေ၏ နောက်ဆက်တွဲ (က) တွင် သတ်မှတ်ဖော်ပြထားသည့် အခြေခံမျဉ်းများကို ဆိုသည်။

(စ) **အတွင်းပိုင်းရေပြင်** ဆိုသည်မှာ ပိုင်နက်ပင်လယ်ကို စတင်သတ်မှတ်သည့် အခြေခံမျဉ်းမှကုန်းတွင်းဘက်ရှိ ရေပိုင်နက်ကိုဆိုသည်။

(ဆ) **နိုင်ငံခြားသား** ဆိုသည်မှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မဟုတ်သောသူကို ဆိုသည်။

(ဇ) **ရေယာဉ်**ဆိုသည်မှာ ရေပေါ်တွင်သော်လည်းကောင်း၊ ရေအောက်တွင် သော်လည်းကောင်း ရွေ့လျားသွားလာနိုင်သောစက်တပ် သို့မဟုတ် စက်မဲ့ယာဉ်တစ်မျိုးမျိုးကို ဆိုသည်။

(ဈ) **နိုင်ငံခြားရေယာဉ်** ဆိုသည်မှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိဘဲ နိုင်ငံခြားတွင်မှတ်ပုံတင်ထားသော ရေယာဉ်နှင့်မည်သည့်နိုင်ငံတွင် မျှမှတ်ပုံတင်ထားခြင်းမရှိသော နိုင်ငံခြားသားပိုင် ရေယာဉ်ကိုဆိုသည်။

(ည) **သဘာဝသယံဇာတ**ဆိုသည်မှာ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင် အောက်ခံမြေထု၊ပင်လယ်ကြမ်းပြင်အထက်ရှိရေထုနှင့် ပင်လယ် ရေမျက်နှာပြင်တို့တွင် ပါဝင်သော သက်ရှိ သက်မဲ့သယံဇာတများကို ဆိုသည်။ ယင်းစကားရပ်တွင် အစိုးရအဖွဲ့က အခါအားလျော်စွာ နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာသတ်မှတ်သော သဘာဝ သယံဇာတများလည်း ပါဝင်သည်။

(ဋ) **ရေမိုင်**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာရေမိုင်ကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်၏အကျိုးစီးပွားအတွက် ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့တွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရန်၊

(ခ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များအတွင်းရှိ သဘာဝ သယံဇာတများအား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်၊ စနစ်တကျ ရေရှည်ထုတ်ယူသုံးစွဲရန်နှင့် အဏ္ဏဝါသိပ္ပံဆိုင်ရာသုတေသနလုပ်ငန်း များ ဆောင်ရွက်နိုင်ရန်၊

(ဂ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များအတွင်း ရေထု၊ လေထုနှင့် အဏ္ဏဝါပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုများမှ ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရန်။

## အခန်း (၃)
## ပိုင်နက်ပင်လယ်

၄။ နိုင်ငံတော်၏ ပိုင်နက်ပင်လယ်သည် အခြေခံမျဉ်းများမှ ပင်လယ်ဘက်သို့ ရေမိုင် ၁၂ မိုင်အထိကျယ်ဝန်းသည်။

၅။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပိုင်နက်ပင်လယ်၊ ယင်းအောက်ရှိ ပင်လယ်ကြမ်းပြင်၊ အောက်ခံမြေထုနှင့် ယင်းအထက်ရှိ လေထုအထိ သက်ရောက် သည်။

၆။ (က) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့နိုင်ငံခြား စစ်ရေယာဉ် မှအပ နိုင်ငံအားလုံး၏ရေယာဉ်များသည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုဖြင့် ဖြတ်သန်းခွင့်ရှိသည်။ ယင်းဖြတ် သန်းမှုသည်နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး သို့မဟုတ်လုံခြုံရေးကိုထိပါးခြင်းမရှိသရွေ့ အပြစ်ကင်းသော ဖြတ်သန်းမှုဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) နိုင်ငံခြားစစ်ရေယာဉ်သည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုဖြင့် ဖြတ်သန်း နိုင်သည်။

(ဂ) အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်လာသော နိုင်ငံခြား စစ်ရေယာဉ်ကို ပိုင်နက်ပင်လယ်အတွင်း ရောက်ရှိနေသည့်နေရာမှ ချက်ချင်းထွက်ခွာသွားစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းက ဆောင်ရွက်ခွင့်ရှိသည်။

၇။ ပိုင်နက်ပင်လယ်အတွင်း ဖြတ်သန်းနေစဉ်-

(က) မည်သည့်နိုင်ငံခြားရေယာဉ်မဆို နိုင်ငံတော်၏ တည်ဆဲဥပဒေများကို လိုက်နာရမည်။

(ခ) မည်သည့်နိုင်ငံခြားရေယာဉ်မဆို သဘာဝဘေးအန္တရာယ်သို့မဟုတ် တားဆီးရှောင်လွှဲခြင်းမပြုနိုင်သည့်အကြောင်းမှတစ်ပါး ပိုင်နက် ပင်လယ်အတွင်း ရပ်နားခြင်း၊ ကျောက်ချခြင်းမပြုဘဲ အတိုဆုံးလမ်း ကြောင်းမှ ဖြတ်သန်းရမည်။

(ဂ) နိုင်ငံခြားငါးဖမ်းရေယာဉ်သည် ပင်လယ်ခရီးထွက်သည့်အခါ ငါးဖမ်း ပစ္စည်းကိရိယာများကို သိမ်းဆည်းထားရှိနေကျအတိုင်း စနစ်တကျထား ရှိရမည်။

(ဃ) နိုင်ငံခြားသုတေသနရေယာဉ်သည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက် ရရှိမှသာ သုတေသနလုပ်ငန်းကို ဆောင်ရွက်ရမည်။

(င) နိုင်ငံခြားရေငုပ်သင်္ဘောများနှင့် ရေအောက်တွင် သွားလာနိုင်သော အခြားယာဉ်များသည်ပင်လယ်ရေမျက်နှာပြင်ပေါ်တွင်သာ ခုတ်မောင်း ရမည့်အပြင် သက်ဆိုင်ရာအလံကို လွှင့်ထူရမည်။

၈။ နိုင်ငံခြားရေယာဉ်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှု ပြုနေစဉ် အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုမူဆောင်ရွက်ပါက နိုင်ငံတော်၏ငြိမ်းချမ်း ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး သို့မဟုတ် လုံခြုံရေးကို ထိပါးစေသည်ဟု မှတ်ယူရမည် -

(က) နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲမှု သို့မဟုတ် နိုင်ငံရေးလွတ်လပ်ခွင့်ကိုသော်လည်းကောင်း၊ ကုလသမဂ္ဂပဋိညာဉ် စာတမ်းပါ အပြည်ပြည်ဆိုင်ရာဥပဒေ၏ သဘောတရားများကို သော်လည်းကောင်း ချိုးဖောက်သော ခြိမ်းခြောက်မှု၊အင်အားသုံးမှု သို့မဟုတ် အခြားပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခြင်း၊

(ခ) မည်သည့်လက်နက်အမျိုးအစားကိုမဆို စမ်းသပ်ခြင်း၊ လေ့ကျင့်ခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(ဂ) နိုင်ငံတော်၏ လုံခြုံရေး သို့မဟုတ် ကာကွယ်ရေးကို ထိပါးနှောင့်ယှက်စေ မည့်သတင်းအချက်အလက်များ စုဆောင်းခြင်း၊

(ဃ) နိုင်ငံတော်၏လုံခြုံရေး သို့မဟုတ် ကာကွယ်ရေးကိုထိပါးစေသော ဝါဒ ဖြန့်ခြင်း၊

(င) ရေယာဉ်ပေါ်သို့ မည့်သည်ယာဉ် အမျိုးအစားကိုမဆို အတက်အဆင်း ပြုလုပ်ခြင်းသို့မဟုတ် အတင်အချပြုလုပ်ခြင်း၊

(စ) စစ်လက်နက်များကို ရေယာဉ်ပေါ်မှ ပစ်လွှတ်ခြင်း သို့မဟုတ်စစ်လက်နက် ကိရိယာများကိုအတင်အချ ပြုလုပ်ခြင်း၊

(ဆ) နိုင်ငံတော်၏ အကောက်ခွန်၊ ငွေကြေး၊ လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ တည်ဆဲဥပဒေများအရ ခွင့်ပြုထားခြင်း မရှိသောပစ္စည်း၊ ငွေ၊ လူပုဂ္ဂိုလ် သို့မဟုတ် တိရစ္ဆာန်ကို အတင်အချ ပြုလုပ်ခြင်း၊

(ဇ) ရေထု၊ လေထုနှင့် အဏ္ဏဝါပတ်ဝန်းကျင်ကို ညစ်ညမ်းစေရန်၊ ထိခိုက် ပျက်စီးစေရန်လုပ်ဆောင်ခြင်း၊

(ဈ) ငါးအပါအဝင် ရေနေသတ္တဝါများ၊ အပင်များကို တစ်နည်းနည်းဖြင့်ဖမ်း ယူခြင်း၊စုဆောင်းခြင်း၊ ငါးလုပ်ငန်းပြုလုပ်ခြင်း၊ ယင်းလုပ်ငန်းများ အတွက် အထောက်အကူပြုလုပ်ငန်းနှင့်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သဘာဝသယံဇာတများကို ပျက်စီးဆုံးရှုံး နစ်နာစေရန် ပြုလုပ်ခြင်း၊

(ည) သုတေသနလုပ်ငန်းများ သို့မဟုတ် တိုင်းတာမှုလုပ်ငန်းများကိုဆောင် ရွက်ခြင်း၊

(ဋ) နိုင်ငံတော်၏ဆက်သွယ်ရေးစနစ်၊ အခြားအထောက်အကူပြုပစ္စည်း၊ တပ်ဆင်ထားသောပစ္စည်းကိရိယာ သို့မဟုတ် အဆောက်အအုံများကို နှောင့်ယှက်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်မှုတစ်ခုခုကို ပြုလုပ်ခြင်း၊

(ဌ) အပြစ်ကင်းသော ဖြတ်သန်းမှုနှင့်တိုက်ရိုက်သက်ဆိုင်မှုမရှိသည့် အခြား ဆောင်ရွက်ချက်တစ်ခုခုကို ပြုလုပ်ခြင်း။

၉။ နိုင်ငံခြားရေယာဉ်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှု ကို ပြုရာတွင် သက်ဆိုင်ရာတည်ဆဲဥပဒေများကို လိုက်နာရမည့်အပြင် ပင်လယ်ပြင်၌ ရေယာဉ်တိုက်မှုဖြစ်ပွားခြင်းကိုကာကွယ်ခြင်းနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းများကိုလည်း လိုက်နာရမည်။

၁၀။ (က) ရေနံတင်ရေယာဉ်များ၊ အဏုမြူစွမ်းအင်သုံး ရေယာဉ်များနှင့်အဏုမြူ သဘောအရဖြစ်စေ၊ ပင်ကိုသဘောအရဖြစ်စေ၊ အခြားသော အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသည့် ပစ္စည်း များကို သယ်ဆောင်သောရေယာဉ်များသည် နိုင်ငံတော်ကကန့်သတ် ထိန်းချုပ်ပြီး သတ်မှတ်ပေးသော ရေလမ်းကြောင်းအတိုင်း ဖြတ်သန်း သွားလာရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖြတ်သန်းရာတွင် သက်ဆိုင်ရာရေယာဉ်သည် လိုအပ် သော စာရွက်စာတမ်းများကို ယူဆောင်လာရမည့်အပြင် အပြည်ပြည် ဆိုင်ရာသဘောတူညီချက်များအရ ယင်းရေယာဉ်များအတွက် သတ်မှတ် ထားသည့် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ အစီအမံများကိုလည်း လိုက်နာဆောင်ရွက်ရမည်။

၁၁။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ရေယာဉ် သွားလာရေးလမ်းကြောင်းများနှင့် ရေယာဉ်လမ်းကြောင်းခွဲခြားမှုစနစ်၊အစီအစဉ် များကို အောက်ပါအချက်များအား အလေးထား၍ ရေပုံပေါ်တွင် သတ်မှတ်ပြီး အများ ပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်-

(က) ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်ရှိသော ကျွမ်းကျင်မှုရှိသည့် အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်း၏ ထောက်ခံချက်၊

(ခ) အပြည်ပြည်ဆိုင်ရာရေကြောင်းသွားလာမှုအတွက် အစဉ်အလာ အားဖြင့်အသုံးပြုနေကျဖြစ်သောရေလမ်းကြောင်းများ၊

(ဂ) အထူးဝိသေသလက္ခဏာရှိသော ရေယာဉ်များနှင့် ရေယာဉ်သွားလာရေး လမ်းကြောင်းများ၊

(ဃ) ရေယာဉ်အသွားအလာ ထူထပ်မှုအခြေအနေများ။

၁၂။ အစိုးရအဖွဲ့သည် -

(က) ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခြင်း မဟုတ်သည့် ဖြတ်သန်းသွားလာခြင်းကိုတားဆီးကာကွယ်ရန်အတွက် လိုအပ်သောအစီအမံများကို ဆောင်ရွက်နိုင်သည်။

(ခ) အတွင်းပိုင်းရေပြင်သို့ ခုတ်မောင်းနေသည့်ရေယာဉ်များ သို့မဟုတ် အတွင်းပိုင်းရေပြင် ပြင်ပရှိ ဆိပ်ကမ်းကဲ့သို့အသုံးပြုနိုင်သည့်နေရာသို့ ဝင်ရောက်သည့် ရေယာဉ်များနှင့်သက်ဆိုင်သည့်စည်းကမ်းချက်များ ချိုးဖောက်ခြင်းကို တားဆီးကာကွယ်ရန် လိုအပ်သောအစီအမံများကို ဆောင်ရွက်နိုင်သည်။

(ဂ) နိုင်ငံတော်၏ လုံခြုံရေးအတွက် ကာကွယ်ရန် လိုအပ်လျှင် ပိုင်နက် ပင်လယ်အတွင်း နိုင်ငံခြားရေယာဉ်များ၏ အပြစ်ကင်းသော ဖြတ်သန်း သွားလာခြင်းကို ခေတ္တရပ်ဆိုင်းနိုင်သည်။ ထိုကဲ့သို့ ရပ်ဆိုင်းထားခြင်းကို ကြေညာချက်ထုတ်ပြန်ပြီးမှ ဆောင်ရွက်ရမည်။

၁၃။ ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခွင့်အရ ဖြတ်သန်း သွားလာသည့် နိုင်ငံခြားရေယာဉ်အား သာမန်အားဖြင့် အခကြေးငွေစည်းကြပ်ခြင်း မပြုရ။ သို့ရာတွင် နိုင်ငံတော်သည် သီးခြားဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုလုပ်ငန်း အတွက်ကိုမူ အခကြေးငွေ စည်းကြပ်နိုင်သည်။

၁၄။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ပိုင်နက်ပင်လယ်အတွင်း ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်များပေါ်တွင် ဖြစ်ပွားသော အောက်ဖော် ပြပါ ပြစ်မှုများ၊ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေး ခြင်း၊ တက်ရောက်ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် ဥပဒေနှင့်အညီတရားစွဲဆိုခြင်းပြု နိုင်သည်-

(က) ပြစ်မှုနှင့် ဆက်စပ်အကျိုးသက်ရောက်မှုသည် နိုင်ငံတော်သို့ ပျံ့နှံ့လာ နိုင်သည့်ကိစ္စရပ်ဖြစ်ခြင်း၊

(ခ) ပြစ်မှုသည် နိုင်ငံတော်၏ ငြိမ်းချမ်းရေး သို့မဟုတ်တရားဥပဒေစိုးမိုးရေး နှင့် တည်ငြိမ်အေးချမ်းရေးကို ထိပါးစေမည့်ကိစ္စရပ်ဖြစ်ခြင်း၊

(ဂ) ရေယာဉ်မှူးကဖြစ်စေ၊ သင်္ဘောတွင်လွှင့်ထူထားသောအလံနှင့် သက်ဆိုင် သည့်နိုင်ငံ၏ သံတမန်ကိုယ်စားလှယ် သို့မဟုတ် ကောင်စစ်အရာရှိက ဖြစ်စေနိုင်ငံတော်၏အကူအညီကို တောင်းခံလာသည့် ကိစ္စရပ်ဖြစ် ခြင်း၊

(ဃ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ တရားမဝင်ရောင်းဝယ်ဖောက်ကားခြင်းကို နှိမ်နင်းရေးအတွက် လိုအပ် သည့် စီမံဆောင်ရွက်မှုဖြစ်ခြင်း၊

(င) အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ လက်နက်မှောင်ခိုမှု သို့မဟုတ် ပင်လယ်ဓားပြမှုများနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သက်ဆိုင်သော ပြုလုပ်မှုကို နှိမ်နင်းရေးအတွက် လိုအပ်သည့် စီမံဆောင်ရွက်မှုဖြစ်ခြင်း။

၁၅။ နိုင်ငံခြားရေယာဉ်သည် နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်၌ တည်ဆဲဥပဒေ တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခဲ့ပြီးနောက် ယင်းရေပြင်မှထွက်ခွာပြီး ပိုင်နက် ပင်လယ်ကို ဖြတ်သန်းနေစဉ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ပုဒ်မ ၁၄ ပါပြဋ္ဌာန်းချက်များအရ ဆောင်ရွက်နိုင်သည်။

၁၆။ နိုင်ငံတော်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသောဖြတ်သန်းမှုဖြင့် ဖြတ်သန်းသွားလာသော နိုင်ငံခြားရေယာဉ်နှင့် စပ်လျဉ်း၍အောက်ဖော်ပြပါ ကိစ္စများ တွင် တရားမကြောင်းအရ စီရင်ပိုင်ခွင့်ကို ကျင့်သုံးနိုင်သည် -

(က) နိုင်ငံခြားရေယာဉ်က နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်နှင့် ပိုင်နက် ပင်လယ်တစ်လျှောက်ဖြတ်သန်းသည့် ခရီးစဉ်အတွင်း လိုက်နာရန်ရှိသည့် တာဝန်ကိုပျက်ကွက်ခြင်း သို့မဟုတ်ပေးဆောင်ရန်တာဝန်ရှိမှုကို ပျက်ကွက်ခြင်း၊

(ခ) နိုင်ငံခြားရေယာဉ်က အတွင်းပိုင်းရေပြင်၌တရားမကြောင်းဆိုင်ရာ တာဝန်ရှိသော ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း။

## အခန်း(၄)
## ဆက်စပ်ဇုန်


၁၇။ နိုင်ငံတော်၏ ဆက်စပ်ဇုန်သည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည့်အပြင် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၄ မိုင်အထိ ကျယ်ဝန်းသည်။


၁၈။ နိုင်ငံတော်သည် ဆက်စပ်ဇုန်တွင် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ် သည့်ထိန်းချုပ်မှုများကို ကျင့်သုံးပိုင်ခွင့်ရှိသည် -

(က) နိုင်ငံတော်၏ လုံခြုံရေးကို ထိန်းသိမ်းကာကွယ်ရေး၊


(ခ) နိုင်ငံတော်၏ အကောက်ခွန်၊ ငွေကြေး၊ လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေးဆိုင်ရာဥပဒေများကို ဖောက်ဖျက်ခြင်းမပြုရန် ကြိုတင်တားဆီးကာကွယ်ရေးနှင့် ဖောက်ဖျက်သူတို့အား ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးရေး။


*(ဆက်လက်ဖော်ပြပါမည်)*



မေမေ နဲ့ သားသား











# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း

*ယမန်နေ့မှအဆက်*

**အခန်း (၂၉)**

**ကူးပြောင်းကာလ ယာယီ ပြဋ္ဌာန်းချက်များ**

၁၀၉။ ဤဥပဒေထုတ်ပြန်သည့်နေ့မတိုင်မီ ကလေးသူငယ် ဥပဒေ ( ဥပဒေအမှတ် ၉/၉၃ ) အရ ကလေးသူငယ်ကို ဖြစ်စေ၊ လူငယ်ကိုဖြစ်စေ အရေးယူခဲ့သော သို့မဟုတ် စစ်ဆေးစီရင်ခဲ့သော ပြစ်မှုနှင့် စပ်လျဉ်း၍ -

(က) ကလေးသူငယ်ကကျူးလွန်ခဲ့သည့် မပြီးပြတ်သေးသောပြစ်မှုများနှင့် စပ်လျဉ်း၍ ပြစ်မှုကြောင်းအရ အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့သည့် ကလေးသူငယ် ဥပဒေ (ဥပဒေအမှတ် ၉/ ၉၃ ) ပုဒ်မ ၂၈ ကို အောက်ပါအတိုင်းအစားထိုးပြီး ဖြစ်သကဲ့သို့ မှတ်ယူ၍ ဆက်လက်စစ်ဆေး စီရင်ရမည် -

"၂၈။ (က) အသက် ၁၀ နှစ် မပြည့်သေးသော ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်စေရ။

(ခ) ပြုလုပ်စဉ်အခါက မိမိပြုသော ပြုလုပ်မှု၏ သဘောနှင့် အကျိုးအပြစ်ကို သိနားလည်လောက်အောင် အမြော်အမြင်၊ အဆင်အခြင်နှင့် မပြည့်စုံသေး၍ အသက် ၁၀ နှစ်အထက်၊ ၁၂ နှစ်အောက် အရွယ်ရှိသော ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်။"

(ခ) အသက် ၁၀ နှစ် မပြည့်သေးသော ကလေးသူငယ်က ကျူးလွန်ခဲ့သည့် မပြီးပြတ်သေးသော ပြစ်မှုများကို မည်သည့်အဆင့်တွင် ရှိစေကာမူ ပိတ်သိမ်းရမည်။

(ဂ) အသက် ၁၀ နှစ် မပြည့်သေးသော ကလေးသူငယ်အား ချမှတ်သည့် ပြစ်ဒဏ်များ သို့မဟုတ် ဆုံးဖြတ်ချက်များသည် ပျက်ပြယ်စေရမည်။

(ဃ) သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာတွင် ဖြစ်စေ၊ အကျဉ်းထောင်တွင်ဖြစ်စေ ထိန်းသိမ်းခြင်း ခံနေရသော အသက် ၁၀ နှစ်အောက်ရှိသော ကလေးသူငယ်များကို မိဘ၊ အုပ်ထိန်းသူ၊ ပြုစုစောင့်ရှောက်သူ သို့မဟုတ် လူမှုဝန်ထမ်းအရာရှိ၏ ပြုစုစောင့်ရှောက်မှုသို့ ဆောလျင်နိုင်သမျှဆောလျင်စွာ လွှဲပြောင်းပေးရမည်။

(င) အသက် ၁၆ နှစ် ပြည့်ပြီး အသက် ၁၈ နှစ် မပြည့်သေးသော လူငယ်က ကျူးလွန်ခဲ့သည့်မပြီးပြတ်သေးသောပြစ်မှုများကို ဤဥပဒေအရ ကလေးသူငယ်က ကျူးလွန်ခဲ့သည်ဟုမှတ်ယူပြီး ကလေးသူငယ်တရားရုံးများက ဆက်လက် စစ်ဆေးစီရင်ရမည်။

**အခန်း (၃၀)**

**အထွေထွေ**

၁၁၀။ (က) ကလေးသူငယ်၏ အသက်နှင့်စပ်လျဉ်းသည့် အထောက်အထားကို အောက်ပါအစီအစဉ်အတိုင်း ဦးစားပေး စိစစ်ရမည် -

(၁) မွေးစာရင်း၊

(၂) ကျောင်းဝင်မှတ်ပုံတင်စာရင်း ကောက်နုတ်ချက် မိတ္တူမှန်၊

(၃) နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် ပြည်တွင်းတွင် အမြဲတမ်းနေထိုင်သော နိုင်ငံခြားသားမှတ် ပုံတင်လက်မှတ်၊

(၄) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာဆရာဝန်၏ ဆေးထောက်ခံချက်၊

(၅) အိမ်ထောင်စုစာရင်း၊

(၆) ပုဒ်မခွဲငယ် (၁) မှ (၅) အထိ သတ်မှတ်ထားသော အထောက်အထားများ မရရှိပါက အခြားခိုင်လုံသော အထောက်အထားစာတမ်းအမှတ်အသား တစ်ခုခု။

(ခ) ကလေးသူငယ်၏ အသက်နှင့်စပ်လျဉ်း၍ မွေးဖွားသည့် ခုနှစ်နှင့် လ အတွက်သာ ဖော်ပြနိုင်လျှင် မွေးရက်ကို ယင်းလ ၁၆ ရက်နေ့ဟုလည်းကောင်း၊ မွေးဖွားသည့် ခုနှစ်သာ ဖော်ပြနိုင်လျှင် မွေးလနှင့် နေ့ရက်ကို ထိုနှစ်၏ ဇူလိုင်လ ၁ ရက်နေ့ဟုလည်းကောင်း သတ်မှတ်နိုင်သည်။

၁၁၁။ ဤဥပဒေတွင်ကလေးသူငယ်မှုခင်းများကို စုံစမ်းစစ်ဆေးခြင်း၊ ကလေးသူငယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခြင်း၊ စစ်ဆေးစီရင်ခြင်းနှင့် စပ်လျဉ်း၍ သီးခြားပြဋ္ဌာန်းချက် မပါရှိလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၁၁၂။ ကလေးသူငယ် ဥပဒေ ( ဥပဒေအမှတ် ၉/၉၃ ) အရ-

(က) လူမှုဝန်ထမ်းဦးစီးဌာနက တည်ထောင်ထားသော သင်တန်းကျောင်းနှင့် ယာယီစောင့်ရှောက်ရေးဂေဟာတို့သည် ဤဥပဒေအရ တည်ထောင်သော သင်တန်းကျောင်း၊ ပရဟိတဂေဟာနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများ ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက လူမှုဝန်ထမ်း ဦးစီးဌာနတွင် မှတ်ပုံတင်၍ တည်ထောင်ထားသည့် ပရဟိတဂေဟာများသည် မှတ်ပုံတင်သက်တမ်းတည်ရှိနေသည့်ကာလအတွင်း ဤဥပဒေအရ တည်ထောင်ခွင့်ပြုမိန့်ဖြင့် တည်ထောင်သည့် ပရဟိတ ဂေဟာများဖြစ်သည်ဟု မှတ်ယူရမည်။ ထိုမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်အခါ ဤဥပဒေနှင့်အညီ တည်ထောင်ခွင့်ပြုမိန့် လျှောက်ထားရယူရမည်။

၁၁၃။ ပုဒ်မ ၉၈ အရ အရေးယူသောပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၁၁၄။ ကလေးသူငယ် ဥပဒေ ( ဥပဒေအမှတ် ၉/ ၉၃ ) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ဆက်လက် ကျင့်သုံးနိုင်သည်။

၁၁၅။ ဤဥပဒေမပြဋ္ဌာန်းမီ တည်ဆဲဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေနှင့် သက်ဆိုင်သမျှ ဤဥပဒေအရသာလျှင် အရေးယူဆောင်ရွက်ရမည်။

၁၁၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားကော်မတီ၊ပြည်ထောင်စုတရားလွှတ် တော်ချုပ်၊သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနနှင့်အစိုးရဌာန၊အစိုးရအဖွဲ့အစည်းများသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၁၇။ ကလေးသူငယ် ဥပဒေ ( နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၉/ ၉၃ ) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။



# မြန်မာသဒ္ဒါသင်ကြားရေး (၁၄)

**မောင်ခင်မင်(ဓနုဖြူ)**

"သရတွေကို ရဿသရနဲ့ ဒီဃသရဆိုပြီးခွဲတာ၊ တစ်နည်းပြောရရင် သံတိုသရနဲ့ သံရှည်သရဆိုပြီး ခွဲတာနဲ့ပတ်သက်လို့ ဆက်ပြောဦးမယ်"

"ပြောပါ ဆရာ"

"ပါဠိသဒ္ဒါတွေ၊ ပါဠိဆန်တဲ့မြန်မာသဒ္ဒါတွေမှာ ရှေးကတည်းက အဲဒီလို ခွဲခဲ့တာလေ။ အခုမြန်မာသဒ္ဒါမှာလည်း သရ(၁၁)လုံးမှာ 'အ၊ ဣ၊ ဥ' (၃)လုံးက ရဿသရခေါ်တဲ့ သံတိုသရ၊ ကျန်တဲ့ 'အာ၊ ဤ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အို' ဆိုတဲ့ သရရှစ်လုံးက ဒီဃသရလို့ခေါ်တဲ့ သံရှည်သရဆိုပြီး ခွဲပြထားတယ်နော်"

"ဟုတ်ပါတယ် ဆရာ"

"ဒါပေမယ့် မြန်မာသရတွေက အဲဒါအကုန်မဟုတ်သေးဘူးလေ။ အဲဒီထဲမှာ သင်ရိုးသရထဲက 'အံ' နဲ့ 'အား' မပါသေးဘူး။ ပြီးတော့ အန်-အန့်-အန်းတို့၊ 'အက်၊ အောက်၊ အိတ်တို့' ဆိုတဲ့ သရတွေလည်း မပါသေးဘူး။ အဲဒီသရတွေကိုရော သံတို၊ သံရှည်ခွဲဖို့ မလိုဘူးလား"

"လိုမှာပေါ့ ဆရာ"

"လိုတာပေါ့။ တကယ်တော့ သံတိုသရဆိုတာ အ၊ ဣ၊ ဥ သုံးလုံးသာမက အင်၊ အန့် တို့ဆိုတဲ့ အောက်မြစ်ပါတဲ့သရတွေရော၊ အက်၊ အစ်၊ အပ်၊ အိတ် စတဲ့ 'ကသတ်၊ စသတ်၊ တသတ်၊ ပသတ်'ပါတဲ့ သရတွေရော အ၊ ဣ၊ ဥနဲ့ အသံအရှည်ချင်း အတူတူပဲလေ။ အဲဒီသရတွေကိုပါ သံတိုသရတွေ အဖြစ် တစ်ပေါင်းတည်းပြောရင် ရှင်းတာပေါ့"

"ဟုတ်ကဲ့ပါ"

"ခုတော့ ဒီဃ၊ ရဿခွဲတာ အခြေခံသရ (၁၁)လုံးနဲ့ပဲ ဆိုင်သလို ဖြစ်မနေဘူးလား"

"ဆရာ အဲဒီသတ္တမတန်း သဒ္ဒါစာအုပ်မှာတော့ သေးသေးတင်ရယ်၊ အောက်မြစ်ရယ်၊ ဝစ္စနှစ်လုံးပေါက်ရယ်ကို သံပြောင်းပြသင်္ကေတတွေလို့ ပြောထားပါတယ်။ အဲဒီသင်္ကေတတွေ ထည့်ပြီး သရတွေကို အသံတို၊ အသံရှည်ပြောင်းပုံလည်းပြထားပါတယ်"

"ဟုတ်ပါတယ်။ အသံအရှည်အတို သဘောချင်းအတူတူမို့ မြန်မာသရတွေအားလုံးစုပြီး ဘယ်သရတွေက သံတို၊ ဘယ်သရတွေက သံရှည်ဆိုပြီး ခွဲပြရင် ပိုမရှင်းဘူးလားကွယ်။ အခုသတ်သတ်စီပြထားတော့ အဲဒီသရတွေ သဘောချင်းတူတယ်ဆိုတာ ကလေးတွေက အလွယ်တကူသိပ့်မလား"

"သဘောပေါက်ပါပြီ ဆရာ"

"နောက်ရှိသေးတယ်။ သံတိုသရနဲ့ သံရှည်သရ နှစ်မျိုးရှိတယ်ဆိုပြီးမှ အသံပြောင်းပုံပြတဲ့ အခန်းမှာ ဝစ္စနှစ်လုံးပေါက်ပါတဲ့ 'အား၊ အီး၊ အူး' စတဲ့သရတွေကို 'သရသံလေး'လို့ ထပ်ပြပြန်ရော။ ဒီတော့ သရသုံးမျိုးဖြစ်မသွားဘူးလား။ ဒါပေမယ့် မြန်မာစကားမှာ သံတို၊ သံရှည်၊ သံလေးဆိုပြီး သုံးမျိုးရှိတယ်လို့ ရှင်းရှင်းလင်းလင်းပြောမထားတော့ ကလေးတွေစိတ်ထဲမှာ ရှုပ်ထွေးစရာဖြစ်တာပေါ့"

"ဟုတ်ကဲ့"

"ဆရာအရင်အပတ်ကပြောသလို မြန်မာစကားမှာ အဲဒီလို အသံအတက်အကျအရ၊ တက်ကျသံ (tone)လို့ ခေါ်တာပေါ့။ အဲဒီတက်ကျသံအရ သရသုံးမျိုးကွဲတယ်ဆိုတာ ကလေးတွေက ပထမတန်း၊ ဒုတိယတန်းမှာကတည်းက သိပြီးသားလေ။ က- ကာ- ကား၊ ပန်-ပန့်-ပန်း ဆိုတဲ့ မြန်မာဖတ်စာထဲက သုံးသံတွဲတွေနဲ့ ရင်းနှီးပြီးသားလေ။အခုအလယ်တန်း၊ အထက်တန်းရောက်လို့ မြန်မာသဒ္ဒါသင်ရတော့မှ အရင်က သင်ခဲ့ရတာတွေနဲ့ မတူတာတွေ တွေ့ရတော့ ရှုပ်ထွေးမှာ အမှန်ပဲလေ။ ဆရာက အလွတ်ပြောတာမဟုတ်ပါဘူး။ ကလေးတွေရော၊ ဆရာ ဆရာမတွေရော အဲဒီအပိုင်းတွေ မရှင်းလို့ဆိုပြီး မကြာခဏ လာမေးကြလို့ အခြေအနေကို သိနေတာပါ"

"ဟုတ်ကဲ့၊ နားလည်ပါတယ် ဆရာ"

"ပြောချင်တာက မြန်မာဗျည်းသံ၊ သရသံအကြောင်းတွေကို ကျောင်းသားတွေ သိသင့်တာမို့ သဒ္ဒါစာအုပ်ရှေ့ပိုင်းမှာ ထည့်သင်တာလည်း ကောင်းပါတယ်။ ဒါပေမယ့် အခုလို ပါဠိဆန်တဲ့ သဒ္ဒါတွေရဲ့နောက်ကိုလိုက်ပြီး ရှင်းပြတာမျိုးမဟုတ်ဘဲ မြန်မာစကားသံတွေရဲ့ သဘောလက္ခဏာကိုပဲ ရှင်းရှင်းလင်းလင်းပြရင် သင်ရတဲ့ကလေးတွေအတွက် ရှင်းတာပေါ့ကွယ်။ အဲဒါပြောချင်တာပါ"

"ဟုတ်ကဲ့ပါ ဆရာ"

"နောက်တစ်ခုရှိသေးတယ်။ အသံပြောင်းပြ သင်္ကေတတွေအကြောင်း ထည့်သင်တာကောင်းပါတယ်။ အောက်မြစ်နဲ့ ဝစ္စနှစ်လုံးပေါက်ဟာ မြန်မာစာမှာ တက်ကျသံကိုပြောင်းပေးနိုင်တဲ့ သတ္တိရှိတယ်ဆိုတာ ကျောင်းသားတွေသဘောပေါက်သွားရင် ကောင်းတာပေါ့။ သဒ္ဒါစာအုပ်ထဲမှာပြထားသလို 'အော့၊ အူ့'ဆိုတဲ့ သံရှည်သရတွေကို အောက်မြစ်ထည့်လိုက်ရင် 'အော့၊ အူ့' ဆိုပြီး သံတိုသရတွေဖြစ်သွားတာ။ 'အင်၊ အန်'ဆိုတဲ့ သံရှည်သရတွေကို အောက်မြစ်ထည့်လိုက်ရင် 'အင့်၊ အန့်' ဆိုတဲ့ သံတိုသရတွေဖြစ်သွားတာ ကလေးတွေကိုယ်တိုင် ရွတ်ဆိုကြည့်ရင် သဘောပေါက်မှာပေါ့"

" ဟုတ်ပါတယ်ဆရာ၊ အဲဒီလိုပဲ၊ ဝစ္စပေါက်ထည့်ရင် သံရှည်သရက သံလေးသရဖြစ်သွားတာပေါ့နော်"

" ဟုတ်တယ်။ 'အာ၊ အေ'ဆိုတဲ့ သံရှည်သရကို ဝစ္စပေါက်ထည့်လိုက်ရင် 'အား၊ အေး'ဆိုတဲ့ သံလေးသရဖြစ်သွားတာပဲလေ။ ဒါထက်သဒ္ဒါစာအုပ်ထဲမှာ 'အင်၊ အည်၊ အန်'ဆိုတဲ့ သံရှည်သရ တွေကို 'သံရှည်အသတ်'လို့ တစ်မျိုးခေါ်ပြန်တာ။ ထပ်ရှုပ်ပြန်ရော၊ သံရှည်သရလို့ခေါ်နေရာက အသတ်ပါလို့ သံရှည်အသတ်လို့ပြောင်းခေါ်တာလားတော့မသိဘူး။ ဒါပေမယ့် စာအုပ်ထဲမှာကြည့်စမ်း။ 'အင်'ကိုကျတော့ သံရှည်အသတ်တဲ့၊ 'အင့်'ကိုကျတော့ သံတိုသရဖြစ်ပြန်ရော၊ ဘာဖြစ်လို့ သံတိုအသတ်လို့မခေါ်တာလဲ။ ဝေါဟာရတွေကို တစ်သမတ်တည်း မသုံးတော့မလိုအပ်တဲ့ ရှုပ်ထွေးမှုတွေဖြစ်တာပေါ့။ ဒါက ဆက်စပ်နေတာကိုကြုံလို့ပြောတာပါ"

"တွေ့ပါတယ်ဆရာ"

"အဲဒီမှာပြောစရာတစ်ခုက သေးသေးတင်ကို သံပြောင်းပြသင်္ကေတအဖြစ် ထည့်ပြထားတာပဲ"

"ဟင်... မဟုတ်ဘူးလားဆရာ"

" သေးသေးတင်က မသတ်ရဲ့အတိုကောက်လေ။ 'ကမ်' ကို အတိုကောက်ရေးရင် 'ကံ'လို့ရေးတာမျိုးလေ။ ဒီတော့ သေးသေးတင်က 'မသတ်' ဆိုတဲ့ သရသင်္ကေတပဲ။ အောက်မြစ်တို့၊ ဝစ္စပေါက်တို့က တက်ကျသံပြောင်းပေးတဲ့ သံပြောင်းပြသင်္ကေတပဲ။ သဘောချင်းမတူဘူးလေ။ ဒါကြောင့် သေးသေးတင်ကို သံပြောင်းသင်္ကေတအဖြစ်ရောပြီး ထည့်ထားတာလည်း ရှုပ်ထွေးစရာတစ်ခုပဲ"

"ဟုတ်ကဲ့ပါ"

"အဲ့ဒီသတ္တမတန်း မြန်မာသဒ္ဒါမှာကြည့်။ ပြထားတဲ့ သာဓကမှာ 'အီ'ဆိုတဲ့သံတိုသရကို သေးသေးတင်ထည့်ရင် 'အိံ'ဆိုတဲ့သံရှည် သရဖြစ်တယ်-တဲ့။ 'တာဝတိံ'လိုပါဠိစကားလုံးတွေ ရေးရာမှာသုံးတယ်တဲ့"

"ဩော်..."

"ပြောစရာနှစ်ခုရှိတယ်။ တစ်ခုက လုံးကြီးတင်ရော၊ သေးသေးတင်ရောပါတဲ့ စာလုံးပေါင်းပုံဟာ ကျောင်းသားတွေ သင်ရတဲ့ စာလုံးပေါင်းပုံတွေထဲမှာ ပါသလား။ ကျောင်းသားတွေ သိပြီးသားလား"

"မြန်မာစာရေးထုံးမှာ 'လုံးကြီးတင် သေးသေးတင်' ဆိုတာမရှိပါဘူးဆရာ"

"ဟုတ်တယ်လေ။ 'တာဝတိံ'လို ပါဠိစာလုံးတွေမှာတော့ ရှိမှာပေါ့။ ပါဠိမှာ 'သိံ'လို့ရေးရင်'သိမ်'လို့အသံထွက်ရတယ်။ မြန်မာ စာလုံးပေါင်းမှာမရှိပါဘူး။ အဲဒီလိုမြန်မာစာမှာ ကလေးတွေမသင်ခဲ့ရတဲ့ ရေထုံးကိုသာဓကပြတာ သူတို့အတွက်မရှုပ်ဘူးလား"

"ရှုပ်တာပေါ့ဆရာ"

"နောက်တစ်ချက်က ဒီရေးထုံးကိုကြည့်ရင် သေးသေးတင်ဟာမသတ်ရဲ့ အတိုကောက်ပဲဆိုတာ ရှင်းနေပါတယ်။ မူလကပါဠိစာလုံးပေါင်းပါပဲ။'တာဝတိမ်'လို့မရေးဘဲ'တာဝတိံ' လို့ပါဠိဆန်ဆန် စာလုံးပေါင်းတာလေ။ ဒါကြောင့်သေးသေးတင်ဟာအောက်မြစ်နဲ့ ဝစ္စနှစ်လုံးပေါက်လို အသံအတက် အကျ၊ အဲ...တက်ကျသံပေါ့၊ tone ပေါ့၊ အဲဒီတက်ကျသံ ပြောင်းပုံကိုပြတဲ့ သံပြောင်းပြ သင်္ကေတမဟုတ်တဲ့အတွက် ဒီနေရာမှာ ရောပြီး မပြသင့်ဘူးလို့ပြောတာပါ"

"ဟုတ်ကဲ့။ ဆရာ ဗျည်းတွေကို ဃောသ၊ အဃောသ၊ ဓနိတ၊ သိထိလ ဆိုပြီးခွဲတာမှာ ကျွန်မအရင်က မှတ်သားထားတာနဲ့ မတူတာတွေပါပါတယ်။ အဲဒီအပိုင်းလည်းရှင်းပြပေးပါနော်"

"အင်း... အဋ္ဌမတန်းသဒ္ဒါမှာ ခွဲပြထားတာထင်တယ်။ ဒါလည်းကွဲကွဲပြားပြားသိဖို့လိုအပ်တာပေါ့။ ကဲ... ဒီတစ်ပတ်တော့ အချိန်မရတော့ဘူးလေ။ နောက်တစ်ပတ်မှ ပြောကြတာပေါ့"

"ဟုတ်ကဲ့ပါ"

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# အလုပ်သမားများ လူမှုတရားမျှတရေးအတွက် အဆင့်ဆင့်ညှိနှိုင်း၍ အဖြေရှာ

## သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး

လုပ်ခလစာရရှိသည့် အလုပ်အကိုင်ကို လုပ်ကိုင်သူ မည်သူမဆို အလုပ်သမားရေးရာ ကိစ္စရပ်များကို အနည်းနှင့်အများ တွေ့ကြုံကြရမည်ဖြစ်သည်။ အလုပ်သမားများ လိုအပ်သည့် စားဝတ်နေရေးတို့အတွက် လုပ်ခလစာသည် အရေးကြီးသကဲ့သို့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်သာယာရေးတို့သည်လည်း အလွန်အရေးကြီးသည်။ အလုပ်သမားတို့အတွက် တရားမျှတမှု၊ မှန်ကန်မှုနှင့် လုံခြုံစိတ်ချရမှုတို့အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အလုပ်သမားရေးရာ ဆက်ဆံရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်ကိုမူ အလုပ်သမားအများစုက သိရှိထားရန်လိုအပ်ပြီး အကူအညီများလိုအပ်သည့်အခါ၊ အချက်အလက်များ ရယူလိုသည့်အခါ သွားရောက်ဆွေးနွေးတိုင်ပင်ခြင်းဖြင့် အလုပ်သမားတို့အတွက် အကျိုးကျေးဇူးရရှိစေမည်ဖြစ်သည်။

အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊ အလုပ်ရှင်နှင့်အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ကာ လုပ်ငန်းခွင်သာယာစေရန်နှင့် အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား အငြင်းပွားမှုများကို တရားမျှတမှန်ကန်စွာ ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် အလုပ်သမားများ၏ ရပိုင်ခွင့်ကို မျှတစွာ ရရှိခံစားကြစေရန် ရည်ရွယ်၍ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ စည်းကြပ်ဆောင်ရွက်ပေးလျက်ရှိသည်မှာ ၂၀၁၂ ခုနှစ် ကတည်းကပင်ဖြစ်သည်။ ယင်းမတိုင်မီကလည်း ဗဟိုဝါဏိဇ္ဇပဋိပက္ခကော်မတီရုံးအဖြစ် အလုပ်သမားများ၏ အရေးကိစ္စများကို ဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

**အလုပ်ရှင်၊ အလုပ်သမားအကြားစတင်ညှိနှိုင်း**

အလုပ်သမား ၃၀ နှင့်အထက်ရှိသည့် လုပ်ငန်းတိုင်းတွင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းကာ အလုပ်သမားများနှင့် အလုပ်ရှင်တို့အကြား အပြန် အလှန်လေးစားညှိနှိုင်းမှုကို ဆောင်ရွက်ရမည်သည်။ ကော်မတီကို ဖွဲ့စည်းရာတွင် အလုပ်သမားအဖွဲ့အစည်းရှိပါက စုပေါင်းတောင်းဆိုနိုင်ရန် အလုပ်သမားအဖွဲ့အစည်းတစ်ခုချင်းက အဆိုပြုသည့် အလုပ်သမားကိုယ်စားလှယ်နှစ်ဦးစီ၊ အလုပ်သမား ကိုယ်စားလှယ်ဦးရေနှင့် ညီမျှသည့် အလုပ်ရှင်ကိုယ်စားလှယ်ဦးရေတို့ အညီအမျှဖြင့် ကော်မတီကို ဖွဲ့စည်းထားကြရသည်။

အကယ်၍ စက်ရုံအလုပ်ရုံတိုင်းတွင် အလုပ်သမားအဖွဲ့အစည်းမရှိသည့် လုပ်ငန်းများ၌ အလုပ်သမားများက ရွေးချယ်သည့် အလုပ်သမား ကိုယ်စားလှယ်နှစ်ဦး၏ အလုပ်ရှင်ကိုယ်စားလှယ် နှစ်ဦးတို့ဖြင့် အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းထားရန်လိုအပ်ကြောင်း အလုပ်သမားဆက်ဆံရေး ဦးစီးဌာနမှ သိရသည်။

**အငြင်းပွားမှုများတွင် လုပ်ငန်းခွင်အခြေအနေ၊ လုပ်ငန်းခွင်အတွင်း အလုပ်ရှင် အဖွဲ့အစည်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများကို အသိအမှတ်ပြုမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ လုပ်ငန်းနှင့်သက်ဆိုင်သည့် အခွင့်အရေးများ ကျင့်သုံးမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေးနှင့် လုပ်ငန်းလည်ပတ်မှု၊ လူမှုဘဝတည်ငြိမ်အေးချမ်းမှုကို အန္တရာယ်ဖြစ်စေ၍ လည်းကောင်း၊ တည်ဆဲအလုပ်သမားဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများနှင့် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုများကို လည်းကောင်း ပါဝင်သည်**

အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ၏ သက်တမ်းမှာ တစ်နှစ်ဖြစ်ပြီတစ်နှစ်ပြည့်ပါက ပြန်လည်ဖွဲ့စည်း ရွေးချယ်ခြင်းပြုလုပ်ရမည်ဖြစ်သည်။ ယင်းကော်မတီသည် အလုပ်ရှင်အလုပ်သမားများအကြား အငြင်းပွားမှုများကို လက်ခံရရှိသည့်နေ့မှ ငါးရက်အတွင်း ဆွေးနွေးညှိနှိုင်းအဖြေရှာရန်လိုအပ်ပြီး ပြေလည်မှုမရရှိပါက သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခွင့်ရမည်ဖြစ်သည်။

**သုံးပွင့်ဆိုင် ညှိနှိုင်းရေးလမ်းကြောင်း**

မြန်မာနိုင်ငံ၌ ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားနှင့် အစိုးရကိုယ်စားလှယ်တို့ သုံးဦးသုံးဖလှယ် သုံးပွင့်ဆိုင်စနစ်ဖြင့် ဖွဲ့စည်းထားသော အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များသည် အလုပ်သမားအရေးကိစ္စရပ်များကို နေ့စဉ်ဆောင်ရွက်ပေးနေကြသည့် အဖွဲ့များ ဖြစ်သည်။ လက်ရှိတွင် မြို့နယ်အဆင့် အလုပ်သမားရေးရာ အငြင်းပွားမှုများအတွက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ပေါင်း ၃၂၅ ဖွဲ့နှင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ခုံသမာဓိအဖွဲ့ ၁၅ ဖွဲ့၊ အမြင့်ဆုံးအငြင်းပွားမှုဆိုင်ရာများ ဖြေရှင်းပေးနေသည့် ခုံသမာဓိကောင်စီဟူ၍ အဆင့်ဆင့်က အလုပ်သမားအရေး ပြဿနာများကို ကိုင်တွယ်ဖြေရှင်းပေးလျက်ရှိသည်။

အလုပ်သမားများ၏ အငြင်းပွားမှု ပြဿနာအရပ်ရပ်ကို ကိုင်တွယ်ဖြေရှင်းရာတွင် လုပ်ငန်းခွင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီသည် ပြဿနာရပ်များကို စတင်ဖြေရှင်းရန် တိုင်ကြားသည့်နေ့ရက်မှ ငါးရက်အတွင်း လုပ်ဆောင်ကြရမည်ဖြစ်ပြီး အဖွဲ့ဝင် ၁၁ဦးပါရှိသည့် မြို့နယ်အဆင့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင်မူ ပြဿနာရပ်များကို သုံးရက်အတွင်း ညှိနှိုင်းအဖြေရှာရမည်ဖြစ်သည်။ အကယ်၍ အငြင်းပွားမှုများကို ဖြေရှင်းရန် အခက်အခဲဆက်လက်ရှိနေပါက အဖွဲ့ဝင် ၁၁ဦးပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခုံသမာဓိအဖွဲ့မှ အငြင်းပွားမှုပြဿနာကို စတင်လက်သင့်ခံသည့် နေ့ရက်မှ စတင်၍ ခုနစ်ရက်အတွင်း ဖြေရှင်းညှိနှိုင်းပေးရန် လိုအပ်သည်။ နောက်ဆုံးအဆင့် ခုံသမာဓိကောင်စီသည် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းထားပြီး အလုပ်သမားအရေးကိစ္စရပ်များကို ဖြေရှင်းရာတွင် ၁၄ရက်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။

အငြင်းပွားမှုများတွင် လုပ်ငန်းခွင်အခြေအနေ၊ လုပ်ငန်းခွင် အတွင်း အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများကို အသိအမှတ်ပြုမှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လုပ်ငန်းနှင့်သက်ဆိုင်သည့် အခွင့်အရေးများ ကျင့်သုံးမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေးနှင့် လုပ်ငန်းလည်ပတ်မှု၊ လူမှုဘဝတည်ငြိမ်အေးချမ်းမှုကို အန္တရာယ်ဖြစ်စေ၍ လည်းကောင်း၊ တည်ဆဲအလုပ်သမား ဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများနှင့် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုများကိုလည်းကောင်း ပါဝင်သည်။

**မြို့နယ်အဆင့်ညှိနှိုင်းအဖြေရှာ**

လုပ်ငန်းခွင်ရေးရာ၊ အခွင့်အရေး၊ ရပိုင်ခွင့်၊ ဆက်ဆံရေးနှင့် ဘေးကင်းလုံခြုံမှု၊ လုပ်ခလစာ၊ အလုပ်ထုတ်ခြင်းနှင့် အလုပ်ရပ်စဲခြင်းများကို မြို့နယ်အဆင့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များက ဖြေရှင်းပေးကြပြီး ဘာသာရေး၊ လူမှုရေးနှင့် ပရဟိတလုပ်ငန်းများ၊ စည်းကမ်းကန့်သတ်ချက်အရ သတ်မှတ်ကာလကျော်လွန်သည့် အငြင်းပွားမှု၊ စီးပွားခွဲမဟုတ်သူများအကြား အငြင်းပွားမှု၊လုပ်ငန်းအတွက် ယာဉ်ငှားရမ်းမှုဆိုင်ရာ အငြင်းပွားမှု၊ ငွေကြေးအလွဲသုံးစားမှု၊ လုပ်ငန်းအစုစပ်များတွင် ပိုင်ရှင်တစ်ဦးကို အမှုဖွင့်ထားပြီး ကျန်တစ်ဦးကို အငြင်းပွားမှုဖြင့် တိုင်ကြားသော အငြင်းပွားမှု၊ တစ်ကြိမ်ဆုံးဖြတ်ထားသည့် ရပိုင်ခွင့်တစ်ရပ်ကို အကျုံးဝင်ကာ သတ်မှတ်ကာလ မကုန်သေးမှ နောက်တစ်ကြိမ် ထပ်မံတောင်းဆိုသည့် အမှုများကိုမူ ညှိနှိုင်းဖျန်ဖြေခြင်း မပြုကြောင်း သိရသည်။

**ခုံသမာဓိကောင်စီနှင့်အဖွဲ့များက ဆုံးဖြတ်နိုင်**

မူလရာထူး သို့မဟုတ် သင့်လျော်သည့်ရာထူးကို ပြန်ခန့်ရန် တောင်းဆိုခြင်း၊ အလုပ်ပြန်ခန့်သည်ဟု ဆုံးဖြတ်ရာတွင် သင့်တော်သည့် ကြားကာလ နစ်နာကြေးတောင်းဆိုခြင်း၊ အလုပ်သမားများရရှိရန်ရှိသည့် လုပ်ခလစာအပါအဝင် အခြားခံစားခွင့်များတောင်းဆိုခြင်းနှင့် ဆုံးဖြတ်ချက် သို့မဟုတ် စုပေါင်း သဘောတူညီချက်တစ်ခု၏ အကျိုးသက်ရောက်မှုကာလကို ထည့်သွင်းသတ်မှတ်ရန် တောင်းဆိုခြင်းများကို ခုံသမာဓိကောင်စီနှင့် ခုံသမာဓိအဖွဲ့များက ဥပဒေ၊ နည်းဥပဒေများအရ ဆုံးဖြတ်ချက်များ ချမှတ်ပေးနိုင်ကြောင်း သိရသည်။

**ညှိနှိုင်းချက်ကို မလိုက်နာလျှင် ငွေဒဏ်**

အလုပ်သမားပြဿနာများကို အဆင့်ဆင့်ဖြေရှင်းပြီး အငြင်းပွားမှုနှင့် သက်ဆိုင်သူများအားလုံးနှင့် အငြင်းပွားမှုဖြစ်သည့် အလုပ်ရှင်တို့နှင့် အလုပ်ရှင်ကိုယ်စားလှယ်တို့သည် ခုံသမာဓိကောင်စီနှင့် ခုံသမာဓိအဖွဲ့တို့က အတည်ဖြစ်ပြီးသည့် ဆုံးဖြတ်ချက်များကို မဖြစ်မနေလိုက်နာကြရမည်ဖြစ်သည်ကိုလည်း အလုပ်သမားများ သိရှိသင့်ကြောင်း အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

ယင်းဆုံးဖြတ်ချက်များကိုလိုက်နာရန် ပျက်ကွက်ပါက ဥပဒေ၊ နည်းဥပဒေများအရ ငွေဒဏ်အနည်းဆုံး ကျပ်ဆယ်သိန်း ချမှတ်နိုင်ပြီး လျော်ကြေးပေးထိုက်ကြောင်း ပေါ်ပေါက်ပါက တရားရုံးက ချမှတ်သည့် ငွေဒဏ်မှသင့်လျော်သောငွေကို လျော်ကြေးအဖြစ် ထုတ်ပေးခြင်းခံရမည်ဖြစ်သည်ဟု သိရသည်။ သို့သော် အလုပ်ရှင်၊ အလုပ်သမားအများစုသည် သတိမမူကြဘဲ အငြင်းပွားမှု တစ်စုံတစ်ရာအတွက် မြို့နယ်ညှိနှိုင်းခြင်းထက် ခုံသမာဓိ ကောင်စီသို့သာ ဦးစွာတိုင်တန်းလိုခြင်းမှာလည်း ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအား သိနားလည်မှု အားနည်းချက်များအဖြစ် မြင်တွေ့နေရဆဲပင်ဖြစ်သည်။

ခုံသမာဓိကောင်စီနှင့် ခုံသမာဓိအဖွဲ့တို့၏ ဆုံးဖြတ်ချက်ကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်းဖြင့် မကျေလည်သည့်အမှုများကို အငြင်းပွားသူများက လုပ်ဆောင်နိုင်သေးကြောင်း သိရှိရပြီး အငြင်းပွားမှုများ၏ နှစ်နှစ်အတွင်း လျှောက်ထားရမည်ဖြစ်ကာ တရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်သည် အပြီးသတ်ဖြစ်ကြောင်း သိရသည်။

**ဥပဒေများက ဆင်းသက်လာသည့် နစ်နာကြေးနှုန်းထား**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၅၉ ပုဒ်မခွဲ(ခ)နှင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ခ)အရ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အလုပ်မှရပ်စဲခံရသည့် အလုပ်သမားများအတွက် အလုပ်ရှင်က ပေးဆောင်ရမည့် နစ်နာကြေးများကို ၂၀၁၅ ခုနှစ်ကတည်းကပင် သတ်မှတ်ထားရှိကြောင်း သိရသည်။

လုပ်သက်ခြောက်လပြည့်ပြီး တစ်နှစ်မပြည့်ပါက နစ်နာကြေးလဝက်စာ၊ လုပ်သက်တစ်နှစ်ပြည့်ပြီး နှစ်နှစ်မပြည့်ပါက နစ်နာကြေး တစ်လစာ၊ လုပ်ငန်းနှစ်နှစ်ပြည့်ပြီး သုံးနှစ်မပြည့်ပါက နစ်နာကြေး တစ်လခွဲစာ၊ လုပ်သက် သုံးနှစ်ပြည့်ပြီး လေးနှစ်မပြည့်ပါက နစ်နာကြေး သုံးလစာ၊ လုပ်သက် လေးနှစ်ပြည့်ပြီး ခြောက်နှစ်မပြည့်ပါက နစ်နာကြေး လေးလစာ၊ လုပ်သက် ခြောက်နှစ်ပြည့်ပြီး ရှစ်နှစ်မပြည့်ပါက နစ်နာကြေး ငါးလစာ၊ လုပ်သက် ရှစ်နှစ်ပြည့်ပြီး ဆယ်နှစ်မပြည့်ပါက နစ်နာကြေး ခြောက်လစာ၊ လုပ်ငန်းဆယ်နှစ်ပြည့်ပြီး အနှစ် ၂၀ မပြည့်ပါက နစ်နာကြေး ရှစ်လစာ၊ လုပ်သက်အနှစ် ၂၀ ပြည့်ပြီး ၂၅ နှစ်မပြည့်ပါက နစ်နာကြေး ၁၀လစာ၊ လုပ်သက် ၂၅ နှစ်နှင့် အထက်ရှိပါက နစ်နာကြေး ၁၃လစာဖြင့် အလုပ်မှ ရပ်စဲခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တစ်ဆက်တည်း လုပ်သက်ရှိသူများအတွက် နောက်ဆုံးထုတ်လစာမပါရှိဘဲ သတ်မှတ်ပေးရန် ရည်ရွယ်ထားရှိသည်။

အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား အငြင်းပွားမှုများကို ဖြေရှင်းရာတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ၂၀၁၇ မတ်လအတွင်း လက်ခံရရှိမှု ဧမှုအနက် ကျေအေးမှု ၁၈ မှုနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့များသို့ လွှဲပြောင်းပေးမှု ၁၅မှု၊ ပိတ်သိမ်းမှု နှစ်မှုတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ကျန်အမှု ၅၃ မှုအတွက် ခံစားခွင့်ရှိသူ ၅၇၆ဦးတို့အား ငွေကျပ် ၁၄၁၇၂၄၅၅၃နှင့် အမေရိကန်ဒေါ်လာ ၃၆၇၀ တို့ကို ရရှိခံစားခွင့်ရရန် ကူညီပေးနိုင်ခဲ့ကြောင်း သိရသည်။

ဇွန်လအတွက် သတင်းထုတ်ပြန်ချက်များအရ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိကောင်စီမှအမှု ရှစ်မှုကိုဖြေရှင်း ဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၄၁ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့်ကျပ် ၁၆၇၀၂၀၀ ရရှိစေခဲ့ပြီး ခုံသမာဓိအဖွဲ့အနေဖြင့် အမှု ၁၇ မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာအလုပ်သမား ၁၇ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ကျပ် ၁၄၃၆၉၀၀၀ ရရှိစေခဲ့ကြောင်း သိရသည်။



ခ ရီး သွား ဆောင်း ပါး

# ရောက်ရှိစေချင် ခမဲပြင်ဆီသို့

## မောင်မောင်မြင့်ဆွေ



ပဲခူးမြို့တောင်ဘက်ထွက်လိုက်သည့် အချိန်အထိ ဇူလိုင်မိုးကစွေနေဆဲ။ မိုးရေစက်များက ကားပြတင်းပေါက်မှန်များနှင့် ကားရှေ့မှန်ကိုအရှိန်ဖြင့် လာရောက်ရိုက်ခတ်လျက်၊ ရှေ့တူရူတွင် မောင်းနှင်လာသော ကားကြီးကားငယ်များက ကားမီးထိုးကာ အရှိန်လျှော့မောင်းလာနေကြသည်ကို တွေ့ရသည်။ ကားကိုထိန်းပြီး မောင်းနှင်လာရာ မိုးကတဖြည်းဖြည်းနှင့် စဲသွားလေသည်။ မိုးစဲတော့လည်း ရုတ်တရက်၊ မိုးရွာတော့လည်းချက်ချင်း၊ ဇူလိုင်မိုးမှာ အစိုးမရသည်က အမှန်ပင်။

ပဲခူး-သနပ်ပင်ကားလမ်းအတိုင်း မောင်းနှင်လာသည့် ကျွန်တော်တို့မော်တော်ယာဉ်သည် မိုးစဲသွားသဖြင့် ခပ်မှန်မှန် မောင်းနှင်နေရာမှအနည်းငယ် အရှိန်မြှင့်လိုက်သည်။ ကားပြတင်းပေါက်များကို ဖွင့်လိုက်သဖြင့် လေကတဟူးဟူး တိုးဝင်လာရာ မိုးရနံ့ပါသောလေက အေးမြလတ်ဆတ်နေသည်ဟု ခံစားရသည်။ ကားလမ်းဘေးဝဲယာရှိ လယ်ကွင်းများက ရေပြည့်နေပြီး အချို့လယ်ကွက်များတွင် ကောက်ပင်ပျိုးစိမ်းလဲ့လဲ့များကို တွေ့မြင်နေရပြီဖြစ်သည်။

ပဲခူးနှင့်သနပ်ပင်အကြားတွင် လယ်ကွင်းများ၊ လယ်တဲများနှင့် ခပ်လှမ်းလှမ်း၌ ကျေးရွာအချို့ကို လှမ်းမြင်ရသည်။ စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်သူများဖြစ်ကြသော်လည်း မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင်ရေလုပ်ငန်း လုပ်ကိုင်ကြသည့် ရွာများဖြစ်ကြောင်း သတိပြုမိသည်။ သနပ်ပင်သည် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်သူများပြီး မြန်မာနိုင်ငံ၌ ဘဲဥအများဆုံးထွက်ရှိသော မြို့တစ်မြို့အဖြစ် နှစ်ရှည်လများ ရပ်တည်နိုင်ခဲ့သည့် မြို့လည်းဖြစ်သည်။

ကျွန်တော် သနပ်ပင်မြို့သို့ တာဝန်ဖြင့်နှစ်ကြိမ် ရောက်ခဲ့ဖူးသည်။ ဤကားလမ်းကိုလည်း အကြိမ်ကြိမ် ဖြတ်သန်းခဲ့ဖူးသည်။ ယခင်ကကားအသွားအလာမများခဲ့သော လမ်းဖြစ်သော်လည်း ယခုအချိန်တွင် ကားကြီးကားငယ် အသွယ်သွယ်တို့က ဥဒဟို မောင်းနှင်သွားလာနေကြသည်ကို မြင်ရသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ သွားလာမှု၊ ရောင်းဝယ်ဖောက်ကားမှုလည်း တိုးတက်လာခဲ့ခြင်းဖြစ်သည်။ စတန့်မင်းသားတင်ဖေ (ကမာစဲ)နှင့် သခင်ချစ်တို့မှာ သနပ်ပင်ဇာတိများဖြစ်ရာ သတိရမိသည်။

ကျွန်တော်တို့ကားက သနပ်ပင်၊ ကမာစဲ၊ ရစ်ကတို့ကို ဖြတ်ကျော်လာခဲ့ပြီးနောက် မကြာမီ ခမဲပြင်ကားဂိတ်စခန်းသို့ ရောက်ရှိလာခဲ့ကြသည်။ တကယ်တော့ ရန်ကုန်မှနေ့ချင်းပြန်ကားဖြင့်သွားလာ၍ရသော ခရီးစဉ်ဖြစ်ရာ ခမဲပြင် အောင်ဆုတောင်းပြည့် စေတီတော်နှင့် ဘိုးဘိုးကြီးဗိမာန်သို့ ကျွန်တော်တို့လာရောက်ခဲ့ကြခြင်းဖြစ်သည်။ ခမဲပြင်ဝန်းကျင်သည် စိတ်ဝင်စားစရာနေရာများဖြင့် တည်ရှိနေသည်ဖြစ်ရာ နာမည်လည်းကြီးပြီး ခရီးသွားလုပ်ငန်း ခရီးစဉ်တစ်ခုအဖြစ် တဖြည်းဖြည်း ရောက်ရှိလာနေသည့် နေရာတစ်နေရာလည်း ဖြစ်လာသည်။

ကားလမ်းမဘေး မြေနီဂဝံတာထိပ်၌ ခမဲပြင် အောင်ဆုတောင်းပြည့်စေတီတော်နှင့် ဘိုးဘိုးကြီးဗိမာန်ဟူသော ကျောက်တိုင် ဆိုင်းဘုတ်ကို တွေ့ရသည်။ ဆိုင်းဘုတ်က ထည်ထည်ဝါဝါရှိသည်။ ခမဲပြင်မှာ ကဝမြို့နယ်အတွင်းတည်ရှိပြီး သမိုင်းဝင်သေသထူးခြားသည့် ဖြစ်ရပ်များဖြစ်ပေါ်ခဲ့သည့် နေရာလည်းဖြစ်သည်။ ကဝမြို့နယ်အတွင်းရှိ ခမဲပြင်ကို ကျွန်တော်ရောက်ရှိနေရာ ကဝဇာတိထင်ရှားသူများဖြစ်ကြသည့် မယ်သီလကန်ရွာသားဒဂုန် ဦးထွန်းမြင့်၊ ရစ်ကန်ကြီးရွာသားဆရာ ချစ်စံဝင်း၊ ဖလေးရွာသား ဦးရွှေအောင်၊ သက္ကလရွာဇာတိ ရုပ်ရှင်မင်းသားမြင့်အောင်တို့ကို သတိရစိတ်ဖြစ်မိသည်။ မိမိတို့တတ်စွမ်းသည့် ပညာများဖြင့် အကျိုးပြုခဲ့သူများပင် ဖြစ်သည်။

ကျွန်တော်တို့အဝင်လမ်းအတိုင်း လာရောက်ခဲ့ရာ မိုးရာသီဖြစ်၍ ချောင်းတစ်ဖက်ကမ်းတံတားကြီးထိပ်၌ လှေငယ်ဖြင့် ဆက်လက်သွားရန် စီစဉ်ရသည်။ လှေခစျေးမကြီးသဖြင့် အဆင်ပြေလေသည်။ ခမဲပြင်ချောင်းရိုးအတိုင်း အချိန်တိုအတွင်း စက်လှေစီးလိုက်သည်နှင့် ခမဲပြင်ကုန်းတော်သို့ ရောက်ရှိသည်ဖြစ်ရာ ပွဲတော်ရက်များတွင် စက်လှေမောင်းနှင်ရာ ဘေးတစ်ဖက်စီမှ လူငယ်များက ရေထဲမှမြက်ပင်များဖြင့် ပစ်ပေါက်ကာ ပျော်ရွှင်စွာနောက်ပြောင် ကစားလေ့ရှိကြကြောင်း သိရသည်။

နွေရာသီ၌ ကားလေးများဖြင့် ခမဲပြင်ကုန်းတော်အထိ မောင်းနှင်သွားရောက်နိုင်လေသည်။ ကျွန်တော်တို့ရောက်ချိန်မှာ ချောင်းရေက အပြည့်အလျှံမဖြစ်သေး၊ ခမဲပြင်ချောင်းရိုးအတွင်း စက်လှေကောင်းမွန်စွာ မောင်းနှင်သွားလာ၍ရသည့် အနေအထားရှိနေသဖြင့်၊ အခက်ခဲမရှိ၊ အန္တရာယ်မရှိချေ။ ကျွန်တော်တို့ စက်လှေဆိုက်ကပ်ရာတွင် ဆင်ရုပ်နှစ်ကောင်၊ နွားရုပ်နှစ်ကောင်နှင့် မုခ်ဦးများကို မြင်တွေ့ရသည်။ ထူးခြားပြီး စိတ်ဝင်စားစရာ ကောင်းလေသည်။ ကျွန်တော်တို့စက်လှေပေါ်မှ ကုန်းမြေပေါ်တက်လိုက်သည်နှင့် နာမည်ကြီးသောခမဲပြင် ကုန်းမြေသို့ ရောက်ရှိပြီဖြစ်သည်။

ခမဲပြင်ကုန်းတော်၏ရှေ့တွင် ခမဲပြင်ချောင်းက ရစ်ခွေစီးဆင်းလျက်ရှိရာ ခမဲပြင်ကုန်းတော်မှာ ရေလယ်ကျွန်းသဖွယ် တည်ရှိနေသည်ကို သတိပြုမိသည်။ ခမဲပြင်ချောင်း၏ တောင်ဘက်ကမ်းတွင် ခမဲပြင်ရွာတည်ရှိရာ ကုန်းတော်ပေါ်မှ လှမ်းမြင်ရသည်။ ကျွန်တော်တို့ ခမဲပြင်ကုန်းတော်ပေါ်သို့ ရောက် ချိန်တွင် ဘုရားဖူးအချို့တွေ့ရပြီး အချို့က ဟိုဟိုသည်သည်သွားလာလျက်၊ အချို့က ဘုရားရှိခိုးဖူးမြော်လျက်၊ အချို့က ခမဲပြင်ဘိုးဘိုးကြီးထံ၌ ဆုတောင်းမှုများပြုလုပ်လျက်ရှိနေကြသည်။

ကျွန်တော်တို့ ခမဲပြင်ကုန်းတော်ပေါ်ရှိ မဟာအတုလ အောင်ဆုတောင်းပြည့်စေတီသို့ သွားရောက်ကာဖူးမြော်ကြသည်။ ဉာဏ်တော် ၂၇ တောင်ခန့်ရှိသော စေတီတော်က ရွှေရောင်ဝင်းပကာ ကြည်ညိုသပ္ပာယ်ဖွယ်ရာအတိပင်။ ဤစေတီတော်နေရာတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က သရေခေတ္တရာဘုရင်ဒွတ္တပေါင်မင်းကြီးက စေတီတော်တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး ခေတ်အဆက်ဆက် သဘာဝဘေးဒဏ်များ ကြုံတွေ့ခဲ့ရ၊ ထိခိုက်ပျက်စီးခဲ့ရပြီးနောက် မင်းအဆက်ဆက်က ထပ်မံပြုပြင်တည်ထားခဲ့သော စေတီတော်တစ်ဆူလည်းဖြစ်ကြောင်း လေ့လာခဲ့ဖူးသည်ကို သမိုင်းမှတ်တမ်းများတွင် သတိရနေမိသည်။ ဒွတ္တပေါင်မင်းကြီးသည် စေတီတော် တည်ခဲ့စဉ်ကပင် ရေကန်ကြီးတစ်ကန်နှင့် ဗောဓိညောင်ပင်တစ်ပင်တို့ကို ကုန်းတော်ပေါ်၌ တူးဖော်ခဲ့၊ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ကျွန်တော်တို့ အတုလအောင်ဆုတောင်းပြည့်စေတီကို ဖူးမြော်ပြီး အနီးရှိနောင်တော်စေတီကိုလည်း ဖူးမြော်လိုက်သည်။ ထို့နောက် ညောင်ပင်နှင့် ခမဲပြင်ဘိုးဘိုးကြီးနတ်နန်းရှိရာသို့ ကျွန်တော်တို့သွားရောက်ခဲ့ကြသည်။ တကယ်တော့ ခမဲပြင်ဆိုသည်မှာ သက္ကရာဇ် ၁၁၈၆ ခုနှစ်က ဤနေရာဒေသသည် ကျွဲ၊ နွားစားကျက်ကောင်းသဖြင့် အညာသားကျွဲကျောင်းသားကြီးတစ်ဦး ကျွဲ၊ နွားများဖြင့် နေထိုင်ခဲ့ကြောင်း၊ တစ်နေ့တွင် ကျွဲနဖားထိုးရင်း ကျွဲခတ်ခံရပြီး သေဆုံးခဲ့ရာမှ အညာသားကျွဲခတ်ခံရသည့်နေရာဖြစ်သဖြင့် မွန်တို့ဘာသာစကားဖြင့် “ခမဲပရင်” ဟုခေါ်တွင်ခဲ့ကြရာမှ ကာလရွေ့လျားခဲ့ပြီး ခမဲပြင်ဟု ခေါ်တွင်ခဲ့ကြကြောင်း မှတ်သားခဲ့ရဖူးသည်။

ကျွန်တော်တို့ညောင်ပင်ကြီးဆီသို့ ရောက်ခဲ့သည်။ ဤညောင်ပင်ကြီး၏ သက်တမ်းသည် ခမဲပြင်ကုန်းတော်၏ သက်တမ်းနှင့်တူညီသည်ဟုဆိုကြသည်။ ခမဲပြင်ကုန်းတော် သမိုင်းတွင်ပါရှိသော ညောင်ပင်ကြီးသမိုင်းမှာ ဒွတ္တပေါင်မင်းကြီးက မဟာအတုလအောင်ဆုတောင်းပြည့်စေတီတည်ပြီးချိန်တွင် ဇင်းကျိုက်တောင်ပေါ်၌ သီတင်းသုံးနေသည့် တိဿရသေ့ကြီးဗုဒ္ဓဃောမှ ဗုဒ္ဓဘုရားပွင့်တော်မူသည့် ဗောဓိပင်မှ ညောင်စေ့ကိုယူပြီးချထားခဲ့ရာမှ အပင်ပေါက်လာ ခဲ့သော ဗောဓိညောင်ပင်ဖြစ်ကြောင်း သိရသည်။ ထူးခြားသော ဝိသေသရှိသည့်ညောင်ပင်ကြီးဖြစ်ပြီး ဆန်းကြယ်သောဖြစ်ရပ်များ ရှိခဲ့ကြောင်းလည်း သိရသည်။

ညောင်ပင်ကြီးအနီး၌ ခမဲပြင်ဘိုးဘိုးကြီးရုပ်တုရှိရာ နတ်နန်းတည်ရှိသည်။ ဘိုးဘိုးကြီးနတ်နန်းတွင် ဆုတောင်းပူဇော်နေသူ နယ်သူနယ်သားများ အချို့ကို တွေ့မြင်နေရသည်။ နိုင်ငံအနှံ့ထင်ရှားသည်။ ဆုတောင်းအဓိဋ္ဌာန် ပြည့်ဝကြောင်း ယုံကြည်၍လာရောက်ကြသူများ နွေ၊ မိုး၊ ဆောင်း ပြတ်သည် မရှိ ။ ခမဲပြင်ဘိုးဘိုးကြီး၊ ခမဲပြင်ဆိုသည့်လူကြီးမိဘများပြောစကားကို ကျွန်တော်ငယ်စဉ်ကတည်းက ကြားဖူးခဲ့သည်။ ကျွန်တော်တို့ဒေသမှ ခမဲပြင်သို့သွားရောက်ကြသည်ကို လည်း သိခဲ့ရသည်။

ဤခမဲပြင်ဘိုးဘိုးကြီးရုပ်တုကို သက္ကရာဇ် ၁၂၈၆ ခုနှစ်က အုန်းနဲ့ရွာသူကြီး ဦးဝင်းက မန္တလေးမှ မှာယူထုလုပ်ခဲ့သည့် ကျောက်နတ်ရုပ်ဖြစ်သည်။ နယ်သူနယ်သားများက ယုံယုံကြည်ကြည်ကိုးကွယ်ဆုတောင်းကြသည်။ ထူးခြားမှုများရှိကြောင်း သိရသည်။ ခမဲပြင်ဘိုးဘိုးကြီးနတ်နန်းမှာ မှန်စီကျောက်ပြားကပ်ထားပြီး ကျယ်ဝန်းသည်။ အဝင်ဝတွင် မြင်းရုပ်ကြီးရှိပြီး နတ်နန်းအတွင်း ကျောက်နတ်ရုပ်ပုံနှင့် ထပ်မံသွန်းလုပ်လှူဒါန်းထားသည့် ကြေးသွန်းနတ်ရုပ်ကြီးကို တွေ့မြင်ရသည်။ နတ်ကွန်းအတွင်း တောင်ဘက်၌ အဝဖျက်အကျယ် ၈၁ လက်မရှိသည့် စည်တော်ကြီးတစ်လုံးကို တွေ့ရပြီး နတ်နန်းမြောက်ဘက်တွင် ဖျက်အကျယ် ၈၁ လက်မရှိပြီး ကြေးအလေးချိန် ၁၃ ပိဿာဖြင့် ပြုလုပ်ထားသော ကြေးမောင်းကြီးတစ်ခုကိုလည်းတွေ့ရသည်။ နတ်နန်းအပြင်ဘက်တွင် ကြေးစည်ကြီးတစ်လုံးထားရှိထားသဖြင့် ကြေးမောင်း၊ ကြေးစည်၊ စည်တော်ကြီးတို့မှာ အတိတ်၊ နိမိတ်တို့ဖြင့် ထားရှိခြင်းဖြစ်မည်ဟု တွေးမိသည်။

ကျွန်တော်တို့ ရေကန်ကြီးရှိရာသို့ ထွက်လာခဲ့ကြသည်။ စေတီတော်နှင့်အတူ ပေါ်ပေါက်လာသော ရေကန်ဖြစ်ပြီး နွေ၊ မိုး၊ ဆောင်း ရေခန်းခြောက်ခြင်းမရှိကြောင်း သိရသည်။ ကြည်လင်သော ရေများ ရာသီမရွေးတည်ရှိနေရာ အနီးဝန်းကျင် ကျေးရွာများမှ နွေရာသီတွင် သောက်သုံးရေကို လှည်းများဖြင့် လာရောက်ခပ်ယူလေ့ရှိကြောင်း သိရသည်။

ခမဲပြင်ကုန်းတော်ပေါ်တွင် ဘုရားအာရုံခံတန်ဆောင်းများ၊ ဘုံဇရပ်ကြီး၊ ကားအဝင်အထွက်တန်ဆောင်း၊ ၃၇ မင်းနတ်နန်း၊ နန်းဦးစေတီ၊ နတ်နန်းများ၊ ဆရာတော် သံဃာတော်များ အဆောင်၊ နားခိုဆောင်တန်ဆောင်း၊ ဆွမ်းစားဆောင် စသည်တို့ဖြင့် စည်စည်ကားကားရှိနေသည်။ ကျွန်တော်တို့ ခမဲပြင်ကုန်းတော်ပေါ်တွင် ဖြည်းဖြည်းချင်းလိုက်လံလေ့လာခဲ့ကြသည်။

ခမဲပြင်ကုန်းတော်၏ အနောက်တောင်ဘက်၌ ဆံတော်ရှင်ကျိုက်မတ်တော်စေတီရှိကြောင်း သိရသည်။ ခမဲပြင်ကုန်းတော်နှင့် ငါးမိုင်ခန့်ဝေးပြီး ဖလေးရွာ၌ တည်ရှိရာ ဟံသာဝတီခေတ်တွင် ရာဇဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းကြီးက စေတီတော်သမိုင်းကို မွန်ကျောက် စာရေးထိုးကမ္ပည်းတင်ခဲ့သည့် စေတီဖြစ်သည်။

မဟာသက္ကရာဇ် ၁၁၂ ခုနှစ်တွင် တည်ထားခဲ့သော စေတီဖြစ်ရာ သမိုင်းဝင်ရှေးဟောင်း စေတီတော်ဖြစ်သော်လည်း ကျွန်တော်တို့ အချိန်မရ၍ အဝေးမှပင်လှမ်းပြီး ဖူးမြော်ခဲ့ရသည်။

ခမဲပြင်ကုန်းတော်အနီး နိဗ္ဗာန်ရွာ၌ ဘိုးတော်မင်းတရားလက်ထက်က ဆင်ဖြူတော်ပေါ်ထွက်ခဲ့ဖူးသည်။ ဆင်ဖြူတော်ကို ဘိုးတော်မင်းတရားက တင့်တယ်ခမ်းနားစွာ ကြိုဆိုဆောင်ယူတော်မူပြီး အလေးအမြတ်ထားတော်မူခဲ့သည်။ နိဗ္ဗာန်ရွာသူရွာသားများက မိမိတို့ရွာအနီးမှ ဆင်ဖြူတော်ကို သတိတရစွဲလမ်းစိတ်ဖြင့် ဆင်ဖြူတော်အလွမ်းပြေအဖြစ် ရွာဦးကန်ပေါင်ပေါ်တွင် ဆင်ဖြူတော်ပုံစံရုပ်တုပြုလုပ်ထားရှိခဲ့ရာ ယနေ့တိုင်တည်ရှိနေသည်။ “ဆင်ဖြူရေချတပေါင်းလ” ဆိုသည့်အတိုင်း တပေါင်းလရောက်တိုင်း အလှူအတန်းများပြုလုပ်ပေးနေကြသည်။

နိဗ္ဗာန်ရွာက ခမဲပြင်ကုန်းတော်နှင့် မဝေး၊ နှစ်မိုင်ခန့်သာရှိပြီး မြေနီလမ်းအတိုင်းသွားလျှင် ရောက်လေသည်။ နိဗ္ဗာန်ရွာတွင် လေ့လာစရာအဖြစ် နိဗ္ဗာန်ရွာ မြောက်ကျောင်းတော်ကြီးတည်ရှိသည်။ လူနှစ်ဦးဖက်မျှရှိသော ကျွန်းတိုင်လုံးကြီးများဖြင့် ရှေးဟောင်း ကျောင်းတော်ကြီးဖြစ်သည်။ ဤကျွန်းသစ်လုံးကြီးများမှာ ဆင်ဖြူတော်ကို ဆက်သခဲ့သည့် ဆုလာဘ်အဖြစ် ဘိုးတော်မင်းတရားက ချီးမြှင့်ခဲ့သော ကျွန်းတိုင်များဖြစ်ကြောင်း သိရသည်။ တိုင်လုံးများ၊ အခန်းနံရံများတွင် ဇာတ်ကြီးဆယ်ဘွဲ့ ပန်းပုလက်ရာရုပ်တုများလည်း စိတ်ဝင်စားစရာကောင်းလေသည်။

ကျွန်တော်တို့ နိဗ္ဗာန်ရွာမှ ပြန်လာခဲ့ကြသည်။ အပြန်တွင် ခမဲပြင်ကန်တော်အနောက်ဘက် ဖလေးတောတန်းထိပ်တွင် တည်ထားသော ရွှေဖရုံမယ်၏ သံမနော့တောဘုရားရှိကြောင်း ပြောပြသော်လည်း မရောက်ဖြစ်တော့။ မြန်မာ့သမိုင်းတွင် သဖလ-ဝိမလမင်းများ၏ မိဖုရား ရွှေဖရုံမယ်အကြောင်းကို ဖတ်ရှုလေ့လာခဲ့ဖူးသည်။ ယာခင်းပိုင်ရှင်သမီး ရွှေရောင်အဆင်းရှိသော ရွှေဖရုံမယ်ကို ရွှေရောင်ရှိသော ရွှေဖရုံသီးများအကြား ရှာဖွေမရဖြစ်ခဲ့ပုံကို ရင်ခုန်စွာဖတ်ရှုခဲ့ရသည်များ သတိရမိသည်။ သံမနော့တောဘုရားကို ရွှေဖရုံသီးများပုံစေတီများ တည်ထားခဲ့သည်ကို ဖူးတွေ့ချင်သော်လည်း အချိန်မရတော့။

ခမဲပြင်မှ အပြန်လမ်းတစ်လျှောက်လုံး ခမဲပြင်၊ နိဗ္ဗာန်ရွာ၊ ရွှေဖရုံမယ်တို့အကြောင်း အတွေးတွေဝေနေမိသည်။ စိတ်ဝင်စားစရာကောင်းသည့် ခရီးစဉ်တစ်ခုအဖြစ် အမှတ်တရရှိနေမိသည်ကအမှန်။ ရန်ကုန်မြို့အဝင်မှာ အတော်ပင်မှောင်နေပြီ။

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၆ခုနှစ်(သို့မဟုတ်)၂၀၁၇ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၇ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၇ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၇ခုနှစ်၊ ဇွန်လ (၂၁)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၇ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ တိုးတက်စေရန် ရည်ရွယ်ချက်ဖြင့်
Pacific Medical Industries Ltd. မှ
US FDA Drug Establishment Reg No.3013492630 နှင့်
Myanmar FDA Manufacturing License No.(အစဆ/(ဆဝ)၂၀၁၇/၅၅၉) ရရှိပြီးသော
ပထမဦးဆုံး မြန်မာပုဂ္ဂလိကပိုင် အနောက်တိုင်းဆေးဝါးစက်ရုံကို 23rd July, 2017 ရက်နေ့တွင်
အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် Pacific AA Group နှင့်အတူ
ထပ်တူဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း ....




CAU 중앙대학교 CHUNG-ANG UNIVERSITY
Dept of Pharmacology,
College of Pharmacy,
Chung Ang University,
Seoul, Korea.

UNITED PHARMA
United Pharma Co., Ltd

CHEVROLET

KOREA PHARMA
Korea Pharma Co., Ltd

DAEHWA PHARMACEUTICAL
Daehwa Pharm Co., Ltd

OCBC Bank
Oversea Chinese Banking Corporation Ltd

TOTAL
TOTAL Lubricants

KALBE
PT. Kalbe Farma TBK

NIPRO Your Partner in Health Care
Nipro Sales (Thailand) Co., Ltd

Zydus dedicated to life
Cadila Healthcare Limited

PSP SPECIALTIES
PSP Specialities Ltd

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၇)၊ ကလေးဝမြို့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **လျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** ၁-၈-၂၀၁၇ ၀၉:၃၀နာရီ
**လျှောက်လွှာပိတ်မည့်ရက်/အချိန်** ၁၈-၈-၂၀၁၇ ၁၆:၀၀နာရီ
**လျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** ၂၀-၈-၂၀၁၇ ၀၉:၀၀နာရီ
**စိစစ်ရွေးချယ်မည့်ရက်/အချိန်** ၂၀-၈-၂၀၁၇ ၁၀:၀၀နာရီ
**စိစစ်ရွေးချယ်မည့်နေရာ** လမ်းဦးစီးဌာနဧည့်ရိပ်သာ၊ ကလေးဝမြို့

၃။ လျှောက်လွှာပုံစံနှင့် အချက်အလက်များကို လမ်းအထူးအဖွဲ့(၇)ရုံး၊ ကလေးဝမြို့၊ ဖုန်း-၀၇၃-၄၄၀၀၅တွင် ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## မကွေးတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်ရန်အတွက် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | အကြောင်းအရာ | တည်နေရာ | အရေအတွက် |
|---|---|---|---|
| ၁။ | ခရိုင်ဦးစီးမှူးနေအိမ်ဆောက်လုပ်ခြင်း (၄၀'×၂၇'×၁၁' RC(၁)ထပ် ရေ၊ မီး၊ မိလ္လာပါ) | မင်းဘူး | ၁ လုံး |
| ၂။ | မြို့နယ်ဦးစီးမှူးရုံးနေအိမ်ဆောက်လုပ်ခြင်း (၃၉'×၂၈'×၁၂' RC(၁)ထပ် ရေ၊ မီး၊ မိလ္လာပါ) | ဆော | ၁ လုံး |
| ၃။ | မြို့နယ်ဦးစီးမှူးရုံးဆောက်လုပ်ခြင်း (၈၀'×၃၀'×၁၂' RC(၁)ထပ် ရေ၊ မီး၊ မိလ္လာပါ) | ဆိပ်ဖြူ | ၁ လုံး |
| ၄။ | ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း (၄၀'×၂၇'×၁၁' RC(၂)ခန်းတွဲ (၁)ထပ် ရေ၊ မီး၊ မိလ္လာပါ) | ထီးလင်း | ၁ လုံး |
| ၅။ | ပညာပေးရှေ့တန်းစခန်းပြုပြင်ရန် | မြို့သစ် | ၁ ခု |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၄-၇-၂၀၁၇ရက်မှ ၁၄-၈-၂၀၁၇ရက်အထိ
**တင်ဒါပိတ်မည့်ရက်** - ၁၈-၈-၂၀၁၇ရက်၊ ၁၆:၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်စည်းကမ်းချက်များကို မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံး ဖုန်း-၀၆၃-၂၃၁၅၇၊ ၂၃၁၅၆တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။ **တင်ဒါကော်မတီ**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ ရေဆင်း၊မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် အသုံးပြုမည့် အောက်ဖော်ပြပါ ဓာတ်ခွဲခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ၂၀၁၇ ခုနှစ် ဩဂုတ် ၇ရက် ၁၆:၀၀နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရန် ကြေညာအပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | ဓာတ်ခွဲခန်းသုံးပစ္စည်းများ | (၂) မျိုး |
| | (က) Bomb Calorimeter | 1 No |
| | (ခ) Real Time PCR System | 1 No |

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို လုပ်ငန်း(က)အတွက် ကျပ် ၅၀၀၀ိ/- နှုန်းဖြင့် လည်းကောင်း၊ လုပ်ငန်း(ခ)အတွက် ကျပ် ၂၀၀၀ိ/- နှုန်းဖြင့်လည်းကောင်း မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ ငွေစာရင်းဌာန ဖုန်း-၀၆၇-၄၁၆၆၅၈သို့ ရုံးချိန်အတွင်းဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါသော အချက်အလက်များကို ဖုန်း-၀၆၇-၄၁၆၅၂၆၊ ၀၆၇-၄၁၆၅၂၅သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvsyezin.edu.mm တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**

---

# NOTICE

DOUGLAS (ISN-538514) SON OF JOSEPH ISAAC @ U WIN AUNG, COULD YOU CONTACT TO THE FAMILY IN YANKIN TOWNSHIP, YANGON AS SOON AS POSSIBLE, PLEASE.

**CONTACT : ALICE (09-250196284)**
**JAMES (09-30198498)**

# သိစေရန်

DOUGLAS (ISN- ၅၃၈၅၁၄) [ဘ-JOSEPH ISAAC(ခေါ်) ဦးဝင်းအောင်] ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့မှ မိသားစုနှင့် အမြန်ဆက်သွယ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း- အဲလစ်-၀၉-၂၅၀၁၉၆၂၈၄**
**ဂျိမ်းစ်-၀၉-၃၀၁၉၈၄၉၈**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေဥတ္တရသီရိမြို့၊ ပုဗ္ဗသီရိမြို့၊ ဇမ္ဗူသီရိမြို့၊ ဒက္ခိဏသီရိမြို့နှင့် ပျဉ်းမနားမြို့တို့ရှိ မြို့မြေကွက်များအား မြေတိုင်းတာ၍ စကေးကိုက် မြေပုံရေးဆွဲထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၂၄-၇-၂၀၁၇ရက်မှ စ၍ ရယူနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာများကို ၂၂-၈-၂၀၁၇ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး ၂၈-၈-၂၀၁၇ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာထုတ်ယူရမည့်နေရာနှင့် တင်သွင်းရမည့်နေရာမှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနဖြစ်ပါသည်။
၄။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် -၀၆၇-၄၁၄၂၉၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ကချင်ပြည်နယ်ကုသရေးဦးစီးဌာန
## မြစ်ကြီးနားမြို့

၁။ ကချင်ပြည်နယ် ကုသရေးဦးစီးဌာန လက်အောက်ရှိ ခရိုင် (၄)ခရိုင်မှ ဆေးရုံများနှင့် မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံကြီးအတွက် လိုအပ်သော ဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံး၊ ဓာတ်မှန်ခန်းသုံးဆေးပစ္စည်းများ (FDA) အသိအမှတ်ပြုကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၇-၂၀၁၇ (သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၈-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၄:၀၀နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ဆေးဝါးစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကချင်ပြည်နယ် ကုသရေးဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၇၄-၂၂၃၀၃၊ ၀၇၄-၂၂၈၈၂သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

---

## မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ၏ CPD ဟောပြောပွဲ

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ၏ CPD ဟောပြောပွဲကို MICPA အသင်းမှ နာယက ဆရာဦးဝင်းသင်နှင့် JICA မှ တာဝန်ရှိသူများက "Myanmar Insolvency Law Reform" ခေါင်းစဉ်ဖြင့် ၂၀၁၇ခုနှစ် ဇူလိုင် ၃၀ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၈:၀၀နာရီမှ မွန်းတည့် ၁၂:၀၀နာရီထိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းရှိ ဟောပြောပွဲခန်းမတွင် ဟောပြောဆွေးနွေးပေးမည်ဖြစ်ပါသည်။ အဆိုပါဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များအနေဖြင့် CPD နာရီထောက်ခံချက် (၄ နာရီ) ရရှိမည်ဖြစ်ပါသည်။ အဆိုပါဟောပြောပွဲသို့ တက်ရောက်လိုသူများအနေဖြင့်ဟောပြောပွဲရက်မတိုင်မီ ရုံးချိန်အတွင်း ၂၈-၇-၂၀၁၇ရက် (သောကြာနေ့) နောက်ဆုံးထားပြီ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ် ၁/၁၉၊ ပထမထပ်ရှိ အသင်းရုံးခန်းသို့ လာရောက်ပြီး မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ပါကြောင်းနှင့် နယ်မှလာရောက်မည့်သူများအနေဖြင့် အသင်းရုံးခန်းသို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ ဟောပြောပွဲကျင်းပသည့်ရက်တွင် မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်ခြင်းကို (လုံး၀)လက်ခံမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် -၀၉-၃၁၇၁၈၁၄၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

---

## မနောရမ္မပညာဒါနသင်တန်းများဖွင့်မည်

စမ်းချောင်းမြို့နယ်၊ အရှေ့ဥယျာဉ်တိုက်၊ မနောရမ္မပညာဒါနကျောင်းတွင် ဝါရင့်ဆရာ၊ ဆရာမကြီးများကိုယ်တိုင် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်၊တရုတ်၊ ကိုရီးယား၊ ဂျာမန်၊ ထိုင်း၊ အီလက်ထရွန်နစ်၊ Management၊ ကွန်ပျူတာသင်တန်း၊ စာရင်းကိုင် LCCI-I+II နှင့် ဖုန်းပြင် Hardware/Software သင်တန်းများကို ပညာဒါနအဖြစ် သင်ကြားပေးမည်။

**သင်တန်းအားလုံး** - ၂၉-၇-၂၀၁၇ရက်ဖွင့်မည်။
**စုံစမ်းရန်** - အရှေ့ဥယျာဉ်တိုက်၊ ဗဟိုလမ်း(ရှမ်းလမ်း) တရားရုံးအနောက်(ဓာတ်ဆီဆိုင်အနီး) ဖုန်း-၅၁၈၀၂၄၊ ၅၃၇၀၂၆၊ ၀၉-၇၇၁၁၆၆၃၂၀ (စမ်းချောင်း)

---

## တွန်းရေယာဉ်(Tug Boat)၊ ဆီတွဲ(Oil Barge 400,000 gal) နှင့် ဆီဘောက်ဆာများရောင်းမည်

မိမိတို့ လက်ရှိအသုံးပြုနေသော တွန်းရေယာဉ်(၂)စင်း၊ ဆီတွဲ ၄စီးနှင့် ဂါလန် ၇၅၀၀ ဆံ့ ၂၂ဘီး ဆီတွဲဘောက်ဆာတစ်စီး၊ ဂါလန် ၃၂၀၀ ဆီဘောက်ဆာတစ်စီးနှင့် ဂါလန် ၂၈၀၀ ဆီဘောက်ဆာ သုံးစီးတို့အား ရောင်းချမည်ဖြစ်၍ စိတ်ပါဝင်စားသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်သည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ-၀၉-၅၀၀၁၈၇၇၊ ၀၉-၅၀၀၅၉၉၂၊ ၀၉-၄၃၀၈၉၃၄၈၊ ၀၉-၄၅၁၇၁၁၄၇၇**

---

မြေ ၁၄၀ပေ × ၁၄၀ပေပေါ်ရှိ အဆောက်အအုံ လေးထပ်ခွဲ အသုံးပြုနိုင်သော အကျယ်အဝန်း ၅၁၂၀၀ sqft နှင့် ကားရပ်နားနိုင်သောနေရာ ၁၇၀၀၀ sqft ၈ မိုင်လမ်းဆုံ ရန်ကုန်ဟိုတယ်အနီး ကမ္ဘာအေးဗီလာ မျက်စောင်းထိုးကို အမြန်ငှားမည်။

**ဆက်သွယ်ရန်-**
**ဖုန်း-၀၉-၉၇၂၄၃၂၂၂၂၊**
**၀၉-၂၅၀၀၂၆၄၁၆**

---

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာန မြို့ရေပေးရေးလုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူမည်ဖြစ်ပါသည်-

(က) **ဝယ်ယူမည့်ပစ္စည်းများ** - (၁) Submersible Pumps
- (၂) Water Well Casings and Screens
- (၃) DI Pipes and Fittings
- (၄) HDPE Pipes and Fittings
- (၅) Atomic Absorption Spectrophotometer
- (၆) Transformer
- (၇) Laboratory Equipments and Chemical Reagents

(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၀၁၇ ခုနှစ် ဇူလိုင် ၂၄ ရက်
(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀၁၇ခုနှစ် ဩဂုတ် ၂၄ ရက်
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(င) **တင်ဒါတစ်စုံရောင်းနှုန်း** - အမှတ်စဉ်(၁၊၂၊၃၊၄၊၅) ၁၀၀၀ိ/-နှုန်း အမှတ်စဉ်(၆၊၇) ၂၀၀ိ/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဌာနမှူး၊ သန့်ရှင်းမှုဌာန (ဖုန်း-၀၂-၃၅၉၂၈၊ ၀၉-၉၇၇၁၀၀၇၁)သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မုံရွာခရိုင်တရားရုံး
## ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၅၆

မောင်ဟိန်းထက် **နှင့်** မဖြူဖြူဝင်း
**တရားလို** **တရားပြိုင်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ချမ်းမြဝတီရပ်၊ ကံကြီးမြင့်၊ အမှတ်(၄)လမ်းနေ မဖြူဖြူဝင်း (တရားပြိုင်) (ဘ)ဦးသန်းစိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဩဂုတ် ၁၁ရက် (၁၃၇၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သောရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇူလိုင် ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မောင်မောင်)**
**ခရိုင်တရားသူကြီး**
**မုံရွာခရိုင်တရားရုံး**

---

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## မန္တလေးခရိုင်တရားရုံး
## ၂၀၁၇ခုနှစ် တရားမအထွေထွေမှုအမှတ် -၂၈

**ကွယ်လွန်သူ ဦးဒေးဗစ်စည်သူ၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။**

အမှတ်(၂၀/၈၁)၊ မဟာသန္တာရုံကျောင်းလမ်း၊ ၁၁ လမ်း၊ ကြံခင်းရပ်ကွက်၊အောင်မြေသာစံမြို့နယ်၊မန္တလေးမြို့၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဒေးဗစ်စည်သူ၏ သေတမ်းစာအတည်ပြုသည့်လက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်တင်တင်ချစ်၊ ဗိုလ်မှူးဝင်းသူ၊ ဒေါ်ခင်သိန်းငွေ၊ ဒေါ်မေဝါဖူးတို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၁၇ ခုနှစ် ဇူလိုင် ၃၁ ရက် (၁၃၇၉ ခုနှစ် ဝါခေါင်လဆန်း ၈ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဒေးဗစ်စည်သူ၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၁၇ ခုနှစ် ဇူလိုင်၃၁ရက် (၁၃၇၉ခုနှစ် ဝါခေါင်လဆန်း ၈ ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုချက်လက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်တင်တင်ချစ်၊ ဗိုလ်မှူးဝင်းသူ၊ ဒေါ်ခင်သိန်းငွေ၊ ဒေါ်မေဝါဖူးတို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၇ခုနှစ် ဇူလိုင် ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မူမူအေး)**
**ဒုတိယခရိုင်တရားသူကြီး(၉)**
**မန္တလေးခရိုင်တရားရုံး**

---

### အမည်မှန်

ဦးကံရ၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်နေလင်းဗိုလ်၏ အမည်မှန်မှာ မောင်ရဲနိုင်စိုးဖြစ်ပါကြောင်း။ **မောင်ရဲနိုင်စိုး**

### အမည်ပြောင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပါဒလိတ်ကျေးရွာနေ ဦးဂျိုးဇက်၏ သမီး အထက(၇) နဝမတန်း (B)မှ မသဇင်အေးအား ယနေ့မှစ၍ မအေးရတီကိုဟု ပြောင်းလဲခေါ်ပါရန်။

### အမည်ပြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက် မဟာပညာကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ (ဘ) ဦးထွန်းထွန်း၏သား မောင်အောင်ပြည့်ဖြိုးအား မောင်ကောင်းခန့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

### အမည်မှန်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ သလူပြိန်ကျေးရွာနေ ဦးညိုချမ်းဦး-ဒေါ်ယဉ်မဖြူတို့၏သမီး မချိုချို ၁၁/ရဗန(နိုင်)၀၄၆၇၀၀၏အမည်မှန်မှာ မနှင်းပွင့်ဝေ ဖြစ်ပါကြောင်း။ **မနှင်းပွင့်ဝေ**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ပုလဲမြို့နယ်၊ အင်မထီးကျေးရွာ၊ အလက(ခွဲ)၊အဋ္ဌမတန်းမှ မောင်ရှိန်းမင်းသန့်၏ဖခင်အမည်မှန်မှာ ဦးမြင့်ဇော်ဦး ၅/ပလန(နိုင်) ၀၅၉၆၃၇ ဖြစ်ပါကြောင်း။ **ဦးမြင့်ဇော်ဦး**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ မင်းတိုင်ပင်ကျေးရွာ၊ အထကတက္ကသိုလ်ဝင်တန်းမှ မသင်းသင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဇော်ခိုင် ၅/ပလန(နိုင်)၀၅ ၂၅၄၄ ဖြစ်ပါကြောင်း။ **ဦးဇော်ခိုင်**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မကျန်သရားမား၏ ဖခင်အမည်မှန်မှာ ဦးရီတူဘာနတ် ၅/တမန(နိုင်) ၀၄၀၀၀၉ဖြစ်ပါကြောင်း။ **ဦးရီတူဘာနတ်**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် တောင်ဘီအခြေခံပညာအလယ်တန်းကျောင်းမှ မောင်ဟိန်းထက်ဇော်သတ္တမတန်းနှင့် မောင်ဟန်စိုးစံ ပဉ္စမတန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းဗိုလ် ၉/ညဥန(နိုင်)၀၀၁၀၄၇ ဖြစ်ပါကြောင်း။ **ဦးဝင်းဗိုလ်**

# ဧရာဝတီမြစ်ရေ ညောင်တုန်းမြို့၌ စိုးရိမ်ရေမှတ်အထက်သို့ရောက်ရှိ



**နေလင်း(ညောင်တုန်း)**

**ညောင်တုန်း ဇူလိုင် ၂၂**

ယခုရက်ပိုင်းအတွင်း ဧရာဝတီမြစ်ရေသည် ညောင်တုန်းမြို့နယ်၌ သိသိသာသာ မြင့်တက်လျက်ရှိရာ ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေနှင့် ညောင်တုန်းမြို့၏ အန္တရာယ်ရေမှတ် ၂၄ ဒသမ ၅ ပေအထက် သိသိသာသာ ကျော်လွန်ကာ ဇူလိုင် ၂၁ ရက် ညနေပိုင်းက ၂၄ ဒသမ ၉ ပေ သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း သိရှိရသည်။ **(ဓာတ်ပုံ)**

လွန်ခဲ့သောနှစ်များက ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိချိန်မှ စတင်ပြီး ညောင်တုန်းမြို့ ရေကာတာမှာ စိုးရိမ်ရသော နေရာများရှိနေခြင်းကြောင့် ရေကာတာကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြရသော်လည်း ယခုနှစ်တွင်မူ ညောင်တုန်းမြို့ရေကာတာမှာ ကြိုတင်အချိန်မီကာကွယ်ရေးလုပ်ငန်းများကို တည်ဆောက်နိုင်ခဲ့မှုကြောင့် စိတ်ချရသည့် အနေအထားတွင်ရှိနေကြောင်း တွေ့ရှိရသည်။

၂၀၁၅-၂၀၁၆ ခုနှစ်က ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)က ညောင်တုန်းရေကာတာတစ်လျှောက် မြေသားတာပေါင်မြှင့်တင်ခြင်း၊ အုတ်ကွန်ကရစ်ဖြင့် တာပေါင်မြှင့်တင်ခြင်း၊ ရေကာတာကိုပုံစံကျတည်ဆောက်ခြင်း၊ ဘိုးပိုင်ရှစ်ပိုင်များဖြင့် မြစ်ကမ်းပြိုမှုမရှိအောင် တည်ဆောက်ခဲ့ခြင်း၊ ကျောက်စီ

*စာမျက်နှာ ၄ ကော်လံ ၅* ❄

# ကျိုက်ထိုမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်း



**ခွန်(ဝင်းပ)**

**ကျိုက်ထို ဇူလိုင် ၂၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့၌ ဇူလိုင် ၂၀ ရက် ညမှစတင်၍ မိုးသည်းထန်စွာရွာသွန်း၍ ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမပေါ်နှင့် လူနေအိမ်များအတွင်းသို့ ရေများဝင်ရောက်လာရာ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းမှစတင်၍ အရေးပေါ်ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများဦးဆောင်၍ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေကြောင်း သိရသည်။ **(ယာပုံ)**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အဝေးပြေးလမ်းမပေါ်နှင့် လူနေအိမ်များအတွင်းသို့ ရေများစီးဝင်လာရာတွင် ကော့စံနိုင်ရပ်ကွက် အေးရိပ်ငြိမ်ပိုင်း ဇေယျာမွန်ရပ်ကွက်၊ တိုးချဲ့ကွက်သစ် မြောက်ပိုင်းရပ်ကွက်၊ တိုးချဲ့ကွက်သစ် တောင်သူစုရပ်ကွက်နှင့် ဖက္ကလိပ်ကျေးရွာတို့မှ အိမ်ထောင်စုပေါင်း ၇၀၀ ခန့်အား ကော့စံနိုင် တောရဘုန်းကြီးကျောင်း ဇေယျာမွန်ရပ်ကွက်ဓမ္မာရုံ ဖက္ကလိပ်ဘုန်းကြီးကျောင်းနှင့် ကိုးနဝင်း

*စာမျက်နှာ ၄ ကော်လံ ၁* ❄

# အာရှ ယူ-၂၃ ခြေစစ်ပွဲနောက်ဆုံးပွဲအဖြစ် မြန်မာနှင့် ဩစတြေးလျအသင်း ယနေ့ကစားမည်



မြန်မာအသင်းသားများကို တွေ့ရစဉ်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၈ အာရှ ယူ-၂၃ ခြေစစ်ပွဲ အုပ်စု (စ) နောက်ဆုံးနေ့ ပွဲစဉ်များကို ဇူလိုင် ၂၃ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ခြေစစ်ပွဲအောင်မြင်ရေး အဆုံးအဖြတ်ပွဲအဖြစ် ဩစတြေးလျအသင်းနှင့် ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် နှစ်ပွဲကစားအပြီးတွင် ခြောက်မှတ်ရထားသော်လည်း ဩစတြေးလျအသင်းထက် ဂိုးကွာခြားချက် နည်းနေသောကြောင့် ယနေ့ပွဲတွင် အနိမ့်ဆုံး သရေကစားနိုင်မှသာ ခြေစစ်ပွဲအောင်ရန် ကျိန်းသေမည်ဖြစ်ပြီး ရှုံးနိမ့်ခဲ့ပါက အကောင်းဆုံး အုပ်စုဒုတိယနေရာအတွက် အခြားအသင်းများ၏ရလဒ်များကို စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် စင်ကာပူအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊

*စာမျက်နှာ ၄ ကော်လံ ၁* ◆

# ဧရာဝတီ၊ စစ်တောင်း၊ ငဝန်နှင့် တိုးမြစ်များ မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၂

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ နှစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့်စီ ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

*စာမျက်နှာ ၄ ကော်လံ ၅* ❄

## မြန်မာအမျိုးသမီးဖူဆယ်အသင်း ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစား

စာမျက်နှာ - ၁၂

## အင်းတော်ကြီးဒေသ၌ ဘက်ဟိုးယာဉ် ၃၈ စီးနှင့် တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

စာမျက်နှာ - ၁၃

